ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ စနေနေ့။ Saturday 25 August 2018 ၄၃၈၉

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို နီပေါနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ၏ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း နီပေါနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ကတ္တမန္ဒူမြို့၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့လည်း ချစ်ကြည်ရေးခရီးစဉ်နှင့် တစ်ဆက်တည်း တက်ရောက်မည်ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နိုးနှောဖလှယ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနိုးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နိုးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

နိုးနှောဖလှယ်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှု ကော်မတီဝင်များ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်နှင့် ကော်မတီတို့မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့နှင့် နည်းပညာရှင်အဖွဲ့တို့မှ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

## အခွန်ဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်အတွက် အခွန်ရရှိရေးတစ်ခုတည်းကို ရည်ရွယ်၍ ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြစ်

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၆



ကြေးမုံ

# ကြီးမားသော အခွင့်အလမ်းကောင်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ကုန်းတွင်းနယ်မြေတွင် အကြီးမားဆုံးဒေသဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေနှင့် သဘာ၀ အရင်းအမြစ်များ ပေါများကြွယ်၀သည့် နိုင်ငံဖြစ်သည်။ အသင့်အတင့် များပြားသော လူဦးရေနှင့် ငယ်ရွယ်သော လုပ်သားအင်အားစုများ အလုံအလောက်ရှိသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်၌ ရင်းနှီးမြှုပ်နှံမှုအကောင်းဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါ၀င်သည်ဟု ဆိုနိုင်သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများသည် မြန်မာနိုင်ငံကို စိတ်၀င်စားကြသည်။ စိတ်၀င်စားသည့် အကြောင်းအရာများတွင် ရခိုင်အရေးကိစ္စပြီးလျှင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စသည် ဦးစားပေးဖြစ်သည်။ မကြာသေးမီရက်ပိုင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် စင်ကာပူနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးသွားရောက်ခဲ့သည့် ခရီးစဉ်တွင် "တီထွင်ကြံဆမှု၊ လွတ်လပ်သော ကုန်သွယ်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ဒေသတွင်းချိတ်ဆက်မှုများနှင့်အတူ အာဆီယံစီးပွားရေး ပေါင်းစည်းမှုက မိမိတို့အတွက် ကြီးမားသော အခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မကြာသေးမီက မြန်မာနိုင်ငံစီးပွားရေးမြင့်တက်လာမှုသည် အာဆီယံနှင့် အခြားသော အရှေ့အာရှနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအခြေခံကောင်းများရှိသလို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသူများ၊ ရင်းနှီးမြှုပ်နှံရန် စောင့်ကြည့်လေ့လာ အကဲခတ်နေကြသောနိုင်ငံများ အမြောက်အမြားရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံများတွင် အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှု ပိုမိုများပြားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုအလေးထားသည်။ သို့သော် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်နှင့်သင့်မြတ်စွာ ပေါင်းစပ်နိုင်သော နိုင်ငံဖြစ်ဖို့လည်းလိုသည်။

မြန်မာနိုင်ငံသည် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် အကောင်းဆုံးဖြစ်စေမည့် စီးပွားရေးလုပ်ငန်း အလေ့အထများကိုမြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေများကို စနစ်တကျပြင်ဆင်ရေးဆွဲထားသည်။ လုပ်ငန်းကြန့်ကြာစေသည့် အဆင့်များကို ဖယ်ရှားရန်နှင့် အကောင်အထည်ဖော်နေသည့် လုပ်ငန်းများအား အရှိန်မြှင့်ရန် လုပ်ထုံးလုပ်နည်းများကို ပြေပြစ်သွက်လက်အောင် လုပ်ဆောင်ထားသည်။ ယမန်နှစ်က မြန်မာနိုင်ငံရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအထိ တိုးတက်လာသည်။

အရှေ့အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများမှာ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံကြပြီး ယင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ ထက်၀က်ကျော်မှာ စင်ကာပူနိုင်ငံဖြစ်သည်။ မကြာသေးမီရက်ပိုင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့သော စင်ကာပူနိုင်ငံခရီးစဉ်တွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ အသစ်လည်း လိုက်ပါခဲ့ပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ကော်မရှင်ဥက္ကဋ္ဌသစ်က လိုလိုလားလား လုပ်ဆောင်ပေးနိုင်ကြောင်းကို လုပ်ငန်းရှင်များအား အာမခံချက် ပေးရန်အသင့်ရှိပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးခဲ့သည်။

အဆိုပါသတင်းစကားသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြဆဲ နိုင်ငံများသာမက ရင်းနှီးမြှုပ်နှံရန် ယုံကြည်မျှော်လင့်ဆဲနိုင်ငံများအတွက်ပါ အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်စေသည်။ ပြီးခဲ့သည့် လပိုင်းအတွင်းမှာပင် အမေရိကန်ဒေါ်လာ သန်း ငါးရာခန့် တိုးချဲ့ရင်းနှီးမြှုပ်နှံလာပြီး နေ့စဉ်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်နေသည်ကိုတွေ့ရသည်။ အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေသော်ငြားလည်း မြန်မာနိုင်ငံ၏ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှာ အလားအလာကောင်းများရှိနေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရန် လွတ်လပ်သော ကုန်သွယ်မှု၊ တီထွင်ကြံဆလုပ်ကိုင်မှု၊ လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှု၊ ဒေသတွင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံနိုင်မှုများသည် ကြီးမားသော အခွင့်အလမ်းကောင်းများကို ဖြစ်ပေါ်စေခဲ့ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကိုယ်စားပြုလူငယ်များ ရသစာပေဆွေးနွေးဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကိုယ်စားပြုလူငယ်များ ရသစာပေဆွေးနွေးဝိုင်းကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးဝိုင်း ကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ Ch-9၊ Skynet Up to Date၊ MBizz၊ မြန်မာ့အသံရေဒီယိုနှင့် FM အစီအစဉ်များ၊ မြန်မာ့အသံတိုင်းရင်းသား အစီအစဉ်၊ MIR ရေဒီယို နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ Myanmar President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တွေ့ဆုံပွဲကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ Ch-9၊ Skynet Up to Date၊ MBizz၊ မြန်မာ့အသံရေဒီယိုနှင့် FMအစီအစဉ်များ၊ မြန်မာ့အသံ တိုင်းရင်းသားအစီအစဉ်၊ MIR ရေဒီယို နှင့် MOI Webportal Myanmar Facebook ၊ MRTV Facebook၊ Myanmar Digital News Facebook၊ Myanmar President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တွေ့ဆုံပွဲသို့ တက်ရောက်မည့် လုပ်ငန်းရှင်များအား အသိပေးခြင်း

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ ၁၅ မိနစ်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)မှ အလှူရှင်များ၊ အစိုးရနှင့် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များနှင့် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ကြားထားပြီး ဖြစ်သည်။

ဖိတ်ကြားထားသူများအနေဖြင့် လူဝင်ခွင့်နှင့် ယာဉ်ဝင်ခွင့်ကတ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ရုံးအမှတ်(၁) နေပြည်တော်တွင် ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီမှ ၂၇ ရက် မွန်းတည့် ၁၂ နာရီအထိ ထုတ်ပေးမည်ဖြစ်ပြီး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ ၀၆၇-၃၄၀၇၆၃၅၊ ၀၆၇-၃၄၀၇၀၂၆ နှင့် ၀၆၇-၃၄၀၇၇၄၆ တို့ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



## သာကေတတံတားသစ်(ဒေါပုံတံတား) ယနေ့ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ပုဇွန်တောင်ချောင်းအားဖြတ်သန်းကာ တည်ဆောက်နေသော ဂျပန်နည်းပညာသုံး ဒေါပုံတံတားသစ်တည်ဆောက်ရေးစီမံကိန်းရှိ သာကေတတံတားသစ်(ဒေါပုံတံတား)မှာ တံတားတည်ဆောက်မှုအလုံးစုံဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဩဂုတ် ၂၅ ရက် (ယနေ့)နံနက် ၇ နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲကျင်းပမည့်နံနက်ပိုင်းမှ နံနက် ၁၀ နာရီအထိ ယမုံနာလမ်းမကြီး မဟာဗန္ဓုလတံတားထိပ်မှစ၍ ပုဇွန်တောင်ဈေး၊ မင်္ဂလာဈေးနှင့် စက်ဆန်းအသွား၊အပြန် ယာဉ်ကြောများကို ယာယီပိတ်ထားမည်ဖြစ်ပြီး ချဉ်းကပ်လမ်းရှိ တံတားအသေးများ၊ ကားလမ်းခုံးကျော်တံတားနှင့် ရထားလမ်းခုံးကျော်တံတားများပါ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြတ်အောင်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၂၄**

ရန်ကုန်(ရွှေဈေး) ၉၅၉၀၀၀ - ၉၅၉၀၀၀ မန္တလေး(ရွှေဈေး) ၉၅၉၀၀၀ - ၉၅၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၄၀/၉၇၀ ကျပ်၊ | ၉၈၀/၁၀၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၆၀/၉၈၅ ကျပ်၊ | ၁၀၃၀/၁၀၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၁၀/၉၄၀ ကျပ်၊ | ၉၇၅/၁၀၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၅၀/၉၈၀ ကျပ်၊ | ၁၀၀၅/၁၀၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၅၀/၉၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၆၀/၉၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၂၅/၉၄၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၇. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၅. ၆၁၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄. ၈၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၄၅. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃. ၅၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၇. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၁. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၅




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)သို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**❂ ရှေ့ဖုံးမှ**

အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်နှင့်ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဆရာများသမဂ္ဂမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို စာမျက်နှာ(၄)တွင် ဖော်ပြထားပါသည်)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**စာတမ်းများ ဖတ်ကြားတင်သွင်း**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဦးဆောင်၍ ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ) ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက အဆင့်မြင့်ပညာရေးမြှင့်တင်ရေးနှင့် ပါမောက္ခချုပ်များကော်မတီ၏ အခန်းကဏ္ဍစာတမ်းကို လည်းကောင်း၊ Professor Liviu Matei နှင့် Dr. Michael Marett- Crosby တို့က International Collaboration, master plans and higher education- the example of the University of Yangon စာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်နှင့် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

**ဆွေးနွေး**

ယင်းနောက် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဥမ္မာကျော်က အမျိုးသားပညာရေးဥပဒေနှင့် အဆင့်မြင့်ပညာကျောင်းများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုစာတမ်းကို ဖတ်ကြားတင်သွင်းရာ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်နှင့် နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဒေါက်တာသိဂီတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

ထို့နောက် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက ဒေသအလုပ်အကိုင်လိုအပ်မှုနှင့် လိုက်လျောညီထွေဖြစ်သည့် ပညာရပ်ဆိုင်ရာ သင်တန်းများနှင့် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းမြင့်မားရေးစာတမ်းကို ဖတ်ကြားတင်သွင်းရာ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်နှင့် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးတို့က သဘာပတိအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်၍ ဆွေးနွေးကြသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန(ဆရာအတတ်ပညာ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီက ပညာရေးကောလိပ်များကို ပညာရေးဒီဂရီကောလိပ်များအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေစာတမ်းကို ဖတ်ကြားတင်သွင်းရာ ပညာရေးတက္ကသိုလ်(စစ်ကိုင်း)ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဆင့်မြင့်ပညာဦးစီးဌာန (ဆရာအတတ်ပညာ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းနှင့် ပညာရေးကောလိပ်(သယ်န်းကျွန်း)မှ ကျောင်းအုပ်ကြီး ဒေါက်တာခင်သူဇာစောက သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

**သင်ကြားသင်ယူမှုအခွင့်အလမ်းများ ရရှိရေး**

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက အဆင့်မြင့်ပညာကဏ္ဍတွင် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုအခွင့်အလမ်းများရရှိရေးအတွက် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်သည့်ဦးရေတိုးမြှင့်လာရေးဆောင်ရွက်ချက်များစာတမ်းကို ဖတ်ကြားတင်သွင်းရာ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်လွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး နည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းနှင့် မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ကို ဩဂုတ် ၂၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် ဝက်စ်မင်းစတားဒီမိုကရေစီဖောင်ဒေးရှင်းမှ အထက်တန်းအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်သည် လန်ဒန်မြို့ ဝက်စ်မင်းစတား ဒီမိုကရေစီဖောင်ဒေးရှင်း(WFD)မှ အထက်တန်းအကြံပေးပုဂ္ဂိုလ် မစ္စတာ ဖရန်ကလင်ဒီဗရီးနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကမ္ဘာ့နိုင်ငံများစွာ၌ လွတ်လပ်သော စောင့်ကြည့်ထိန်းကျောင်းရေး အင်စတီကျူးရှင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီများ၏ အခန်းကဏ္ဍများ၊ လုပ်ပိုင်ခွင့်များ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် လည်းကောင်း၊ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါက်တာသိမ်းကျော်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပညာတတ်လူငယ်တွေ မွေးထုတ်ဖို့ဆိုတာ၊ အခုအဆင့်မြင့်ပညာရေးစနစ်ရဲ့ အကြီးဆုံးစိန်ခေါ်မှုကို အောင်အောင်မြင်မြင်ကျော်လွှားဖို့ဆိုတာ အားလုံးမှာ တာဝန်ရှိပါတယ်

နေပြည်တော် ဩဂုတ် ၂၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-2)၌ ကျင်းပသည့် ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

“ဒီနေ့ ဆွေးနွေးမယ့်ကိစ္စတွေက ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးတယ်ဆိုတာ ထွေထွေထူးထူး ပြောဖို့မလိုဘူးထင်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍဆိုပေမယ့် ကျွန်မတို့ အခက်အခဲရှိတာက ဘာလဲဆိုတော့ မူလတန်းကနေ ပညာဆိုတာ စရတာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ မူလတန်းကတည်းက ပညာရေးစနစ် အားနည်းတဲ့အခါကျတော့ အဆင့်မြင့်ရောက်တော့မှ ကျွန်မတို့ရဲ့လူငယ်တွေကို အဆင့်မြင့်အောင် လုပ်ပေးဖို့ဆိုတာပိုပြီးတော့ ခက်ခဲပါတယ်။ ဒါကြောင့် အဆင့်မြင့်ကဏ္ဍမှာ ရုန်းကန်ရတဲ့ ဆရာ ဆရာမများ၊ ပညာရေးဝန်ကြီးဌာနအပါအဝင် အခက်အခဲတွေရှိတယ်ဆိုရင် ကျွန်မတို့ရဲ့ ကျောင်းသား ကျောင်းသူတွေအတွက်လည်း အခက်အခဲရှိပါတယ်။ အခြေခံက မကောင်းခဲ့တော့ မကောင်းခဲ့တဲ့ အခြေခံကို ကျော်လွှားပြီးတော့ ဘယ်လိုလုပ်ပြီး ကောင်းတဲ့နိဂုံးကို ရောက်မလဲဆိုတာကို စဉ်းစားဖို့ပဲဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာပါဝင်နေတဲ့ ပုဂ္ဂိုလ်များအားလုံးရဲ့ တာဝန်ဟာ အင်မတန်မှကြီးပါတယ်။

**ယုံကြည်ချက်ရှိဖို့လို**

“ပညာရေးအောင်မြင်ဖို့ဆိုရင် အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက် ရှိရမယ်။ ကျွန်မတို့ လူငယ်တွေစိတ်ထဲမှာ ရှိရမယ်။ လူငယ်တွေထဲမှာ ယုံကြည်ချက်ရှိဖို့ဆိုတာဟာ သွန်သင်ဆုံးမတဲ့ မိဘများနဲ့ ဆရာ ဆရာမများဟာလည်း ဒီယုံကြည်ချက်ရှိရမယ်။ အောင်နိုင် နိုင်တဲ့လူငယ်တွေဖြစ်လို့ အောင်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိဖို့လိုပါတယ်။

“လူ့အသိုင်းအဝိုင်းတစ်ခု တိုးတက်ဖို့အတွက် ဘယ်လို ပညာတွေလိုသလဲဆိုတာ ကျွန်မတို့ စဉ်းစားဖို့ အများကြီးလိုပါတယ်။ ကိုယ့်နိုင်ငံရဲ့အားနည်းချက်တွေကို ပြန်ကြည့်ရမယ်။ နောက်ပြီး ကိုယ့်နိုင်ငံရဲ့ အားသာချက်တွေကိုလည်း ကြည့်ရမယ်။ ပညာရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ နိုင်ငံရဲ့ အားသာချက်၊ ကျွန်မတို့ယဉ်ကျေးမှုရဲ့ အားသာချက်ဆိုတာ သမိုင်းအစလောက်ကတည်းက ကျွန်မတို့ရဲ့ လူမှုအသိုင်းအဝိုင်းမှာ ပညာကို အင်မတန်မှ တန်ဖိုးထားခဲ့ပါတယ်။ ပညာရှိရင် ပွဲလယ်တင် စသဖြင့် ပညာကို ကျွန်မတို့ အထူးတန်ဖိုးထားတယ်။ ပညာဆိုတာဟာ အတန်းထဲမှာသင်တဲ့ ပညာတင်မဟုတ်ပါဘူးဆိုတာလည်း ကျွန်မတို့အားလုံးနားလည်ဖို့လိုတယ်။ ကျွန်မတို့ ကလေးတွေနားလည်ဖို့လည်း လိုပါတယ်။

**အကြီးမားဆုံးစိန်ခေါ်မှု**

“အခုလက်ရှိ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေက မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းမှာ ပြည့်ပြည့်ဝဝ ပညာကိုအဆင့်မီမီ မသင်ခဲ့ရတဲ့ကလေးတွေကို တက္ကသိုလ်ရောက်တဲ့အခါ ဘယ်လိုအဆင့်မီသွားအောင် လုပ်မလဲဆိုတော့ ဒါဟာ ကျွန်မတို့နိုင်ငံအတွက် အကြီးမားဆုံးစိန်ခေါ်မှုကြီးပါပဲ။ အခုခေတ်မှာ ခေတ်စားနေတဲ့ စကားလုံးဖြစ်တဲ့ ကျော်လွှားပြီးသွားနိုင်တဲ့နည်းတွေကို ရှာရမယ်ဆိုပြီးတော့ ပြောကြတယ်။ ကျွန်မ တစ်ခါတလေ စဉ်းစားတယ်၊ အရှေ့မှာရှိတဲ့ ခလုတ်ကန်သင်းကို ခုန်ပြီးတော့ ကျော်လွှားသွားတယ်ဆိုတာက တခြားသူတွေသွားခဲ့တဲ့ လမ်းပုံစံအတိုင်းပဲ သွားနေတယ်ဆိုတဲ့ အထင်တွေအပေါ်မှာများ အခြေခံနေလား ဆိုပြီးတော့ စဉ်းစားမိပါတယ်။ ဒါကြောင့် ကျွန်မတို့က ဒီလို ခုန်ပျံကျော်လွှားတာထက် ကိုယ့်လမ်းကို၊ ကိုယ့်ရဲ့ သင့်တော်တဲ့လမ်းကိုရှာပြီး ဒီလမ်းကိုဖောက်ပြီးတော့၊ ပြုပြင်ပြီးတော့သွားဖို့ မကောင်းဘူးလားဆိုတာ ကျွန်မတို့ စဉ်းစားဖို့ကိစ္စဖြစ်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါ တခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေ၊ အောင်မြင်မှုတွေနဲ့ ရှုံးနိမ့်မှုတွေကို ကြည့်ပြီး သင်ခန်းစာယူနိုင်ပါတယ်။ သင်ခန်းစာယူတာနဲ့ အတုခိုးတာမတူပါဘူး။ သင်ခန်းစာယူတယ်ဆိုတာ သူများတွေရဲ့ အဖြစ်အပျက်တွေကို ကြည့်ပြီးတော့ ဒီအဖြစ်အပျက်တွေအပေါ်မှာ အခြေခံပြီး ကိုယ့်အခြေအနေကို အကောင်းဆုံး ဘယ်လိုဖြစ်အောင်လုပ်မလဲဆိုတာ ဒါသင်ခန်းစာယူတာပါ။ အတုခိုးတယ်ဆိုတာ တစ်ခါတလေ ကိုယ့်ရဲ့အခြေအနေနဲ့ သင့်တော်သလား၊ မသင့်တော်သလား မစဉ်းစားဘဲနဲ့ သူတို့ဒီလိုလုပ်လို့ သူတို့နိုင်ငံ ချမ်းသာတာ၊ တို့လည်း ဒီလိုလုပ်မယ်ဆိုတာ အဲဒါမဖြစ်နိုင်ပါဘူး။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခြေအနေ မတူပါဘူး။ တစ်နိုင်ငံတိုးတက်တဲ့ အချိန်ကာလနဲ့ နောက်တစ်နိုင်ငံ တိုးတက်တဲ့အချိန်ကာလဟာ မတူပါဘူး။ ကျွန်မတို့နိုင်ငံ တိုးတက်ဖို့ စိုးပြင်းနေတဲ့ အချိန်ကာလဟာ ကျွန်မတို့ ဒေသအတွင်းက ၁၉၈၀ ကျော်နှစ်တွေမှာ တိုးတက်ခဲ့တဲ့၊ အောင်မြင်ခဲ့တဲ့နိုင်ငံတွေ ရင်ဆိုင်ရတဲ့ပြဿနာတွေနဲ့ မတူပါဘူး။ ဒါကြောင့် ကျွန်မတို့ဟာ ကိုယ့်နိုင်ငံနဲ့ ကိုက်ညီတဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။**

**အားပေးစေချင်**

“အခုဆိုရင် ကျွန်မတို့ရှေ့ရောက်နေတာက ကျောင်းမှာရှိတဲ့ ကလေးတွေ၊ မူလတန်းကျောင်း ကလေးတွေနဲ့ အလယ်တန်းကျောင်းကလေးတွေရဲ့ စိတ်ထားအင်မတန်မှ အားတက်စရာ ရှိပါတယ်။ သူတို့ကိုယ်သူတို့ ယုံကြည်မှုရှိတယ်။ သူတို့ သင်ချင်တဲ့စိတ်ရှိတယ်။ သွက်လက်တယ်၊ ဖျတ်လတ်တယ်၊ ထက်မြက်တယ်။ အထက်တန်းကျတော့ ဘယ်လိုရှိသလဲဆိုတာ ဆရာ ဆရာမတွေ ပိုပြီးတော့ သိမှာပါ။ တက္ကသိုလ်ရောက်တဲ့အခါ ဘယ်လိုရှိသလဲ။ သင်ယူချင်တဲ့ စိတ်တွေရှိရဲ့လားဆိုတာ အရေးကြီးဆုံးပါပဲ။ လူတွေက ကောင်းတယ်၊ ဆိုးတယ်၊ ထက်တယ်၊ တုံးတယ် ကျွန်မခွဲခြားပြီးမမြင်ပါဘူး။ သင်လို့ရတဲ့ပုဂ္ဂိုလ်နဲ့ သင်လို့မရတဲ့ပုဂ္ဂိုလ်တွေဆိုတာ အသက်အရွယ်နဲ့လည်း မဆိုင်ပါဘူး။ အချို့တွေက အသက် ၉၀ ကျော်ပေမယ့် သင်လို့ရပါသေးတယ်။ အချို့တွေက ငယ်ငယ်လေးနဲ့ သင်လို့မရပါဘူး။ သင်လို့ရတဲ့စိတ်နဲ့ သင်လို့မရတဲ့ စိတ်ကြားမှာ ဘာကွာခြားသလဲဆိုတော့ ကိုယ့်ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုက အင်မတန်မှ အရေးပါတယ်။ ငယ်ငယ်ကတည်းက သင်ချင်တဲ့စိတ်ကို ပြုစုပျိုးထောင်ခြင်းခံရတဲ့ကလေးတွေဟာ အသစ်လည်း သင်ချင်တဲ့စိတ်တွေ ရှိလာတယ်။ ငယ်ငယ်ကတည်းက သင်ချင်တဲ့စိတ်ကို အားပေးတာမဟုတ်ဘဲနဲ့ စူးစမ်းချင်တာ၊ မေးမြန်းချင်တာ၊ သိချင်တာတွေကို စပ်စုရကောင်းလား၊ အပိုတွေမေးရကောင်းလားဆိုပြီးတော့ အဲဒီလို တုံ့ပြန်မှုတွေနဲ့ ကြုံခဲ့ရတဲ့ ကလေးတွေဟာ ခပ်မြန်မြန် သိချင်၊ တတ်ချင်၊ ထိုးဖောက်ချင်တဲ့စိတ်တွေ တုံးသွားတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ အဆင့်မြင့်ပညာရေးတိုးတက်ဖို့ဆိုရင် သင်ချင်တဲ့စိတ်ကို အားပေးစေချင်ပါတယ်။

**အရည်အချင်းတွေကို အပြည့်အဝသုံး**

“နောက်ပြီး ရှုံးနိမ့်ဖို့ကို မကြောက်ပါနဲ့။ ရှုံးနိမ့်တယ်ဆိုတာ ကျွန်မတို့နိုင်ငံမှာ ဘယ်လိုဖြစ်နေလဲဆိုတော့ အထူးသဖြင့် စာမေးပွဲစနစ်ကြောင့်မို့ ရှုံးနိမ့်တယ်ဆိုတာ သူများနဲ့ယှဉ်ပြီး ကိုယ့်ကိုမြင်ကြတဲ့ဟာမျိုး။ သူ့ထက် အမှတ်နည်းလို့ရှိရင် ကိုယ်ကရှုံးတယ်၊ သူကနိုင်တယ်ပေါ့။ ဒီလို မဟုတ်ဘဲနဲ့ ကိုယ့်ရဲ့အရည်အချင်းနဲ့ပဲ ကိုယ်ပြန်ပြိုင်ပါ ဆိုတာ ကျွန်မ ခဏခဏပြောပါတယ်။ ကိုယ့်မှာရှိတဲ့ အရည်အချင်း၊ ကိုယ်ထုတ်နိုင်တဲ့စွမ်းရည် အဲဒါတွေနဲ့ပဲ ကိုယ်ပြန်ပြိုင်ပါ။ ကိုယ့်မှာရှိသလောက် အရည်အချင်းတွေကို အပြည့်အဝသုံးကြပါ။ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင်လုပ်ကြပါ။ ကိုယ်နဲ့ပဲကိုယ်ပြိုင်တာဟာ အကောင်းဆုံးပါပဲ။ ဘေးကလူတွေနဲ့ပြိုင်နေတာဟာ ကိုယ့်ရဲ့ အရည်အချင်းတွေကိုလည်း မေ့တတ်တယ်။ ဘေးကလူတွေကိုပဲ ကြည့်ပြီး သူဘယ်လိုဖြစ်လို့ရှိရင် တို့လည်းဒီလိုဖြစ်ရမယ်။ သူဒီလောက်ရရင် တို့လည်းဒီလိုရရမယ်။ အဲဒီလို စိတ်တွေကို အားမပေးပါနဲ့။ အဲဒီလိုဟာက တစ်ယောက်နဲ့ တစ်ယောက် မနာလိုတဲ့စိတ်တွေကို အားပေးရာရောက်ပါတယ်။ ဒါဟာ လူ့အသိုင်းအဝိုင်းတစ်ခုအတွက် အားနည်းချက်တစ်ခုပါပဲ။ တစ်ဦးနဲ့တစ်ဦး မနာလိုတဲ့စိတ်တွေ ရှိနေရင် တစ်ယောက်ရဲ့ အောင်မြင်မှုတွေကို မုဒိတာမပွားနိုင်ရင် လူ့အသိုင်းအဝိုင်းအပေါ်မှာ သက်ရောက်မှုတွေအများကြီး ရှိပါတယ်။

“အဆင့်မြင့်ပညာနဲ့ပတ်သက်ပြီး၊ ပညာရေးနဲ့ ပတ်သက်ပြီး လူကြီးလူငယ် မခွဲခြားဘဲ မြင်စေချင်ပါတယ်။ တက္ကသိုလ်ကျောင်းတက်နေမှလည်း မဟုတ်ဘူး။ အဆင့်မြင့်ပညာဆိုတာ ဆည်းပူးလို့ကုန်နိုင်တဲ့ပညာမျိုး မဟုတ်ဘူးဆိုတာ သတိပေးချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဘယ်ဘက်မှာ စွမ်းအားတွေ လိုနေသလဲဆိုတော့ အဓိကလိုနေတဲ့ နေရာတစ်ခုကတော့ အမှန်ပြောရရင် နိုင်ငံ့ဝန်ထမ်းတွေပါပဲ။ နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နှစ်ပေါင်းများစွာ အရင်တုန်းက ပညာရေးစနစ်ကနေ ဖြတ်ကျော်ခဲ့ပြီးတော့ အခု နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်နေတဲ့ အဆင့်ကို ရောက်လာပြီ။ နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်နေတဲ့အဆင့်ကို ရောက်တဲ့အခါ ပြီးပြည့်စုံမှုရှိရဲ့လားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသုံးသပ်တဲ့ဝန်ထမ်းတွေလည်း ရှိလာလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ အဲဒီလို သုံးသပ်ဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီလိုသုံးသပ်မှလည်း ကိုယ့်ကိုယ်ကိုယ် ဆက်ပြီးပြုပြင်နိုင်မှာပါ။ အဆင့်မြင့်ပညာရေးစနစ်ဆိုတာဟာ ကျောင်းမှာ နေတဲ့ ကျောင်းသားတွေသာမဟုတ်၊ တက္ကသိုလ်တွေမှာ ရှိနေတဲ့ ကျောင်းသား ကျောင်းသူတွေသာမဟုတ်၊ နိုင်ငံမှာရှိနေတဲ့ ပြည်သူအားလုံးကို ဦးတည်ပြီးတော့ စဉ်းစားပြီးတော့ အကောင်အထည်ဖော်ပေးစေချင်ပါတယ်။

**ခိုင်ခိုင်မာမာ အုတ်မြစ်ချပေး**

“အခု ပညာရေးစနစ်နဲ့ပတ်သက်ပြီး ပိုပြီးတော့ သုံးစွဲလာတာတွေ ရှိပါတယ်။ ပိုပြီးသုံးစွဲလာတာထက် မှန်မှန်ကန်ကန်သုံးစွဲတာက ပိုပြီးအရေးကြီးပါတယ်။ ရှိတဲ့ပိုက်ဆံကို ကျွန်မတို့နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုသုံးစွဲရမလဲဆိုတာ စဉ်းစားဖို့ အင်မတန် အရေးကြီးပါတယ်။ အခြေခံကောင်းမှ၊ အစကောင်းမှ အနှောင်းသေချာမယ်ဆိုတာ အခြေခံကောင်းဖို့လိုပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးစနစ်အရ ကျွန်မတို့ရဲ့ စံနှုန်းစံထားတွေအရဆိုရင် တက္ကသိုလ် ဆရာ ဆရာမတွေကို မူလတန်း ဆရာ ဆရာမတွေထက် အများကြီးအထင်ကြီးကြတယ်။ ဒီဟာလည်း မှန်တယ်လို့ မယူဆပါဘူး။ မူလတန်းကျောင်းမှာ တော်တဲ့ ဆရာ ဆရာမတွေဟာ ကလေးတွေရဲ့ အနာဂတ်ကို ကောင်းကောင်း ခိုင်ခိုင်မာမာ အုတ်မြစ်ချပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ ဒီအုတ်မြစ်အပေါ်မှာ ဆက်ပြီးတော့ မူလတန်းကျောင်း၊ အထက်တန်းကျောင်း၊ တက္ကသိုလ်ကနေပြီးတော့ အဆောက်အအုံမျိုးတွေကို ဆောက်ပေးရတာပါ။ အဆင့်မြင့်ပညာကဏ္ဍမှာ ပါဝင်နေတဲ့ ပညာရေးဝန်ထမ်းများ၊ ပညာရေးနဲ့ပတ်သက်တဲ့ စိတ်ဝင်စားကြတဲ့ပြည်သူပြည်သားတွေဟာ မူလတန်းနဲ့ အဆင့်မြင့်ကို ခွဲခြားပြီးမမြင်စေချင်ပါဘူး။ တစ်ဆက်တည်းအဖြစ် မြင်စေချင်ပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတဲ့ ဖြစ်စဉ်တစ်ခုအနေနဲ့ မြင်စေချင်ပါတယ်။

“ပွင့်ပွင့်လင်းလင်းပြောရရင် ဆရာ ဆရာမတွေ ကိုယ်တိုင်ကိုက အားနည်းတဲ့ ပညာရေးစနစ်ကနေ ပေါက်ဖွားလာခဲ့ကြတာများပါတယ်။ ဒါပေမယ့် နောက်မကျသေးပါဘူး။ ကိုယ့်အရည်အချင်းတွေကို မြှင့်တင်နိုင်ခွင့်ဆိုတာ တစ်ချိန်လုံးရှိနေပါတယ်။ အဲဒီတော့ လေ့လာကြပါ၊ မြှင့်တင်ဖို့ ကြိုးစားကြပါ၊ ကိုယ့်အရည်အချင်းကို မြှင့်တင်ခြင်းအားဖြင့် ကိုယ့်နိုင်ငံရဲ့အရည်အချင်းကို မြှင့်တင်ပေးတယ်ဆိုတဲ့စိတ်နဲ့ ဂုဏ်ယူကြပါ။ ဒါကို အင်မတန် အားပေးချင်ပါတယ်။ နောက်ဆုံးကျတော့ စိတ်ဓာတ်ပါပဲ။ ကျွန်မတို့ ဆရာ ဆရာမတွေရဲ့ စိတ်ဓာတ်၊ ကျောင်းသား ကျောင်းသူတွေရဲ့ စိတ်ဓာတ်က မှန်ကန်တယ်ဆိုရင် အောင်မြင်မှာ သေချာပါတယ်။ အောင်မြင်တယ်ဆိုတဲ့ ယုံကြည်ချက်လည်း ရှိစေချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းတိုင်ပင်ပြီး သင်ယူသွားမယ်ဆိုရင် မလွဲမသွေ အောင်မြင်မှာပါ။ ကူညီမယ့်မိတ်ဆွေတွေ ကမ္ဘာတစ်ဝန်းမှာ ရှိပါတယ်။ နောက်ဆုံးတော့ မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကူညီတာလောက် ပြင်ပက ကူညီတာဟာ ဘာမှမထိရောက်နိုင်ပါဘူး။ **စာမျက်နှာ ၅ သို့ »»**

> **“ပညာရေးအောင်မြင်ဖို့ဆိုရင် အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက် ရှိရမယ်။ ကျွန်မတို့ လူငယ်တွေစိတ်ထဲမှာ ရှိရမယ်။ လူငယ်တွေထဲမှာ ယုံကြည်ချက်ရှိဖို့ဆိုတာဟာ သွန်သင်ဆုံးမတဲ့ မိဘများနဲ့ ဆရာ ဆရာမများ ဟာလည်း ဒီယုံကြည်ချက်ရှိရမယ်။ အောင်နိုင် နိုင်တဲ့လူငယ်တွေဖြစ်လို့ အောင်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိဖို့လိုပါတယ်”**

»» စာမျက်နှာ ၄ မှ

အဲဒါကြောင့် တစ်ကမ္ဘာလုံးနဲ့ လက်တွဲပြီးလုပ်တဲ့အခါ မိတ်ဆွေသဖွယ်၊ လုပ်ဖော်ကိုင်ဖက်တွေသဖွယ် ညီညီညာညာ ခင်ခင်မင်မင်နဲ့လုပ်သွားတယ်ဆိုရင် နောက်ဆုံးကျတော့ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမှာ ဖြစ်ပါတယ်။

**“ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို ကြည့်လိုက်တဲ့အခါ ကျွန်မအားအရဆုံး ကိစ္စတွေထဲမှာ ပညာရေးတိုးတက်မှုပဲဖြစ်ပါတယ်။ တချို့က ဒါကို သတိထားမိချင်မှ သတိထားမိကြပါမယ်။ ကျွန်မ သတိထားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကျောင်းရဲ့ကလေးတွေဟာ စိတ်အားထက်သန်မှုမှာ ပိုပြီးတော့ မိမိကိုယ်ကို ယုံကြည်မှု အဲဒါတွေကို ကျွန်မတွေ့ရတယ်။ ဒါတွေကို ကျွန်မတို့ ပြုစုပျိုးထောင်ရမယ်။ ကလေးတွေ အောင်မြင်စေချင်လို့ရှိရင် ငါတို့ဟာ အောင်မြင်နိုင်တဲ့သူတွေဖြစ်တယ်ဆိုတဲ့ ယုံကြည်မှု ငယ်ငယ်ကတည်းကနေ ကလေးတွေရဲ့နှလုံးသားမှာ စွဲသွားအောင်လုပ်ပေးဖို့ဖြစ်ပါတယ်”**

### သုတေသနကို ဦးစားပေးချင်

“အဆင့်မြင့်ပညာမှာ အရေးကြီးတာက သုတေသနပါပဲ။ သုတေသနလုပ်တယ်ဆိုတာဟာ သုတေသနလုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ အသစ်အဆန်းလမ်းတွေဖွင့်ပေးဖို့ပဲ ဖြစ်ပါတယ်။ သုတေသနဆိုတာ အဆုံးမဟုတ်ပါဘူး။ အသစ်အဆန်းတွေအတွက် အစပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ သုတေသနကို အားပေးဖို့ဆိုပြီး ပညာရေးမူဝါဒထဲမှာ ထည့်ထားပါတယ်။ နှစ်ပေါင်းများစွာ သုတေသနကို လျစ်လျူရှုခဲ့တဲ့အခါ ပြည်သူပြည်သားတွေရဲ့ မွေးရာပါထွင်ဉာဏ်တွေက တုံးသွားပါတယ်။ ဒါကြောင့် သုတေသနကို ဦးစားပေးချင်တယ်။ အဲဒီလို ဦးစားပေးတဲ့အခါ ကျွန်မတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ဘာသာရပ်တွေနဲ့၊ ကိုက်ညီတဲ့ကိစ္စရပ်တွေကို အထူးအလေးပေးပြီး သုတေသနလုပ်ပေးစေချင်ပါတယ်။ ဒါမှလည်း ကျွန်မတို့ လက်တွေ့ကျကျတိုးတက်မယ်။ ကိုယ့်နိုင်ငံရဲ့ အခြေအနေကို တိုးတက်အောင်လုပ်ပေးနိုင်မယ်။ ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး ကျွန်မတို့ ပညာရေးလောကကြီးမှာ ထွန်းပေါက်နိုင်မှာ ဖြစ်ပါတယ်။ သုတေသနလုပ်တယ်ဆိုတာ သုတေသနလုပ်ဖို့အတွက် အထောက်အကူပစ္စည်းတွေ အများကြီးလိုတယ်ဆိုတာ ထူးထူးထွေထွေ ပြောဖို့မလိုပါဘူး။ ဒီအချိန်မှာ၊ ဒီကိစ္စမှာ ပုဂ္ဂလိကစီးပွားရေးပိုင်းကလည်း ပါဝင်ပတ်သက်နိုင်တယ်ဆိုတာ သတိပေးချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာဆိုရင် သုတေသနနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက ပံ့ပိုးတာတွေ အများကြီးရှိပါတယ်။ ဒီလိုပဲ ပံ့ပိုးမှုတွေရအောင်လုပ်ရမယ်။ ကျွန်မတို့ နိုင်ငံအနာဂတ်အတွက် ရှန်းကန်တဲ့အလေ့အကျင့်ကို အုတ်မြစ်ချပေးရမယ်။ ဒါလည်း အဆင့်မြင့်ပညာအတွက် အရေးကြီးတဲ့ကိစ္စရပ်တစ်ခုဖြစ်တယ်။ သုတေသနနဲ့ပတ်သက်ပြီး ပြောရရင် စာကြည့်တိုက်တွေအကြောင်း ပြောရမှာဖြစ်တယ်။

### စာအုပ်ဆိုင်တွေ ရှိသင့်သလောက်မရှိ

“ကျွန်မတို့နိုင်ငံမှာ စာကြည့်တိုက်တွေ ခေါင်းပါးနေတဲ့ခေတ်ကြီးကနေ အခုမှစပြီး ထွက်လာတာပါ။ စာကြည့်တိုက်တွေ ခေါင်းပါးတယ်။ စာအုပ်ဆိုင်တွေ ခေါင်းပါးတယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေဟာ ထုံးတမ်းအစဉ်အလာအရ၊ ကျွန်မတို့ ယဉ်ကျေးမှုအရ စာပေအင်မတန်မြတ်နိုးပါတယ်။ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုထဲမှာကို လမ်းဘေးစာအုပ်ဆိုင်တွေသွားပြီး လေ့လာတာဟာ အင်မတန်မှ အရေးကြီးတဲ့ စိတ်အပန်းဖြေစရာအလုပ်တစ်ခုလို ဖြစ်နေပါတယ်။ အခုနောက်ပိုင်း ဒါတွေဟာ တဖြည်းဖြည်းတိမ်ကောသွားတယ်။ စာအုပ်ဆိုင်တွေ ရှိသင့်သလောက်မရှိဘူး။ နိုင်ငံခြားခရီးထွက်ရင် နိုင်ငံတစ်နိုင်ငံရဲ့တိုးတက်မှုကို ကျွန်မသိထားတဲ့ အချက်အလက်တွေနဲ့ယှဉ်ပြီးတော့ သိပ်မကြည့်ဘူး။ အဲဒီနိုင်ငံမှာ စာအုပ်ဆိုင်တွေ ဘယ်လောက်များသလဲ၊ ဘယ်လောက်လွယ်လွယ်နဲ့ ကိုယ်လိုချင်တဲ့စာအုပ်တွေ ဝယ်လို့ရသလဲဆိုတာကို အမြဲကြည့်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဆင်းရဲတာနဲ့ ချမ်းသာတာ မတူပါဘူး။ ဆင်းရဲတယ်လို့ထင်ရတဲ့ နိုင်ငံတွေမှာ စာအုပ်ဝယ်တဲ့နေရာမှာ အင်မတန်လွယ်ပါတယ်။ ဘယ်နေရာမှာမဆို စာအုပ်ဆိုင်တွေရှိတယ်။ ဘယ်နေရာမှာမဆို မထင်မှတ်ဘဲ စာအုပ်တွေရောင်းနေတာတွေ့ရတယ်။ အဲဒါဆိုရင် ဒီနိုင်ငံတွေဟာ တကယ်ပဲ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေပဲ၊ ဒီနိုင်ငံတွေရဲ့အလားအလာဟာ အင်မတန်မှ ကောင်းနေတယ်လို့ ကျွန်မသတ်မှတ်တယ်။

### အသက်မွေးဝမ်းကျောင်းပညာကို အလေးထား

“အဆင့်မြင့်ပညာသင်တဲ့အခါ စာဖတ်ချင်ဖို့၊ စာဖတ်တတ်ဖို့ အားပေးပါဆိုတာကို အမြဲတိုက်တွန်းတာ ဖြစ်ပါတယ်။ အဆင့်မြင့်ပညာရေးနဲ့ဆိုင်တဲ့ ဌာနတွေဟာ ပိုပြီးတော့ ကိုယ့်ဟာကို လွတ်လွတ်လပ်လပ် ကိုယ့်ရဲ့သဘောအရ၊ ကိုယ့်ရဲ့ယုံကြည်ချက်အရ ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်ဖို့ စဉ်းစားထားတာရှိပါတယ်။ အဲဒီလိုစဉ်းစားတဲ့နေရာမှာ တက္ကသိုလ်များနဲ့တန်းတူ အဆင့်မြင့်ပညာရေးစနစ်မှာ အသက်မွေးဝမ်းကျောင်းပညာ ကျောင်းတွေကို တန်ဖိုးထားစေချင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေဟာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှလိုအပ်တယ်။ အင်မတန်တန်ဖိုးရှိပါတယ်။ ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်ဆုံး နိုင်ငံအချို့ဟာ အသက်မွေးဝမ်းကျောင်းပညာကို အင်မတန်အလေးထားပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ အားသာချက်က ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ အသက်မွေးဝမ်းကျောင်းပညာဘက်ကို ကျွန်မတို့ ပြည်သူပြည်သားများ၊ ကျောင်းသား ကျောင်းသူတွေတင်မက ကျောင်းသား ကျောင်းသူ မိဘတွေဟာ အဲဒီဘက်ကိုလှည့်လာပြီး အသက်မွေးဝမ်းကျောင်းပညာရဲ့တန်ဖိုးကို သိလာတာဟာ ကျွန်မတို့နိုင်ငံအတွက် အင်အားကြီးတစ်ခုပါပဲ။ ဒီအပေါ်မှာ ကျွန်မတို့ ဆောက်တည်ဖို့လိုပါတယ်။

“အာရှတိုက် နိုင်ငံတော်တော်များများမှာ အသက်မွေးဝမ်းကျောင်းပညာကို တက္ကသိုလ်ပညာနဲ့စာရင် အဆင့်နိမ့်တယ်၊ ဒုတိယတန်းဆိုပြီး မြင်တာတွေရှိတာကြောင့် တကယ်တော့ မိမိနိုင်ငံရဲ့လိုအပ်ချက်နဲ့ ပညာရေးစနစ်က မွေးထုတ်လိုက်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ မကိုက်ညီမှုဖြစ်နေပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီလို စိတ်ဓာတ်တွေ အင်မတန်နည်းပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကို ပိုပြီးတော့ တန်ဖိုးထားတာ၊ အလေးထားတာ တွေ့ရပါတယ်။ အင်မတန် အားတက်ပါတယ်။ ဒါကို ဆက်ပြီးတော့ ပညာရေးဝန်ကြီးဌာနက အားပေးရုံတင်မက ပုဂ္ဂလိကဘက်ကလည်း ကူညီစေချင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေကို ပုဂ္ဂလိကဘက်က ပိုပြီးတော့စိတ်ဝင်စားစွာနဲ့ အားပေးတာ၊ တည်ထောင်တာကို ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

### အားလုံးပူးပေါင်းဆောင်ရွက်ဖို့လို

“အဝေးသင်ပညာရေးစနစ်နဲ့ပတ်သက်လို့ ရှင်းလင်းစရာတစ်ခု ဖြစ်လာပါတယ်။ နှစ်ပေါင်းများစွာ ကျွန်မတို့နိုင်ငံရဲ့ အဝေးသင်ပညာရေးစနစ်ဆိုတာ အလွယ်တကူဘွဲ့ရရေးစနစ် ဖြစ်ခဲ့ပါတယ်။ အလွယ်တကူရတဲ့ဘွဲ့ဆိုတာ ခက်ခက်ခဲခဲ ကြိုးစားပြီးရယူတဲ့ဘွဲ့နဲ့တော့ မတူဘူးပေါ့။ တော်တော်များများက အဝေးသင်ပညာရေးစနစ်က ဘွဲ့ယူတာ၊ အဲဒါကို အပြစ်ဆိုတာ မဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေ ပညာကိုတန်ဖိုးထားတာကို ပြတဲ့ဟာပါပဲ။ ဘွဲ့တစ်ခုရတယ်ဆိုရင် ကိုယ့်ဘဝမှာ အဆင့်တစ်ခုကျော်လွှားသွားနိုင်ပြီ၊ တကယ်ပဲ ပညာပြည့်စုံသွားပြီဆိုတဲ့အမြင်ဟာ ဆိုးရွားတဲ့အမြင်မဟုတ်ပါဘူး။ ဒါဟာ ပညာကိုတန်ဖိုးထားတာပဲ။ သို့သော် အဝေးသင်ပညာရေးစနစ်ဟာ တကယ်ပဲ ထိထိရောက်ရောက် ပညာပေးနိုင်တဲ့စနစ်မဖြစ်ခဲ့ပါဘူး။ အခုအဝေးသင်ပညာရေးစနစ်ဟာလည်း သာမန်တက္ကသိုလ်တွေမှာလိုပဲ ထိထိရောက်ရောက် ပညာပေးနိုင်တဲ့စနစ်တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အဲဒီလို ကြိုးစားဆောင်ရွက်တဲ့နေရာမှာ အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

“ဆရာ ဆရာမတွေကိုလည်း ပြန်ပြီး အရည်အချင်းမြှင့်ပေးရတဲ့ လုပ်ငန်းကြီးဟာ စိန်ခေါ်မှုကြီး တစ်ခုပါပဲ။ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာအရည်အချင်းမြှင့်ဖို့ဆိုရင် ဆရာ ဆရာမတွေရဲ့ အရည်အချင်းကို မြှင့်ပေးဖို့လိုပါတယ်။ အဲဒီမှာလည်း ကျွန်မတို့အင်မတန်ရုန်းကန်နေရပါတယ်။ ဆရာ ဆရာမတွေဟာ အများအားဖြင့် ကိုယ့်မိသားစုတာဝန်တွေနဲ့ ဖြစ်နေပြီဆိုတော့ ကျောင်းသား ကျောင်းသူတွေလို အချိန်ပြည့်ပညာရေးကို အာရုံမစိုက်နိုင်ပါဘူး။ ဒါပေမယ့် နိုင်ငံရဲ့လိုအပ်ချက်အရ တတ်နိုင်သလောက် ကိုယ့်ရဲ့အရည်အချင်းမြှင့်တင်ရေးအတွက် ဆရာ ဆရာမတွေကို ကြိုးစားစေချင်ပါတယ်။ ဒီလိုကြိုးစားခြင်းအားဖြင့် ကိုယ်လည်းကျေနပ်မှုရမယ်၊ ကိုယ်မွေးထုတ်လိုက်တဲ့ ကျောင်းသား ကျောင်းသူတွေဟာလည်း ကျွန်မတို့နိုင်ငံရဲ့အကျိုးကို တစ်သက်ဆောင်ယူနိုင်ရုံသာမက ကမ္ဘာ့လူသားများရဲ့အကျိုးကိုဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လာနိုင်တယ်ဆိုတာကို နှလုံးသွင်းပြီး ကြိုးစားစေချင်ပါတယ်။

“တစ်နေ့နဲ့တစ်နေ့ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို ကြည့်လိုက်တဲ့အခါ ကျွန်မအားအရဆုံးကိစ္စတွေထဲမှာ ပညာရေးတိုးတက်မှုပဲဖြစ်ပါတယ်။ တချို့က ဒါကို သတိထားမိချင်မှ သတိထားမိကြပါမယ်။ ကျွန်မသတိထားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ကျောင်းရဲ့ကလေးတွေဟာ စိတ်အားထက်သန်မှုမှာ ပိုပြီးတော့ မိမိကိုယ်ကို ယုံကြည်မှု အဲဒါတွေကိုကျွန်မတွေ့ရတယ်။ ဒါတွေကို ကျွန်မတို့ ပြုစုပျိုးထောင်ရမယ်။ ကလေးတွေ အောင်မြင်စေချင်လို့ရှိရင် ငါတို့ဟာ အောင်မြင်နိုင်တဲ့သူတွေဖြစ်တယ်ဆိုတဲ့ ယုံကြည်မှု ငယ်ငယ်ကတည်းကနေ ကလေးတွေရဲ့ နှလုံးသားမှာစွဲသွားအောင် လုပ်ပေးဖို့ဖြစ်ပါတယ်။ အစကတည်းက လုပ်နည်းကိုင်နည်းမမှန်ရင် နောင်ပြုပြင်ဖို့ အင်မတန်ခက်ပါတယ်။

### အားလုံးမှာတာဝန်ရှိ

“အခု အဆင့်မြင့်ပညာအဆင့်မှာရောက်နေတဲ့ လူငယ်တော်တော်များများဟာ အားနည်းတဲ့ပညာရေးစနစ်ရဲ့ သားကောင်တွေပဲလို့ တစ်နည်းအားဖြင့် ပြောလို့ရပါတယ်။ ဒီလူငယ်တွေကို အရင်တုန်းကရထားတဲ့ အလေ့အကျင့်တွေကို ပြုပြင်ရမယ်၊ အခုခေတ်နဲ့ ကိုက်ညီတဲ့ မှန်ကန်တဲ့ ပညာရှာနည်းတွေကို သင်ပေးရမယ်ဆိုတာဟာ အဆင့်မြင့်ပညာမှာ တာဝန်ယူနေတဲ့ ဆရာဆရာမတွေအတွက် အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို အောင်အောင်မြင်မြင်ကျော်လွှားနိုင်မယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် အားလုံးစိတ်အေးရမှာပါ။ အခုမှ မူလတန်းကျောင်းမှာစပြီး ပြုစုပျိုးထောင်နေတဲ့ ကလေးတွေကြီးလာတဲ့အထိ စောင့်နေလို့မရပါဘူး။ အခုချက်ချင်း ဒီနေ့ ဒီအချိန်ကနေစပြီး ကျွန်မတို့နိုင်ငံတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးနိုင်တဲ့လူငယ်တွေ၊ ပညာတတ်လူငယ်တွေ မွေးထုတ်ဖို့ဆိုတာ အခုအဆင့်မြင့်ပညာရေးစနစ်ရဲ့ အကြီးဆုံးစိန်ခေါ်မှုကြီးဖြစ်လို့ ဒီစိန်ခေါ်မှုကို အောင်အောင်မြင်မြင်ကျော်လွှားဖို့ဆိုတာ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။ အစိုးရဝန်ထမ်းဖြစ်တဲ့ ဆရာ ဆရာမတွေမှာလည်း တာဝန်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေမှာလည်း တာဝန်ရှိပါတယ်။ ပုဂ္ဂလိကဆိုင်ရာစီးပွားရေးအသိုင်းအဝိုင်းမှာတောင် တာဝန်ရှိပါတယ်။ အရေးကြီးဆုံးက မိဘတွေမှာ တာဝန်ရှိပါတယ်။ မိဘတွေက သားသမီးတွေကို မှန်ကန်တဲ့ စိတ်နှလုံးသားတွေ၊ မှန်ကန်တဲ့ တန်ဖိုးထားမှုတွေရှိဖို့ကို ကူညီဆောင်ရွက်ပေးမှ အဆင့်မြင့်ပညာရေးစနစ်မှာ ရုန်းကန်နေရတဲ့ ဆရာ ဆရာမတွေအတွက်လည်း အကူအညီရမှာပါ။ အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မှာပါ။ အောင်မြင်မယ်ဆိုတာလည်း ကျွန်မယုံကြည်ပါတယ်။ အောင်မြင်မယ်ဆိုတာ ယုံကြည်လို့ အောင်မြင်မယ်လို့လည်း ကျွန်မပြောနိုင်ပါတယ်။ အထက်တန်းပညာ၊ အဆင့်မြင့်ပညာမှာပါဝင်နေတဲ့ ပုဂ္ဂိုလ်အသီးသီးကလည်း အောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဆက်ပြီးတော့ ကြိုးစားသွားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အင်ဒိုနီးရှားနိုင်ငံ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညစာခံပွဲ တက်ရောက်



**ရန်ကုန် ဩဂုတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံ၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အင်ဒိုနီးရှားနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E. Prof. Dr. IzaFadri နှင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးနှင့်ဇနီးတို့က အင်ဒိုနီးရှားနိုင်ငံ၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရိုးရာမုန့်ကိုလှီးဖြတ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညစာခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော်

# အခွန်ဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်အတွက် အခွန်ရရှိရေးတစ်ခုတည်းကို ရည်ရွယ်၍ ပြဋ္ဌာန်းခြင်း မဟုတ်ဘဲ နိုင်ငံတော်၏ မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြစ်

**နေပြည်တော် ဩဂုတ် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခု လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လွှတ်တော်သို့တင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို မှတ်တမ်းတင်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေသည် ဆဋ္ဌမမြောက်နှစ်စဉ်အခွန်အကောက် ဥပဒေဟုဆိုနိုင်ပါကြောင်း၊ အခွန်ဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်အတွက် အခွန်ရရှိရေးတစ်ခုတည်းကို ရည်ရွယ်၍ ပြဋ္ဌာန်းခြင်း မဟုတ်ဘဲ နိုင်ငံတော်၏မေခရိုစီးပွားရေး တည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြားသော ရည်ရွယ်ချက်များပါ ပေါင်းစပ်ပြီး ပြဋ္ဌာန်းဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေသည် လက်ရှိကျင့်သုံးနေဆဲဥပဒေဖြစ်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ အကျိုးသက်ရောက်မည့် ဥပဒေဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ဥပဒေကြမ်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်း ပြုစုရာတွင် အခွန်ထမ်းပြည်သူများအပေါ် ကြီးမားသောသက်ရောက်မှုများ မဖြစ်စေရေးအတွက် ပြင်ဆင်ဖြည့်စွက်ချက်များ နည်းနိုင်သမျှနည်းစေရန်နှင့် လက်ရှိအခြေအနေနှင့် တတ်နိုင်သမျှ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် အခွန်နှုန်းများ၊ ကင်းလွတ်ခွင့်များ၊ သက်သာခွင့်ပြုခြင်းများပါဝင်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းကို အခွန်ထမ်းများ လိုက်နာမှုလွယ်ကူစေရန်ရည်ရွယ်၍ ရေးဆွဲထားပါကြောင်း၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်က အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့် စိန်နှင့်မြ၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့် ရွှေစင်ရွှေတုံးတို့အား ကင်းလွတ်ခွင့်ရကုန်စည်များစာရင်းတွင် ဆက်လက်ထည့်သွင်း ပြဋ္ဌာန်းထားပါကြောင်း။

## ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ထူးခြားချက်နှစ်ချက်ရှိ

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ထူးခြားချက်နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်မှာ "အထူးကုန်စည်ခွန်နှုန်းထားများကို တိုးမြှင့်သတ်မှတ်ခြင်း"ဖြစ်ပြီး ဒုတိယအချက်မှာ "ယခင်က ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုပေးထားသော ဝင်ငွေပမာဏအား ပြောင်းလဲသတ်မှတ်ခြင်း" ဖြစ်ပါကြောင်း၊ ပထမအချက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒများကို ပိုမိုထိရောက်စွာ ဖော်ဆောင်နိုင်စေရန်အလို့ငှာ အချို့သောအထူးကုန်စည်ခွန်နှုန်းထားများကို လက်ရှိကောက်ခံလျက်ရှိသည့် နှုန်းထားများအစား ဂျီဒီပီတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုတိုးနှုန်းတို့ကို အခြေခံ၍ နှုန်းထားအသစ်ဖြင့် အနည်းငယ်တိုးမြှင့်ပြီး ပြောင်းလဲသတ်မှတ်ကာ ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ယင်းသို့ တိုးမြှင့်ကောက်ခံခြင်းအားဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေအထိုက်အလျောက် တိုးမြှင့်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယထူးခြားချက်မှာ ယခုအခါ နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အထူးအကျိုးရှိစေမည့် ပြဋ္ဌာန်းချက်တစ်ခုထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ပြည်သူများ၏ နိုင်ငံသားပီသစွာဆောင်ရွက်မှုကို ချီးမြှင့်သည့်အနေဖြင့် ပေးအပ်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ယခင်ကနှစ်တစ်နှစ်အတွင်း ဆုငွေကိုတစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေအပေါ်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးသောင်းထွန်း



ပြင်ဦးလွင်မဲဆန္ဒနယ်မှ
ဒေါက်တာအောင်ခင်



ပေါက်တောမဲဆန္ဒနယ်မှ
ဦးအောင်ကျော်ဇံ

အခွန်ကင်းလွတ်ခွင့်ကို ကျပ်သိန်း ၁၀၀ တိတိအထိ ခွင့်ပြုပေးထားပြီး ယခုအခါတွင် ဖမ်းဆီးရမှုအပေါ် ဆုကြေးငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်သဖြင့် ဝင်ငွေကျပ် သိန်း ၁၀၀ ကန့်သတ်ချက်အား ပယ်ဖျက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခင်ကာလများက ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းမှရရှိသော ဝင်ငွေသည် ကျပ်သိန်း ၁၀၀ ထက်ပိုမိုရရှိပါက ဝင်ငွေခွန်ထမ်းဆောင်ရမည် ဖြစ်သော်လည်း ကန့်သတ်ချက်အား ပယ်ဖျက်လိုက်ခြင်းကြောင့် ဆုကြေးမည်မျှပင်ရသည်ဖြစ်စေ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်ကြားဖမ်းဆီးပေးသူပြည်သူများအနေဖြင့် လွတ်လပ်စွာ သတင်းပေးတိုင်ကြားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လူသားမျိုးနွယ်အညွန့်တုံးစေမည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဖမ်းဆီးမှုကို ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ပြင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ရောင်းဝယ်မှုမှ ရရှိသောငွေသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသော ငွေကြေးများဖြစ်ပြီး ယင်းငွေကြေးများ စီးပွားရေးနယ်ပယ်အတွင်း ဝင်ရောက်လည်ပတ်လာပါက နိုင်ငံ၏ပုံရိပ်ကို ထိခိုက်နိုင်စေပြီး ဤသို့ပြင်ဆင်ပြဋ္ဌာန်းခြင်းအားဖြင့် နိုင်ငံတော်၏ပုံရိပ်ကို ကောင်းမွန်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်း၏ သဘောထားကွဲလွဲချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဟူ၍ နှစ်မျိုးရှိ

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း အစည်းအဝေး ၁၆ ကြိမ်ကျင်းပခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၂၂ ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁၉ ခုကို ခွင့်ပြုခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဟူ၍ နှစ်မျိုးရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍကိုးခုတွင် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့်လုပ်ငန်း ၂၂၂ ခုအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇၈ ဘီလီယံဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၂ ခုက ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄ ဘီလီယံတိုးမြှင့်မှုကိုလည်း ခွင့်ပြုခဲ့ပါကြောင်း၊ ခွင့်ပြုခဲ့သည့် လုပ်ငန်းများမှ ကော်မရှင်သို့ သုံးလတစ်ကြိမ်တင်ပြသည့် အစီရင်ခံစာများအရ အမှန်ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄၁ ဘီလီယံဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် ဦးစားပေးဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ကြေညာခဲ့ခြင်းကြောင့် စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍများအပြင် လယ်ယာကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း၌ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခဲ့ပြီး အများဆုံးရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြပါကြောင်း၊ ၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံအတွင်း အများဆုံးရင်းနှီးမြှုပ်နှံခဲ့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြပါကြောင်း။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၌ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၁ ခုတွင် လုပ်ငန်းအသစ် ၁၁၉ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၃၅၈၂ ဘီလီယံဖြင့် ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်း ၂၄ ခုက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် ငွေကျပ် ၃၉၅ ဘီလီယံကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်မှုပမာဏမှာ စုစုပေါင်း ငွေကျပ် ၃၉၇၈ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍ ၁၀ ခု၌ လုပ်ငန်းပေါင်း ၅၁ ခုတွင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ငွေကျပ် ၁၅၇၂ ဘီလီယံ ခွင့်ပြုခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အခြေအနေကို ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကဏ္ဍနှင့် လုပ်ငန်းအရေအတွက် တိုးတက်ရုံသာမက ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ သိသိသာသာ တိုးတက်ခဲ့ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်နေရာပေါင်း ၉၅၇၀၆ ဦးနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ၂၂၁၄၉ ဦးကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း ပြည်ပမှအစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ တစုတစည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးခြင်း၊ ဆောင်ရွက်သည့်အဖွဲ့ဖွဲ့စည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေး ကော်မတီဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ပြင်ဆင်ချက်အပေါ် အခြေခံပြီး ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံနှင့် ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ) ဦးအာလူးတို့က နည်းဥပဒေ၏ စကားရပ်များအပေါ် ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်နဝမပုံမှန်အစည်းအဝေး ၁၃ ရက် မြောက်နေ့ကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီ ၂၄ ပါတီမှ တာဝန်ရှိသူများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းခုနစ်ဦး တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ယခု ကြားဖြတ်ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနှင့် တစ်သီးပုဂ္ဂလခုနစ်ဦး စုစုပေါင်း ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြမည်ဖြစ်ကြောင်း၊ မဲစာရင်းကို အောက်တိုဘာလတွင် ဒုတိယအကြိမ် ထပ်မံကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့မဲဆန္ဒရှင်များကို မဲစာရင်းတွင် ပါဝင်ရေးအတွက် မဲစာရင်းကြည့်ရှုကြရန် တိုက်တွန်းပေးစေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် စက်တင်ဘာ ၃ ရက်မှ စတင်၍ မဲဆွယ်စည်းရုံးနိုင်မည်ဖြစ်ပြီး မဲဆွယ်စည်းရုံးရန် ရက်ပေါင်း ၆၀ သတ်မှတ်ခွင့်ပြု သွားမည်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီများ သဘောတူလက်ခံပြီးသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ လေးစားလိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ပါတီကို ထောက်ခံအားပေးကြသော ပြည်သူလူထုကိုလည်း ပဋိပက္ခမဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းဆော်ဩ ဆောင်ရွက်ကြရန်လိုကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ပြစ်မှုများ မဖြစ်ပွားစေရန်နှင့် အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှုများ မပြုလုပ်ရန်ကိုလည်း အလေးထား ဆောင်ရွက်စေလိုပါကြောင်း။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့သကဲ့သို့ ယခုကြားဖြတ် ရွေးကောက်ပွဲတွင်လည်း ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်အနေဖြင့် ပြဿနာရပ်များ ပေါ်ပေါက်လာပါက ပဋိပက္ခအသွင်သို့ မရောက်ရှိစေရေးနှင့် ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းရေးတို့အတွက် အလေးအနက်ထား ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ကြရန်လိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားရေး၊ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ခန့်ထားရေးတို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များအနေဖြင့် မဲရုံတွင်းမဲဆွယ်စည်းရုံးသည့် ပုံစံမဖြစ်ရေးသည် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကိုလည်း သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ မဲပေးစဉ်ကာလအတွင်း မဲရုံတာဝန်ရှိသူများကလည်းကောင်း၊ အခြားသောမဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် မဲဆန္ဒရှင်များကသော်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်ကို ချက်ချင်းညှိနှိုင်းဖြေရှင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်မှသာ ဘက်လိုက်မှုကင်းမည်ဖြစ်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲပြီးကာလများတွင် ရွေးကောက်ပွဲကုန်ကျစရိတ်များကို ကော်မရှင်သို့ တင်ပြရမည်ဖြစ်၍ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျမှတ်တမ်းပြုစု ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ရွေးကောက်ပွဲကျင်းပရန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌတို့က ကြားဖြတ်ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်းများက တင်ပြဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင်သုံးပေခန့် ယင်းမြို့၏စိုးရိမ် ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။

**မိုး/ဇလ**

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်

**ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၁၆/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life Development Party) အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၈)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ (ခ) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ပါတီကိုလည်း ဖျက်သိမ်းလိုက်သည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရွေးကောက်ပွဲဆိုင်ရာ စဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၂၁/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် )

**ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်ခြင်း**

၁။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းသို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က **(၁. ၇. ၂၀၁၄)ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)** ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် နိုင်ငံရေးပါတီများအားလုံး၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၃. ၉. ၂၀၁၈ ရက်နေ့ နံနက် ၀၆၀၀ နာရီမှ ၁. ၁၁. ၂၀၁၈ ရက်နေ့ ည ၁၂၀၀ နာရီအထိ)** ခွင့်ပြုပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတသော၊ အေးချမ်းသာယာသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို အထက်ဖော်ပြပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက်ကျင့်ဝတ်တို့နှင့်အညီ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း


ရန်ကုန်တိုင်းဒေသကြီး
ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း


ကုန်သည်/စက်မှုအသင်းချုပ်
ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း

**✻ ကျောဖုံးမှ**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အခက်အခဲများကို တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအကြိမ်သည် (၁၉)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပြီး ပြီးခဲ့သည့် ဇူလိုင်လအထိ အကြံပြုတင်ပြချက် စုစုပေါင်း ၂၆၂ ချက်ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်များအားလုံးကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ကုန်သည်စက်မှုအသင်းချုပ်မှတစ်ဆင့် ပြန်ကြားပေးပြီး ဖြစ်ပါကြောင်း။

### ဆွေးနွေးညှိနှိုင်းရမည့် လုပ်ငန်းများ

အချို့ကိစ္စရပ်များသည် အချိန်ယူ၍ ဆွေးနွေးညှိနှိုင်းရမည့်လုပ်ငန်းများဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ(Public-Private Dialogue)များ ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ(၅)ရပ်နှင့် အမြဲတမ်းဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို အမြန်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပြီး တိုးတက်မှုများ ရရှိလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ပြည်ပကုန်သွယ်မှုအပိုင်းကို ကြည့်လျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၃၅၂၀ အထိ ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါပမာဏတွင် ပုဂ္ဂလိကကဏ္ဍသည် အမေရိကန်ဒေါ်လာ သန်း ၂၇၂၄၀ ပါဝင်နေသဖြင့် ၈၁ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၀ ရက်အထိ ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၃၀၁၅ သန်းအထိရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၁၆၅၉ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၁၁၂၃ သန်း ပါဝင်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၄၇ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း။

### နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိမည့် ပို့ကုန်မြှင့်တင်ရေး

ကုန်သွယ်မှုနှင့်ပတ်သက်၍ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိမည့် ပို့ကုန်မြှင့်တင်ရေး(Export Promotion)လုပ်ငန်းများကို ပိုမိုတိုးမြှင့်၍ နည်းလမ်းရှာကြံဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သွင်းကုန်ပိုင်းတွင်လည်း တိုင်းပြည်အတွက် မဖြစ်မနေအရေးကြီးသည့် ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံနှင့်ပတ်သက်သည့် ပစ္စည်းများ၊ ပြည်ပသို့ကုန်ချောထုတ်၍ ပြန်လည်တင်ပို့ရာတွင် အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းများ၊ သွင်းကုန်အတွက် အစားထိုးထုတ်လုပ်ရန် တင်သွင်းသည့်ကုန်ကြမ်းပစ္စည်းများကို ဦးစားပေးတင်သွင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ယနေ့လိုအပ်ချက်နှင့် ကိုက်ညီသည့် Trade Promotion ကိုဖော်ဆောင်ရာတွင် Export Promotion နှင့် Import Regulation တို့ကို ထိထိရောက်ရောက် ကိုင်တွယ်အသုံးပြုရန် လိုအပ်ပါကြောင်း၊ သို့မှသာ Trade Balance ညီမျှလာမည်ဖြစ်ပြီး စီးပွားရေးအခြေအနေ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ဝင်ရောက်နိုင်မည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ကာလတိုအတွင်း ဝင်ရောက်လာအောင် ကြိုးပမ်းပေးကြရန် လိုအပ်ပါကြောင်း။

### မြန်မာကုမ္ပဏီများဥပဒေ

**"မြန်မာကုမ္ပဏီများ ဥပဒေ"** ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ကာ အသက်ဝင်ကျင့်သုံးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ကုမ္ပဏီအသစ်မှတ်ပုံတင်သည့်လုပ်ငန်းနှင့် ပြန်လည်မှတ်ပုံတင်သည့် လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု၏ အစဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင်သည့် လုပ်ငန်းကစ၍ Online စနစ်နှင့် အပြည့်အဝ မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်နိုင်ရုံသာမက မှတ်ပုံတင်ကြေးငွေ ပေးချေမှုအပိုင်းကိုပါ e-Payment System နှင့် လုပ်ဆောင်နိုင်ခြင်းသည် အစိုးရ၏ e-Government System ကို အကောင်အထည်ဖော်ဆောင်မှုတွင်လည်း အထောက်အကူဖြစ်စေပါကြောင်း။

ကုမ္ပဏီမှတ်ပုံတင်ခြင်းမှစပြီး ပြည်သူများကို ဝန်ဆောင်မှုပေးနေရသည့် ခွင့်ပြုမိန့်အမျိုးမျိုးကိစ္စများကို Digital နည်းပညာသုံး၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ သို့မှသာ e-Government System ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

### တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးကို နှစ်လတစ်ကြိမ် ကျင်းပလျက်ရှိရာ သတ္တမအကြိမ်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ အစည်းအဝေးဆွေးနွေးချက်များအရ နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုကြောင့် ပြည်တွင်းအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ အခွန်ပေးဆောင်မှုမရှိသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် နည်းပညာနှင့် ဈေးကွက်ယှဉ်ပြိုင်မှု အခက်အခဲဖြစ်ပေါ်နေခြင်းတို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသရှိ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး အထူးအဖွဲ့များဖွဲ့စည်း၍ သတင်းအရ တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရေးဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ပြီး ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အထူးအဖွဲ့များ ဖွဲ့စည်း၍ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

တမူးနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ တင်ပြခဲ့သည့် ကွမ်းသီးများ တရားမဝင် ဝင်ရောက်နေမှုကြောင့် မြန်မာနိုင်ငံထွက် ကွမ်းသီးများ အိန္ဒိယနိုင်ငံသို့ တင်ပို့ရာတွင် အခက်အခဲဖြစ်ပေါ်နေမှုကိစ္စနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားခဲ့ရာ ထိုင်းနိုင်ငံဘက်မှ တရားမဝင်တင်သွင်းလာသော ကွမ်းသီးများ သယ်ဆောင်လာသည့် ကားများကို ဇွန်လအတွင်းတွင် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကွမ်းသီးတင်ပို့မှုသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၀ ရက် စာရင်းအရ တန်ချိန် ၁၂၂၃ တန် တင်ပို့နိုင်ခဲ့၍ ယခင်နှစ်ကာလတူထက် တန်ချိန် ၇၁၀ ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် လုပ်ငန်းရှင်များဘက်က တင်ပြခဲ့သည့်အခက်အခဲများကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့်လည်း ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရခိုင်ပြည်နယ်အတွင်းရှိ ဆိပ်ခံတံတားများ အခြေအနေ၊ ကုလားတန်မြစ် ဘက်စုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ငွေကြေးတည်ငြိမ်ရေးကိစ္စရပ်များ၊ အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦး၊ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးပေါ်ဦးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

**◯ တပ်မတော်မှ**

နေထိုင်မှုမှအစ မိမိကိုယ်ကိုတန်ဖိုးထား၍ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မည်သည့်နေရာတွင်ရောက်ရှိနေသည်ဖြစ်စေ တပ်မတော်သားကောင်းတစ်ယောက်အဖြစ် နေထိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရပ်ခြားတွင် လာရောက်ပညာသင်ကြားနေကြသူများဖြစ်သဖြင့် အားလုံးညီရင်းအစ်ကိုစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့တပ်မတော်သည် မိသားစုစိတ်ဓာတ်ဖြင့် စုစုစည်းစည်းဖြင့်နေထိုင်၍ အမိန့်နာခံမှုကောင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဆင့်ဆင့်သော ခေါင်းဆောင်မှုများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခေါင်းဆောင်လုပ်သူများသည် ခေါင်းဆောင်စိတ်ဓာတ်၊ မိဘသဖွယ်စိတ်ဓာတ်ဖြင့် ညီညွတ်စွာကွပ်ကဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်သည့် ခေါင်းဆောင်မှုပညာရပ်များအား သင်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားပေးပြီးဖြစ်ကြောင်း၊ အထက်နှင့်အောက် အပြန်အလှန်လေးစားမှုရှိစွာဖြင့် နေထိုင်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ လေး၊ မြားပစ်နှင့် သေနတ်ပစ်ပြိုင်ပွဲများ ကျင်းပ

**ပလန်ဘမ် ဩဂုတ် ၂၄**

အာရှအားကစားပြိုင်ပွဲ၏ အပြည်ပြည်ဆိုင်ရာလေး၊ မြားပစ်နှင့် သေနတ်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာကစားသမားများ ရလဒ်မကောင်းဘဲ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာလေးပြိုင်ပွဲ၏ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအတွဲမှာ အဆင့် (၅)နေရာသာရခဲ့ပြီး တရုတ်အသင်းက ရွှေတံဆိပ်၊ ဗီယက်နမ်က ငွေတံဆိပ်၊ အင်ဒိုနီးရှားက ကြေးတံဆိပ်ရခဲ့သည်။ မြားပစ်ပြိုင်ပွဲ ဒုတိယနေ့တွင် Mix-Team ပြိုင်ပွဲ ကျင်းပခဲ့ပြီး မြန်မာအသင်းသည် Compound နှင့် Recurve ပြိုင်ပွဲနှစ်မျိုးစလုံး၌ ယှဉ်ပြိုင်ခဲ့သော်လည်း ပထမအဆင့်မှ ထွက်ခဲ့ရသည်။

သေနတ်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး (၁၀)မီတာလေပစ္စတိုပြိုင်ပွဲ၌ ယှဉ်ပြိုင်သည့် မေပိုးဝါသည် လက်ရည်စစ်ပွဲမအောင်ခဲ့၍ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ မေပိုးဝါသည် ၅၆၀ မှတ်ဖြင့် အဆင့် ၂၂ နေရာသာရခဲ့သည်။ မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် အားကစားနည်းများအနက် သေနတ်ပစ်၊ ဘောလုံး၊ တိုက်ကွမ်ဒို၊ ဝူရှူးတို့မှာ ပြိုင်ပွဲများပြီးဆုံးခဲ့ပြီဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ဩဂုတ် ၂၄ ရက်အထိ ကြေးတံဆိပ်နှစ်ခုသာ ရရှိသေးသည်။ **ရှိုင်းထက်ဇော်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံရှိ ပြခန်းများကို ကြည့်ရှုလေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ *ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဖေ့စ်ဘွတ်*

**နေပြည်တော် ဩဂုတ် ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် မော်စကိုမြို့မှ ၁၀၇ ကီလိုမီတာအကွာအဝေးရှိ ကာလုဂါပြည်နယ် မာရိုစ်မြို့အနီး ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံရှိ ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည့်မြေနေရာကို ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံရှိ ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည့်မြေနေရာကို ကြည့်ရှုကြပြီး ရုရှားနိုင်ငံပြခန်း၊ ဥရောပပြခန်းများနှင့် အရှေ့တောင်အာရှပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံသည် ရုရှားနိုင်ငံတွင် လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြီးဆုံးပြတိုက်ပန်းခြံတစ်ခုဖြစ်ပြီး ရုရှားလူမျိုးများနေထိုင်ခဲ့သည့် အိမ်ပုံစံတူများ၊ အသုံးအဆောင်ပစ္စည်းများနှင့် နေထိုင်စားသောက်မှုပုံစံများ၊ ဥရောပနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံပေါင်း ၂၅၂ နိုင်ငံ၏ နိုင်ငံအလိုက်နေထိုင်မှုပုံစံများနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများကို မြေဧရိယာ အကျယ်အဝန်း စတုရန်းမီတာ တစ်သောင်းကျော်ပေါ်တွင် ၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပိတ်ရက်မရှိ အမြဲဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်အတွင်း တည်ထားကိုးကွယ်မည့် ရွှေစည်းခုံပုံစံတူစေတီတော်မှာ ရင်ပြင်တော်အကျယ် ပတ်လည် ၇၂ ပေ၊ စေတီတော်အမြင့် ၂၇ ပေ၊ ဂန္ဓကုဋီတိုက်အကျယ်ပတ်လည် ၃၇ ပေရှိပြီး စေတီတော်၏ စုစုပေါင်းအမြင့်မှာ ၅၄ ပေရှိမည်ဖြစ်သည်။ ထို့အတူ အသရာဒါဘာသာရေးပန်းခြံအတွင်း တည်ထားကိုးကွယ်မည့် ပုဂံခေတ်ဟန်ဓမ္မစကြာမုဒြာ ဗုဒ္ဓရုပ်ပွားတော်မှာ အမြင့် ၁၈ ပေရှိပြီး ကြေးဆင်းတုတော် အမျိုးအစားအား တည်ထားကိုးကွယ်သွားမည်ဖြစ်ကာ စေတီတော်ပရိဝုဏ်အတွင်း ဗုဒ္ဓယဉ်ကျေးမှုပြတိုက်နှင့် ယောဂီများ တရားအားထုတ်မည့်အခန်းများကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ (ဧပြီလ မှ စက်တင်ဘာလ အထိ)ဘဏ္ဍာနှစ်၏ ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၈ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၅ ဒသမ ၆၆၅ သန်း၊ ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၄ ဒသမ ၈၈၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်းခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | စက်မှုကဏ္ဍ | ၈ | ၁၇၂. ၃၇၅ | ၂၀ | ၁၀၇. ၄၀၄* |
| (ခ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၆၂. ၆၆၀ | ၃ | ၁၂၁. ၄၂၃* |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၄၆၃၀ | - | - |
| (ဃ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၂၂. ၅၀၀ |
| (င) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | - | - | ၁၄၀. ၀၄၈* |
| (စ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၁၀. ၅၁၄ |
| (ဆ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | - | ၁ | ၂၈. ၀၀၀ |
| (ဇ) | စိုက်ပျိုးရေးကဏ္ဍ | - | - | ၁ | ၅. ၀၀၀ |
| (ဈ) | သတ္တုတွင်းကဏ္ဍ | | ၆. ၀၀၀* | - | - |
| | စုစုပေါင်း | ၁၁ | ၂၄၅. ၆၆၅ | ၂၇ | ၄၃၄. ၈၈၉ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဇွန်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅၅၉၆ ဒသမ ၀၉၀ သန်းနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၈၇၁၇ ဒသမ ၁၃၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂၀၇၆. ၀၀၀ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၂၃၁၇၀. ၀၉၀ | ၆ | ၅၈၃၃၅. ၀၂၀ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃ | ၁၂၅၀. ၀၀၀ | ၅ | ၂၈၃၃. ၄၂၀ |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | - | - | ၁၉၉၅၀. ၀၀၀* |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၃ | ၂၈၆၀. ၀၀၀ |
| (စ) | လယ်ယာကဏ္ဍ | - | - | ၁ | ၇၀၀. ၀၀၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၉၁၀၀. ၀၀၀ | ၄ | ၂၄၀၃၈. ၆၉၀ |
| | စုစုပေါင်း | ၁၂ | ၃၅၅၉၆. ၀၉၀ | ၁၉ | ၁၀၈၇၁၇. ၁၃၀ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇွန်လ | ဇူလိုင်လ |
| (က) | လယ်ယာကဏ္ဍ | - | ၁၇၀ |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၁၂၂ |
| (ဂ) | စက်မှုကဏ္ဍ | ၄၁၅၄ | ၁၄၄၄၂ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁၈ | - |
| (င) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၆၆ |
| (စ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | ၅၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၄၃ | ၂၀၆၉ |
| | စုစုပေါင်း | ၄၄၁၅ | ၁၆၉၁၉ |

၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်အတွင်း |
| (က) | စက်မှုကဏ္ဍ | ၆၂၁ | ၉၆၄ |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၈၉ | ၁၅၉ |
| (ဂ) | အိမ်ရာနှင့် အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁၀ | - |
| (ဃ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၉၀ |
| (င) | လယ်ယာကဏ္ဍ | - | ၁၉ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၁၃ | ၃၀၉ |
| | စုစုပေါင်း | ၉၃၃ | ၁၅၄၁ |

**သတင်းစဉ်**

## ရန်ကုန်မြောက်ပိုင်းခရိုင်ကလေးစာပေပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ကလေးစာပေပွဲတော်ကျင်းပရေး ဆပ်ကော်မတီအသီးသီး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကလေးစာပေပွဲတော်ကျင်းပမည့် အင်းစိန် အထက(၁) ဧရာဝတီခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ မြောက်ပိုင်းခရိုင် ပညာရေးမှူး ဒေါ်အေးသန္တာချစ်၊ မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်တို့က ရှင်းလင်းဆွေးနွေးကြပြီး ဆပ်ကော်မတီအသီးသီးတို့က မိမိတို့ဆောင်ရွက်ရမည့် ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ခရီးကြမ်းရှည်နှင့် မဝေးတော့သည့် အနာဂတ်ရောင်ခြည်

**နိုင်ငံတစ်နိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ သာယာဝပြောခြင်း၊ ချမ်းသာကြွယ်ဝခြင်း စသည့်အရာများသည် တိုင်းပြည်အေးချမ်းမှသာ၊ တည်ငြိမ်မှသာ၊ တရားဥပဒေကို နိုင်ငံသားအားလုံး လေးစားလိုက်နာကြမှသာ ရရှိနိုင်ကြမည်ဖြစ်သည်။**

ခင်ရတနာ

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ၊ ပြည်နယ်၊ တိုင်းဒေသကြီးပေါင်းများစွာ တစုတဝေးတည်း စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ရာ နိုင်ငံ၏ ရေမြေသဘာဝ၊ ရာသီဥတု၊ လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အခြားသောကွဲပြားခြားနားသည့် အရာများစွာတို့ပေါင်းစုထားသည့် နိုင်ငံဖြစ်သည်။ သို့သော် တူညီသည့် စည်းလုံးညီညွတ်မှုပြယုဂ်တစ်ခုဖြစ်သော ပြည်သူများ၏ တောင်ပြိုကမ်းပြိုထောက်ခံအားပေးမှုနှင့်အတူ အရပ်သားအစိုးရစစ်စစ်က ဦးဆောင်မှုပေးသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ။ အခက်အခဲအတားအဆီးနှင့် လုပ်ဆောင်ရမည့်အရာများစွာ ကျန်ရှိနေသေးသည့်တိုင် အစိုးရသည် တတ်စွမ်းသမျှ၊ ဉာဏ်စွမ်းရှိသမျှ နိုင်ငံနှင့် လူမျိုးအတွက် ဆောင်ရွက်ပေးနေခဲ့သည်။ ဆောင်ရွက်ပေးသည့်အရာများအနက် ခေတ်အဆက်ဆက်ဖြေရှင်းရခက်ခဲသော၊ ဖြေရှင်းနေရဆဲဖြစ်သော ပဋိပက္ခများနှင့် လူမှုစီးပွားဘဝနိမ့်ကျမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဒုတိယအနည်းပါးဆုံး ရခိုင်ပြည်နယ်အရေးသည်လည်း ထိပ်တန်းကပါဝင်ခဲ့သည်။

**အစိုးရအသစ်နှင့်ရခိုင်အရေး**

NLD အစိုးရအဖွဲ့ စတင်တာဝန်ယူပြီး မကြာမီကာလအတွင်းမှာပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းသည် ရခိုင်ပြည်နယ်အတွက် အစိုးရ၏ ပထမဆုံးသော ကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာက အာရုံစိုက်နေသည့် ရခိုင်ပြည်နယ်အရေးအား ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ရန်အတွက်နှင့် ရခိုင်ပြည်နယ်၏နက်နဲသည့် အရေးကိစ္စရပ်များကို ဖြေရှင်းရာတွင် ရေရှည်နည်းလမ်းကောင်းများရရှိရန် ဘက်လိုက်မှုကင်းပြီး လူအများလေးစားသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို မြန်မာနိုင်ငံသားများ၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်များဖြင့် ၂၀၁၆ ခုနှစ် သြဂုတ်လ ၂၄ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

**အကြမ်းဖက်မှုများပြန်လည်စတင်**

ဆောင်ရွက်နေစဉ် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် နံနက် ၁ နာရီ မိနစ် ၅၀တွင် မောင်တောမြို့နယ် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)အား အကြမ်းဖက်သူအင်အား ၉၀ ခန့်၊ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်နယ်မြေရဲစခန်းအား နံနက် ၃နာရီ ၁၅မိနစ်တွင် အကြမ်းဖက်သူ ၂၀ခန့်၊ ငါးခူရနယ်မြေရဲစခန်းအား နံနက် ၄ နာရီခွဲတွင် အကြမ်းဖက်သူ ၃၀၀ခန့်က အကြမ်းဖက်စီးနင်းဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်အထိ သုံးလ တာကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအကြား တွေ့ဆုံပစ်ခတ်မှုအကြိမ် ၂၀ ခန့် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်များကြောင့် တပ်မတော်သားခုနစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ကျဆုံးခဲ့ပြီး တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်နှင့် အပြစ်မဲ့အရပ်သား ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ်အတွင်း အကြမ်းဖက်တိုက်ခိုက်သူ ၆၉ ဦး သေဆုံးခဲ့သည်။ ဖြစ်စဉ်များအတွက် ယင်းဒေသသို့ ပြည်တွင်း၊ ပြည်ပ မီဒီယာများ သွားရောက်လေ့လာသတင်းယူပြီးချိန်တွင် ဖြစ်စဉ်အမှန်များ ပြောကြားခဲ့ကြသည့် ဒေသခံပြည်သူများကို အကြမ်းဖက်တိုက်ခိုက်သူများက ထပ်မံသတ်ဖြတ်ခဲ့ကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ စာကြည့်တိုက်မှူးနှင့် ရုံးစာရေးအပါအဝင် အပြစ်မဲ့သူ ၁၃ ဦး သေဆုံးခဲ့ပြီး ကျေးရွာများ မီးရှို့ဖျက်ဆီးမှုများလည်း ၁၀ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။

> **“ယုံကြည်မှုကင်းမဲ့ပြီး အားကိုးရာမဲ့နေသည့် အခြေအနေကို နိုင်ငံတော်အစိုးရက နယ်မြေပြန်လည်တည်ငြိမ်လာသည်အထိ နိုင်ငံတကာ၏ ဖိအားများကိုခံယူကာ အားသွန်ကြိုးပမ်းခဲ့သည်။ တည်ငြိမ်လာချိန်တွင် တစ်ဖက်သို့ ထွက်ခွာသွားလိုသူများကို ထွက်ခွာလိုသည့်အကြောင်းကို မေးမြန်းပြီး မည်သို့ပံ့ပိုးနိုင်မည်ကို ကြိုးပမ်းပံ့ဖော်သော်လည်း ဆွေမျိုးသညာများ၏ ဆွဲဆောင်မှု၊ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုရှိခဲ့သည့် အနေအထားများ အပေါ် စိုးရိမ်ကြောက်လန့်ဆဲဖြစ်ခြင်းကြောင့် ထွက်ခွာသွားမှုများ များပြားခဲ့ရသည်။ ပဋိပက္ခဖြစ်စဉ်တိုင်းတွင် ထိခိုက်ခံစားမှုအများဆုံးမှာ ဒေသတွင်းရှိ အပြစ်မဲ့အရပ်သားများသာဖြစ်သည်ကို မြင်တွေ့ကြရသည်”**



မောင်တောဒေသရှိ အစ္စလာမ်ဘာသာဝင်များအား NV Card များ ထုတ်ပေးထားသည်ကို တွေ့ရစဉ်။

**ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ အစီရင်ခံစာ**

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွယ်သည့် Aqa Mul Mujahidin (အကာလ် မူလ် မူဂျာဟီဒင်န်) အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်းနှင့် ၎င်းကိုဦးဆောင်သူမှာ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာမှ ဟာဗစ် တူဟာရ် ခေါ် အာပူဟာမတ်ဖူးလူနီဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီးချိန်တွင် ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်တွင် အာရ်ကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ် (Arakan Rohingya Salvation Army-ARSA) ဟု ၎င်းတို့က ထုတ်ဖော်ပြောကြားခဲ့ကြသည်။

၂၀၁၇ ခုနှစ် သြဂုတ်လ ၂၄ ရက်တွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်းများအကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများ၊ ယုံကြည်မှုပျက်ပြားနေပြီး မလုံခြုံသည့် ခံစားချက်များဖြင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအပါအဝင် ရခိုင်ဒေသအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်သည့် အခြေအနေများကို သုံးသပ်လေ့လာကာ ရေရှည်တွင် အကျိုးရှိစေမည့် အကြံပြုချက် ၈၈ ချက်ပါအစီရင်ခံစာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တင်သွင်းနိုင်ခဲ့သည်။ မြန်မာအစိုးရကလည်း အစီရင်ခံစာကို အားရဝမ်းသာ ကြိုဆိုပြီး မြေပြင်အနေအထားပေါ်မူတည်ကာ အတတ်နိုင်ဆုံး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မူလကတည်းကပင် အချိန်အခါကို စောင့်ဆိုင်းနေကြရဟန်ရှိသည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က မစ္စတာကိုဖီအာနန်ဦးဆောင်ကာ ဖော်ထုတ်ခဲ့သည့် အစီရင်ခံစာပေါ်ထွက်လာခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် အင်အားတစ်ရပ်ဖြစ်လာစေခဲ့ပြီမှန်း သိရှိပုံရပြီး ယင်းအစီရင်ခံစာ၏ အကျိုးသက်ရောက်မှုကိုလည်း မှန်းဆပုံရခဲ့သည့်အလျောက် အစီရင်ခံစာတင်သွင်းသည့်နေ့ ညပိုင်းမှာပင် မောင်တောဒေသရှိ နယ်ခြားစောင့်တပ်စခန်းများ အပါအဝင် လုံခြုံရေးစခန်းများကို တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် အတွင်းရှိ ကင်းစခန်း ၃၀၊ ကျဆုံးတပ်ဖွဲ့ဝင်ပေါင်း ၁၁ ဦး၊ တပ်မတော်သား နှစ်ဦး၊ လဝက တစ်ဦး စုစုပေါင်း ၁၄ ဦး ကျဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများလည်း ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်များအတွင်း ကလေးများပါဝင်သည့် ဟိန္ဒူမိသားစုဝင် ခြောက်ဦးအား ရက်ရက်စက်စက်သတ်ဖြတ်မှုအပြင် ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူမိသားစုများကို သတ်ဖြတ်မှု၊ လုပ်ကြံမှု၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်မှု၊ နေအိမ်များ မီးရှို့မှုစသည်တို့မှာလည်း အကြိမ်များစွာဖြစ်ပွားခဲ့သည်။

**ထိတ်လန့်စိုးရွံ့မှုများနှင့် ကြုံတွေ့ခဲ့ကြ**

ယင်းတိုက်ခိုက်မှုများ၏ အကျိုးဆက်မှာ ဒေသအတွင်း ကြိုးစားတည်ဆောက်နေသည့် တည်ငြိမ်မှုနှင့်အသိုက်အဝန်းနှစ်ခုအကြားရှိ ယုံကြည်မှုများမှာ ပြိုကျပျက်စီးခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ကြရပြီး အသိုက်အဝန်းများအားလုံး၏ ထိတ်လန့်မှုနှင့် မလုံခြုံမှုများ၏အန္တရာယ်ကို ကလေးငယ်များ၊ အရွယ်မရောက်သေးသည့် လူငယ်လူရွယ်များ၊ လူကြီးဘိုးဘွားများ၊ အမျိုးသမီးများအားလုံး ထိခိုက်ခံစားခဲ့ကြရပြီး တစ်နိုင်ငံလုံးကလည်း ရခိုင်ဒေသအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

ထိုသို့ ရခိုင်ဒေသအခက်အခဲနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ဆောင်ရွက်မှုများအား အကြီးအကျယ် အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ထားသည့် အကွက်ချထိုးနှက်မှုကိုလည်း ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က ဆောင်ရွက်ခဲ့သေးသည်။ ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် ၁၀၀ ခန့်အား ဖမ်းဆီးသွားခဲ့ပြီး အမျိုးသမီးရှစ်ဦးကို ဘာသာပြောင်းခိုင်းကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့သည်။ ကျန်ရစ်သူများကို သတ်ဖြတ်ခဲ့သည်ဟု ယူဆရပြီး စက်တင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အလောင်း ၄၅ လောင်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကာ ကျန် ၄၈ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ယင်းဖြစ်စဉ်ကိုလည်း နိုင်ငံတော်က သတင်းရရှိလျှင်ရရှိချင်း သတင်းထုတ်ပြန်ခဲ့သော်လည်း နိုင်ငံတကာတွင် ပျံ့နှံ့နေသည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ မုသားသတင်းများ၊ သတင်းအမှားများ၊ သတင်းအတုများကသာ နေရာယူခဲ့သည်။ ၂၀၁၈ ခုနှစ် မေလ ၂၃ ရက်တွင် Amnesty International မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များဖြစ်သော ဟိန္ဒူဘာသာဝင် ၉၉ ဦးခန့်ကို ARSA အဖွဲ့က သတ်ဖြတ်ခဲ့ပြီး ဖမ်းဆီးခေါ်ဆောင်မှုများ ပြုလုပ်ခဲ့သည့် အထောက်အထားများ တွေ့ရှိကြောင်း ထုတ်ဖော်မှသာ နိုင်ငံတကာမီဒီယာများက သတင်းဖြစ်ရပ်မှန်ကို ထုတ်လွှင့်ဖော်ပြခဲ့ကြသည်။

**ယုံကြည်မှုကင်းမဲ့ကာ ထွက်ပြေးတိမ်းရှောင်ကြရ**

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရခိုင်ပြည်နယ်သည် တစ်ကျော့ပြန် မငြိမ်မသက်မှုများ ဖြစ်ခဲ့ရသည်။ ရခိုင်တိုင်းရင်းသားများအပါအဝင် ဟိန္ဒူဘာသာဝင်များ အားလုံးသည် အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးကြပြီး နေရပ်ကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ထိုနည်းတူ မွတ်စလင်အသိုက်အဝန်းတွင်လည်း အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးပြီး ထောင်နှင့်သောင်းနှင့်ချီကာ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။

ယုံကြည်မှုကင်းမဲ့ပြီး အားကိုးရာမဲ့နေသည့် အခြေအနေကို နိုင်ငံတော်အစိုးရက နယ်မြေပြန်လည်တည်ငြိမ်လာသည်အထိ နိုင်ငံတကာ၏ ဖိအားများကို ခံယူကာ အားသွန်ကြိုးပမ်းခဲ့သည်။ တည်ငြိမ်လာချိန်တွင် တစ်ဖက်သို့ထွက်ခွာသွားလိုသူများကို ထွက်ခွာလိုသည့်အကြောင်းကို မေးမြန်းပြီး မည်သို့ပံ့ပိုးနိုင်မည်ကို ကြိုးပမ်းပံ့ဖော်သော်လည်း ဆွေမျိုးသညာများ၏ ဆွဲဆောင်မှု၊ အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုရှိခဲ့သည့် အနေအထားများအပေါ် စိုးရိမ်ကြောက်လန့်ဆဲဖြစ်ခြင်းကြောင့် ထွက်ခွာသွားမှုများ များပြားခဲ့ရသည်။ ပဋိပက္ခဖြစ်စဉ်တိုင်းတွင် ထိခိုက်ခံစားမှုအများဆုံးမှာ ဒေသတွင်းရှိ အပြစ်မဲ့အရပ်သားများသာဖြစ်သည်ကို မြင်တွေ့ကြရသည်။

**အပြီးသတ်အစီရင်ခံစာအသက်ဝင်လာခဲ့ပြီ**

ရခိုင်ပြည်နယ်အရေးတွင် မစ္စတာကိုဖီအာနန်ဦးဆောင်သည့် အကြံပေးကော်မရှင်သည် စေ့စပ်သေချာစွာ ပြည်တွင်းပြည်ပဒေသတွင်းပါမကျန် လေ့လာသုံးသပ်မှုများ ပြုလုပ်ထားခြင်းဖြစ်ပြီး အကြံပြုချက်များကို တင်ပြနိုင်ခဲ့ခြင်းဖြစ်သည်ကို မြင်တွေ့ရသည်။ ယင်းအကြံပေးအချက်အလက်များသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေခံ အသိုင်းအဝိုင်းများအကြား သဘောထားတင်းမာမှုများ အပါအဝင် မြန်မာနိုင်ငံအတွက် နိုင်ငံတကာ၏ဖိအားအဖြစ် စိန်ခေါ်မှုကိုပါဖြေရှင်းရန် အကောင်းဆုံးသောလမ်းစပင်ဖြစ်သည်။

ထို့ကြောင့်ပင် ယင်းအခြေအနေကောင်းများ မရရှိရန်၊ ရခိုင်ပြည်နယ်အတွင်းပြဿနာကို မီးအေးအေးဖြင့် တမြည့်မြည့်လှိုက်လောင်စေရန် ရည်မှန်းထားသူများနှင့် ရှိရင်းစွဲကို ပိုမိုကြီးထွားသည့်ပြဿနာအဖြစ် လုပ်ဆောင်ကာ မိမိတို့နိုင်ငံ၏ အချုပ်အခြာနယ်မြေကို အပြီးတိုင်သိမ်းပိုက်လိုသည့်အတွက် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်မှစတင်ကာ အကြမ်းဖက်လုပ်ငန်းများကို စတင်လုပ်ဆောင်လာကြခြင်းဖြစ်သည်။ မည်သို့သော အတားအဆီးများ ရှိပါစေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ

**စာမျက်နှာ ၁၁ သို့** ✳

# ဇူလိုင်နှင့် ဩဂုတ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပြောင်းရွှေ့ရမှုနှင့် ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

ဇူလိုင်နှင့် ဩဂုတ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရာ ဖွင့်လှစ်ခဲ့သော စခန်းစုစုပေါင်း ၃၉၄ ခုတွင် ၃၄၁ ခု ပိတ်သိမ်းပြီး ဖြစ်သည်။

ယခုလက်ရှိအခြေအနေအရ ဖွင့်လှစ်ဆဲစခန်း စုစုပေါင်း ၅၃ ခုတွင် အိမ်ထောင်စု ၄၁၆၁ စု၊ လူဦးရေ ၁၉၂၁၃ ဦး ယာယီ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်သိန်း ၃၀၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မှ ငွေကျပ် ၄၉၆၈ ဒသမ ၆၃၅ သိန်း ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ရေး လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

မောင်တောမြို့နယ် နယ်မြေ(၂) အောင်ဇူနယ်မြေရဲစခန်းမှ ဒုတိယရဲမှူး ထွန်းထွန်းစိုး ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားပြန် တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁)နယ်ခြားစောင့်တပ် Nikuchari ကင်းစခန်းမှ Naib Subedar Md. Mahabubur Rahman ဦးစီး ၁၅ ဦးတို့သည် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၂)မှ (၄၃)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ရဲပြန်ကြား**

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ မောင်တောမြို့တွင် သတင်းရယူ

**မောင်တော ဩဂုတ် ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာ အဖွဲ့များပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နှစ်နိုင်ငံ နယ်စပ်တံတား၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများ နှင့် ကြိုဆိုလက်ခံရေးစခန်းများသို့ သွားရောက်၍ သတင်းရယူကြသည်။

ရှေးဦးစွာ သတင်းမီဒီယာအဖွဲ့သည် နှစ်နိုင်ငံနယ်စပ်တံတားသို့ ရောက်ရှိကြပြီး မှတ်တမ်းဓာတ်ပုံများ ရယူကြသည်။



ထို့နောက် သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းသို့ ရောက်ရှိရာ စခန်းတာဝန်ရှိသူများက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မီဒီယာအဖွဲ့များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

ယင်းနောက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်း အနီး နေထိုင်ကြသူများအား သွားရောက်တွေ့ဆုံ၍ မှတ်တမ်းဓာတ်ပုံရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း - မျိုးသူဟိန်း**
**ဓာတ်ပုံ-ရာမည**

# သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

✳ စာမျက်နှာ ၁၀ မှ

အကြံပေးကော်မရှင်အဖွဲ့ဝင်များသည် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားလျက် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အပြီးသတ်အစီရင်ခံစာကို တင်သွင်းထားနိုင်ခဲ့ပြီး နိုင်ငံတော်ကလည်း မည်မျှပင်ခက်ခဲပါစေ အစီရင်ခံစာ၏ အကြံပြုချက် ၈၈ ချက်အနက်မှ ၈၁ ချက်ကို ကြံ့ကြံ့ခံဆောင်ရွက်နိုင်ခဲ့သည်မှာလည်း ဂုဏ်ယူစရာ အချက်ပင်ဖြစ်သည်။

**ရာဇဝင်ထဲက ရခိုင်မြေအကျည်းတန်ခဲ့ရ**

ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားများသည် ရှည်လျားသည့် ရာဇဝင်သမိုင်းအဆက်ဆက်ဖြင့် မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် အခြေချခဲ့ကြသူများလည်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံ၏ အလှည့်အပြောင်းများနှင့်အတူ မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိခဲ့စဉ်က ရခိုင်တို့ဌာနေ ဓညဝတီမြေသို့ ကိုလိုနီနယ်ချဲ့တို့က ဆန်စပါးစိုက်ပျိုးတင်ပို့ရန်အတွက် အသုံးချခြင်းကို ခံခဲ့ကြရသည်။ အကျိုးအမြတ်ရယူမှုနှင့်အတူ တိုင်းတစ်ပါးမှ လယ်လုပ်သားများအဖြစ် ခေါ်ယူတင်သွင်းလာသည့် ပြောင်းရွှေ့အခြေချသူများ အရေးကိစ္စသည် ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားတို့အတွက်သာမက မြန်မာနိုင်ငံအတွက်လည်း မိမိမြေပေါ်တွင် မိမိတို့၏ လုံခြုံရေးနှင့် ရပ်တည်ရှင်သန်နိုင်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခု၏ အစပင်ဖြစ်သည်။

ကိုလိုနီခေတ်လွန်ကာလတွင် မလိုလားအပ်သည့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့် ပယောဂများကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းများအကြား ယုံကြည်ချက်ပျက်ပြားပြီး မငြိမ်းချမ်းနိုင်သည့် အနေအထားများသည် အေးချမ်းသာယာပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သော သမိုင်းကြောင်း ကြီးမားခဲ့သည့် ရခိုင်ပြည်နယ်အတွက် အရိပ်ဆိုးကြီးသဖွယ် ဖြစ်ခဲ့ရသည်။ တအုံနွေးနွေးအနေအထားများသည် ၂၀၁၂ ခုနှစ်မှစတင်ကာ အသိုက်အဝန်းများအကြား ပဋိပက္ခအနေအထားသို့ စတင်အသွင်ပြောင်းလာခဲ့ခြင်းဟု ယူဆရပါသည်။

**အသင့်တော်ဆုံးမူဝါဒများကို ချမှတ်ဆောင်ရွက်**

နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူချိန်မှစတင်ကာ ရခိုင်ပြည်နယ်အရေးသည် နိုင်ငံအတွက်အရေးကြီးဆုံးသော ဦးစားပေးအမျိုးသားရေးဖြစ်သည်ဟု သတ်မှတ်ထားခဲ့ပြီး လိုအပ်သည့် စီမံမှုယန္တရားများ ချမှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း အခြေချနေထိုင်ကြသည့် အသိုက်အဝန်းများအားလုံး ခေတ်အဆက်ဆက်က ခံစားလာရသည့် ယုံကြည်မှုပျက်ပြားသည့်သောက၊ ဒုက္ခသံသရာကို အဆုံးသတ်နိုင်ရန်အတွက် အခြေအနေအရင်းခံတို့ကို သုံးသပ်စဉ်းစားပေးကာ ဖော်ဆောင်ခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပေးချက်များသည် များစွာအထောက်အကူဖြစ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

**အကြံပေးကော်မရှင်အစီရင်ခံစာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီ**

ယနေ့(ဩဂုတ်လ ၂၄ ရက်နေ့)သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာတင်သွင်းခဲ့သည်မှာ တစ်နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားများ၊ ရခိုင်ဒေသအတွင်း မှီတင်းနေထိုင်ကြသည့်၊ ငြိမ်းချမ်းခြင်းကို အလိုရှိသော ရိုးသားသည့် အသိုက်အဝန်းများအားလုံးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များသည် ရေရှည်အတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဟုလည်း ယုံကြည်ပါသည်။

သို့ရာတွင် ကောင်းသောအကျိုးရလဒ်များ ခံစားရရှိစေရန်အတွက် ဆောင်ရွက်ခဲ့ရသည့် အကြောင်းအရင်း၊ အကောင်အထည်မပေါ်သေးမီ တွေ့ကြုံခဲ့ကြရသည့် အဖျက်အမှောင့်အခြေအနေတို့သည် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် ကြီးမားသည့်စိန်ခေါ်မှုများ ဖြစ်ခဲ့ရသည်။

ယခုအခါ အကြံပြုချက်များအပေါ် အခြေတည်သည့် လုပ်ဆောင်ချက်များ ဖြစ်သော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်၊ လွတ်လပ်စွာသွားလာခွင့်၊ IDP စခန်းများတွင် နေထိုင်ကြသူများ အတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်မှုများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်း၊ မိခင်နှင့်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များ အာဟာရပြည့်ဝရေးလုပ်ငန်း၊ သတင်းရယူခွင့်၊ ပညာသင်ကြားရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှု၊ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး၊ လူမှုသဟဇာတဖြစ်ရေး၊ အိမ်နီးချင်းမိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နယ်စပ်ကိစ္စရပ်များနှင့် ပတ်သက်ဆက်ဆံရေး၊ လုံခြုံရေး၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး စသည့် စသည့် ကဏ္ဍပေါင်းစုံတို့တွင် ပြည့်စုံနိုင်ရေးအတွက် UEHRD ၏ ဦးဆောင်လမ်းညွှန် ထောက်ပံ့ကူညီမှုများဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်နေသည်မှာ အားရစရာကောင်းလှသည်။

ရခိုင်ပြည်နယ်သည် အမုန်းတရားလှိုင်းတံပိုးဒဏ်၊ ပဋိပက္ခမိုးဒဏ်တို့ကြောင့် ခက်ခဲပင်ပန်းခဲ့ကြရဖူးပြီ။ ယနေ့တွင် အစိုးရ၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအပေါ် အပြုသဘောဖြင့် ကူညီကြသည့် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများ၏ စုပေါင်းအင်အားဖြင့် အခက်အခဲပေါင်းများစွာ၊ ဖိအားများစွာကို အတော်အသင့်ကျော်ဖြတ်ခဲ့ကြပြီးဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမောင်နှမများ၊ မှီတင်းနေထိုင်ကြသည့် အသိုင်းအဝိုင်းများအားလုံး အေးချမ်းစွာနေထိုင်သွားနိုင်ရေးအတွက် မည်မျှပင် ခရီးရှည်ပါစေ၊ မည်မျှပင် လှိုင်းကြမ်းပါစေ မိမိတို့၏ ပန်းတိုင်၊ လျှောက်လှမ်းရမည့် အနာဂတ်လမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းသွားခြင်းဖြင့် သာစွဌာနေ ရခိုင်မြေအဖြစ် ပြန်လည်ထူထောင်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။



**ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာမည့် အစ္စလာမ်ဘာသာဝင်များအား မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး ထွက်ခွာသွားခြင်းမပြုရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားနေစဉ်။**



# အာဂျင်တီးနား သမ္မတဟောင်း၏ နေအိမ်များကို ရဲတပ်ဖွဲ့ရှာဖွေ



**ဗျူနိုအေရီ ဩဂုတ် ၂၄**
အာဂျင်တီးနားနိုင်ငံ၏ သမ္မတဟောင်း ခရစ္စတီးနား ဖာနန်ဒက်ဇ်ကာချနာ၏ နေအိမ်များသို့ ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ကာ ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဂျင်တီးနား ဖက်ဒရယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၃ ရက်က အနံ့ခံခွေးများနှင့်အတူ မြို့တော်ဗျူနိုအေရီရှိ ကာချနာ၏ နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး ရှာဖွေစစ်ဆေးမှုများကို ပြုလုပ်ခဲ့ကြသည်။

ကာချနာ၏ လွှတ်တော်ဆိုင်ရာ ကင်းလွတ်ခွင့်ကို တစ်စိတ်တစ်ဒေသ ရုပ်သိမ်းပေးရန် တရားသူကြီး ကလော်ဒီယိုဘိုနာဒီယိုက အထက်လွှတ်တော်သို့ လျှောက်ထားခဲ့ပြီး ယင်းလျှောက်ထားချက်ကို လွှတ်တော်က ခွင့်ပြုပေးခဲ့ပြီး တစ်ရက်အကြာတွင် သမ္မတဟောင်းဖြစ်သူ၏ နေအိမ်သုံးလုံးအတွင်းသို့ ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သမ္မတတာဝန် ထမ်းဆောင်စဉ်အတွင်း စီးပွားရေးသမားများထံမှ လာဘ်ငွေရယူခဲ့မှုဖြင့် ကာချနာမှာ စုံစမ်းစစ်ဆေးခံနေရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်က စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခြင်းကို အီရန်က နိုင်ငံတကာတရားရုံးတွင် စိန်ခေါ်

**သည်ဟိတ် ဩဂုတ် ၂၄**
အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှုအသစ် ချမှတ်ခဲ့ခြင်းနှင့် ပတ်သက်၍ အီရန်နိုင်ငံက တရားဥပဒေကြောင်းအရ စိန်ခေါ်မှုကို နိုင်ငံတကာတရားရုံးက ကြားနာစစ်ဆေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂသတင်းရပ်ကွက်က ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် မိမိတို့၏စီးပွားရေးမှာ ထိခိုက်လာနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံအား ကြီးစွာထိခိုက်စေနိုင်သော စီးပွားရေးပိတ်ဆို့မှုများမှ ရှောင်လွှဲနိုင်စေရန် ကုလသမဂ္ဂ၏ ထိပ်တန်းတရားရုံးတွင် ဥပဒေကြောင်းအရ တရားစွဲဆိုရခြင်းဖြစ်ကြောင်း အီရန်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ရန် သမ္မတ ဒေါ်နယ်ထရန့်၏ဆုံးဖြတ်ချက်အား ကန့်ကွက်သည့် လျှောက်ထားလွှာကို နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့အခြေစိုက် နိုင်ငံတကာတရားရုံးသို့ ပေးပို့ခဲ့သည်။ အီရန်၏ နျူကလီးယားအစီအစဉ်အား ထိန်းချုပ်ကန့်သတ်နိုင်ရန် ရည်ရွယ်သည့် နိုင်ငံတကာသဘောတူညီချက်မှ အမေရိကန် နုတ်ထွက်ကြောင်း မေလတွင် သမ္မတထရန့်က ကြေညာခဲ့ပြီးနောက် အမေရိကန်က အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုအသစ်ပြုလုပ်ရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

သမ္မတထရန့်သည် အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု၏ ပထမအဆင့်ကို ဩဂုတ်လအစောပိုင်းတွင် စတင်ခဲ့သည်။ ဒုတိယအဆင့် စီးပွားရေးပိတ်ဆို့မှုမှာ နိုဝင်ဘာလအစောပိုင်းတွင် စတင်မည်ဆို၏။ သို့ရာတွင် အမေရိကန်အစိုးရအဖွဲ့အနေဖြင့် အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ခွင့်မရှိကြောင်း၊ သို့ဖြစ်၍ အမေရိကန်အစိုးရက စီးပွားရေးပိတ်ဆို့မည့်အစီအစဉ်ကို ချက်ချင်းရုပ်သိမ်းပေးလာစေရေးအတွက် အီရန်နိုင်ငံက နိုင်ငံတကာတရားရုံးထံသို့ တင်ပြလျှောက်ထားခဲ့ကြောင်း အီရန်အစိုးရက ပြောကြားသည်။ **အေအက်ဖ်ပီ**

# တရုတ်သမ္မတ ရှီကျင့်ဖျင် မြောက်ကိုရီးယားနိုင်ငံသို့ စက်တင်ဘာလအတွင်း သွားရောက်ဖွယ်ရှိ

**ပေကျင်း ဩဂုတ် ၂၄**
စက်တင်ဘာ ၉ ရက်တွင် ကျရောက်မည့် မြောက်ကိုရီးယားနိုင်ငံတည်ထောင်ခြင်း နှစ် ၇၀ ပြည့် နှစ်ပတ်လည်အခမ်းအနားကို တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ရန် စီစဉ်မှုများ ပြုလုပ်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်အား မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဖိတ်ခေါ်ခဲ့သည့်အတွက် ပြုံယမ်းသို့ သွားရောက်ရန် စီစဉ်ခြင်းဖြစ်သည်ဟု သံတမန်သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ပြုံယမ်းခရီးစဉ်သည် ၂၀၁၃ ခုနှစ် ၎င်းအာဏာရရှိခဲ့သည့် အချိန်ကစပြီး ပထမဆုံးအကြိမ် ဖြစ်မည်ဖြစ်သည်။ တရုတ်သမ္မတတစ်ဦးအနေဖြင့် ၁၃ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်မည်ဖြစ်သည်။ မြောက်ကိုရီးယား နျူကလီးယားအစီအစဉ်များကြောင့် ပေကျင်းနှင့် ပြုံယမ်းတို့အကြား ဆက်ဆံရေး အနည်းငယ်တင်းမာခဲ့သည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် မေလအတွင်းက တရုတ်နိုင်ငံသို့ ရောက်ရှိစဉ်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ်။

သို့သော် ယခုနှစ် မတ်လတွင် ခေါင်းဆောင် ကင်ဂျုံအန်က တရုတ်နိုင်ငံသို့ ရုတ်တရက်အလည်အပတ်ခရီးသွားရောက်ခဲ့ပြီးသည့်နောက်ပိုင်း နှစ်နိုင်ငံထိပ်သီးအစည်းအဝေး သုံးကြိမ်တိုင်တိုင် ကျင်းပခဲ့သည်။ နျူကလီးယားလက်နက် အပြီးတိုင်စွန့်ပယ်ရေးကိစ္စရပ် နှင့်ပတ်သက်ပြီး မကြာခဏ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးသည် ယခင်ကထက် ပိုမိုတိုးတက်လာစေခဲ့သည်။

ပြုံယမ်း၏ နျူကလီးယားလက်နက် စွန့်ပယ်ရေး အဆင့်တစ်ခုစီတွင် ထိုက်တန်သည့် အသိအမှတ်ပြုမှု လိုအပ်သည်ဟု မြောက်ကိုရီးယား၏ ခံယူချက်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်က ထောက်ခံခဲ့သည်။

နျူကလီးယားအရေးနှင့်ပတ်သက်ပြီး ယင်းသို့ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း တင်းမာမှုများ တဖြည်းဖြည်းပြေလျော့ကာ အဆုံးသတ်သွားမည်ဖြစ်သည်။

သို့သော် အမေရိကန်အစိုးရအဖွဲ့က မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ချမှတ်မှုများကို ဖြေလျှော့ရန် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

ပြုံယမ်းသို့ သမ္မတ ရှီကျင့်ဖျင်၏ ခရီးစဉ်သည် မြောက်ကိုရီးယားနိုင်ငံအပေါ် တရုတ်နိုင်ငံက ထောက်ခံအားပေးမှုများရှိကြောင်း မီးမောင်းထိုးပြခြင်းဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

သမ္မတ ရှီကျင့်ဖျင်က ခေါင်းဆောင်ကင်နှင့် တွေ့ဆုံသည့်အခါတွင် နျူကလီးယားလက်နက် အပြီးတိုင်စွန့်ပယ်ရေးနှင့်ပတ်သက်ပြီး ကနဦးခြေလှမ်းများ စတင်ရန် တိုက်တွန်းပြောကြားမလားဆိုသည်နှင့် ပြုံယမ်း၏ ခံယူချက်ကို ပြောင်းလဲပစ်ရန် အကြံပြုတိုက်တွန်းပြောကြားမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားသို့ ရုရှားတပ်ဖွဲ့ဝင် ၆၃၀၀၀ ကျော် စေလွှတ်ခဲ့ဟုဆို

**မော်စကို ဩဂုတ် ၂၄**
ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခမှုများအတွင်းသို့ ရုရှားနိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင်ဦးရေ ၆၃၀၀၀ ကျော်ကို စေလွှတ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

စစ်နွှံနစ်နေသည့် ဆီးရီးယားတွင် ရုရှားတပ်ဖွဲ့ဝင် စုစုပေါင်း ၆၃၀၁၂ ဦးတို့က တိုက်ခိုက်ချေမှုန်းရေး အတွေ့အကြုံများရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ဗီဒီယိုပြကွက်တစ်ခုအရ ဆီးရီးယားအစိုးရအား ရုရှားက စစ်ရေးအရ ထောက်ပံ့ပေးမှုကို ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းကပင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံသို့ ရုရှားက စေလွှတ်ခဲ့သည့် တပ်ဖွဲ့ဝင်များတွင် အရာရှိ ၂၅၇၃၈ ဦး၊ ဗိုလ်ချုပ် ၄၃၄ ဦး၊ အမြောက်နှင့် ဒုံးကျည်ဆိုင်ရာ ကျွမ်းကျင်သူ ၄၃၄၉ ဦးတို့ ပါဝင်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက ဆီးရီးယားနိုင်ငံတွင် ရုရှားတပ်ဖွဲ့ဝင် ၄၈၀၀၀ ကျော်တို့က စစ်ရေးအရ ပါဝင်တိုက်ခိုက်နေကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုအိဂူက ပြောကြားခဲ့သည်။

ယမန်နှစ်ဒီဇင်ဘာလအတွင်းက ဆီးရီးယားနိုင်ငံတွင်းမှ ရုရှားတပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းရန် သမ္မတပူတင်က အမိန့်ပေးခဲ့သည်။


သို့သော် ရုရှားက စစ်ရေးအရ ဆက်လက်တည်ရှိနေမှုသည် ဆီးရီးယားနိုင်ငံအတွက် ကာလရှည်ကြာစွာ အကျိုးရှိသည်ဟု နောက်ပိုင်းတွင် သမ္မတ ပူတင်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ရုရှားတပ်များ ဆုတ်ခွာမည့် အစီအစဉ်များကို လုပ်ဆောင်ခြင်းမရှိခဲ့ပေ။

ဆီးရီးယားနိုင်ငံတွင်း၌ ရုရှားလေတပ်မှ ပျံသန်းတိုက်ခိုက်မှု အကြိမ်ပေါင်း ၃၉၀၀၀ ပြုလုပ်ခဲ့ပြီး စစ်သွေးကြွဦးရေ ၈၆၀၀၀ ကျော်သေဆုံးခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ပစ်မှတ် ၁၂၁၄၆၆ ခုအား ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

ဆီးရီးယားစစ်ပွဲအတွင်း ရုရှားစစ်ဘက်မှ စစ်လေယာဉ်များ၊ မြေပြင်မှဝေဟင်ပစ် လက်နက်စနစ်များ၊ ခရုဇ်ဒုံးကျည်များ အပါအဝင် အခြားခေတ်မီလက်နက် အမျိုးအစား ၂၃၁ မျိုးကို စမ်းသပ်နိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆီးရီးယားပြည်တွင်းစစ်ပွဲအတွင်းသို့ ရုရှားနိုင်ငံက စစ်ရေးအရ စစ်မျက်နှာစုံမှ ဝင်ရောက်စွက်ဖက်ခြင်းဖြင့် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင် အလှည့်အပြောင်းဖြစ်အောင် အထောက်အကူပေးခဲ့သည်။

၂၀၁၁ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သည့် ဆီးရီးယားပြည်တွင်းစစ်ကြောင့် ပြည်သူ ၃၅၀၀၀၀ သေဆုံးခဲ့ပြီး သန်းပေါင်းများစွာမှာ နေရပ်ဒေသကို စွန့်ခွာသွားခဲ့ကြရသည်။ **အေအက်ဖ်ပီ**





# အိုးထရက်ဖို့ဒ်မှ နည်းပြမော်ရင်ဟို ထွက်ခွာသွားပါက မန်ယူအသင်းနည်းပြဖြစ်လိုကြောင်း ဇီဒန်း ဖွင့်ဟ

မန်ယူအသင်းက နည်းပြမော်ရင်ဟိုကို ထုတ်ပယ်ခဲ့မယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ဇီနက်ဒီ ဇီဒန်းဟာ မန်ယူအသင်းနည်းပြရာထူးကို ကမ်းလှမ်းသွားဖို့ မျှော်လင့်ထားတယ်လို့ သူ့ရဲ့မိတ်ဆွေတွေကို ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

မန်ယူအသင်းနည်းပြမော်ရင်ဟိုဟာ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ လက်စတာကိုနိုင်ခဲ့ပေမယ့် ပွဲစဉ် ၂ မှာတော့ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့မှုအပါအဝင် နွေရာသီဈေးကွက်အတွင်း ကစားသမား ခေါ်ယူမှုဆိုင်ရာကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး သူ့ရဲ့အကြီးမားဆုံးသော အစမ်းသပ်ခံကာလကို ရောက်ရှိလို့နေခဲ့တာပဲဖြစ်ပါတယ်။

မန်ယူအသင်းဟာ မော်ရင်ဟိုကို လူသိရှင်ကြား ထောက်ခံထားတယ်ဆိုပေမယ့် မော်ရင်ဟိုရဲ့နေရာမှာ ဇီဒန်းနဲ့ အစားထိုးမယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဒါ့အပြင် ဇီဒန်းကိုယ်တိုင်ကလည်း မန်ယူအသင်းနည်းပြ ဖြစ်လာဖို့ စိတ်ဝင်စားတယ်လို့လည်း ဆိုခဲ့ပါတယ်။

အသက် ၄၆ နှစ်အရွယ်ရှိ နည်းပြဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ်ဖလား သုံးနှစ်ဆက်တိုက်ရယူပေးခဲ့ပြီးတဲ့ နောက်ငါးရက်အကြာမှာ နည်းပြအဖြစ်ကနေ နှုတ်ဆက်ထွက်ခွာခဲ့တာဖြစ်ပါတယ်။

ဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ်ကနေ ထွက်ခွာသွားခဲ့ပြီးတဲ့နောက်မှာ ပြင်သစ်လက်ရွေးစင်အသင်းနည်းပြဖြစ်လာဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းက ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့တာကြောင့် လက်ရှိနည်းပြ ဒက်ချမ့်ကသာ ပြင်သစ်အသင်းနည်းပြအဖြစ် ဆက်ရှိနေဖို့ အကြောင်းဖန်လာခဲ့ပြီး ဇီဒန်းရဲ့မျှော်လင့်ချက်လည်း ပျောက်ဆုံးခဲ့ရပါတယ်။ ဒါကြောင့် ဇီဒန်းအနေနဲ့ ပရီမီယာလိဂ်မှာနည်းပြဖြစ်လာဖို့ ပြန်လည်ရွေးချယ်လာခဲ့တာဖြစ်ပါတယ်။

ဇီဒန်းဟာ ကစားသမားဘဝမှာ အောင်မြင်မှုရရှိခဲ့သလို နည်းပြဘဝမှာလည်း ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ လာလီဂါဖလားတစ်ကြိမ်၊ စပိန်စူပါဖလားတစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားသုံးကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်နှင့် ဖီဖာကမ္ဘာ့ကလပ်ဖလားနှစ်ကြိမ် စသဖြင့် ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ရာသီသစ်မှာ အာဆင်နယ်၏ အခက်အခဲဖြင့် စတင်ခဲ့ရခြင်းအပေါ် ဝေဖန်ခဲ့မှုများကို နားမလည်နိုင်ဟု မီတာယန် ပြောကြား

ရာသီသစ်တွင် အာဆင်နယ်အသင်း အခက်အခဲများဖြင့် စတင်ခဲ့ရခြင်းအပေါ် ထွက်ပေါ်လာသည့် ဝေဖန်မှုများကို နားမလည်နိုင်ကြောင်း အာဆင်နယ်ကွင်းလယ်ကစားသမား မီတာယန်က ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ပရီမီယာလိဂ် အဖွင့်ပွဲစဉ်နှစ်ပွဲ စလုံးရှုံးနိမ့်ခဲ့ရပြီး ယင်းသို့ရှုံးနိမ့်ခဲ့ရခြင်းမှာ ၁၉၉၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်နှစ်ပွဲတွင် မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ချယ်လ်ဆီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်ပွဲထွက်ကစားခဲ့တဲ့ ဘောလုံးပွဲစဉ်တွေထဲမှာ အဆိုးရွားဆုံးဝေဖန်မှုတွေပါ၊ အခုလောက်ကြီး ဝေဖန်ဖို့မလိုအပ်ပါဘူး"ဟု အသက် ၂၉ နှစ်အရွယ်ရှိ အာမေးနီးယား ကြယ်ပွင့် မီတာယန်က ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းနည်းပြ အမ်မရီသည် ယခုနှစ် ဘောလုံးရာသီ၏ ရာသီအစ ပွဲစဉ်နှစ်ပွဲစလုံးတွင် ကွင်းလယ်ကစားသမား မီတာယန်ကို ထည့်သွင်းအသုံးပြုခဲ့ပြီး




အိမ်ကွင်းတွင် လက်ရှိချန်ပီယံမန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သည့်အပြင် အဝေးကွင်းမှာလည်း ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ရသည်။ သို့ရာတွင် ယင်းနှစ်ပွဲတွင် ကွင်းလယ်ကစားသမား မီတာယန်က တစ်ဂိုးသွင်းပြီး တစ်ဂိုးဖန်တီးပေးနိုင်ခဲ့သူဖြစ်သည်။

"ရာသီအဖွင့်မှာ ကစားခဲ့ရတဲ့ နှစ်ပွဲစလုံးက မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဖြစ်ပြီး အဲဒီအသင်းတွေက အသင်းကောင်းတွေပါ၊ လွယ်ကူတဲ့ပြိုင်ဘက်တွေမဟုတ်ခဲ့လို့ ရှုံးနိမ့်ခဲ့ရတာပါ"ဟု ကွင်းလယ်ကစားသမား မီတာယန်က ဆိုသည်။

ကွင်းလယ်ကစားသမား မီတာယန်ကို နည်းပြအာစင်ဝင်းဂါး အာဆင်နယ်အသင်းနည်းပြအဖြစ်မှ မထွက်ခွာမီ ဇန်နဝါရီလအတွင်းက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အာစင်ဝင်းဂါး ထွက်ခွာသွားပြီးနောက် နည်းပြအမ်မရီက အစားထိုးနည်းပြဖြစ်လာခဲ့သည်။

လက်ရှိတွင် အာဆင်နယ်အသင်းနည်းပြသစ် အမ်မရီမှာ အာဆင်နယ်အသင်းကို ပရီမီယာလိဂ်နှစ်ပွဲ ကိုင်တွယ်ခဲ့ပြီးချိန်တွင် နှစ်ပွဲစလုံးရှုံးနိမ့်ထားခဲ့ခြင်းကြောင့် အမ်မရီကိုလည်း ဝေဖန်မှုအချို့ရှိခဲ့ကြောင်း သိရသည်။

## ဘောလုံးလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့ပြီးနောက် စီရိုနယ်လ်ဒို၏ နေရာတွင် အစားထိုးရန်အတွက် ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး မက်ပီအား စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- **ပီအက်စ်ဂျီအသင်းသည် ခရိုအေးရှားကွင်းလယ်ကစားသမား ရာကီတစ်အား ပြောင်းရွှေ့ကြေးပေါင် ၈၁ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။**
- ရီးယဲလ်ဘတ်တစ်အသင်းသည် မန်စီးတီးအသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ ယူကရိန်းကြယ်ပွင့် ဇင်ချန်ကိုအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် တရားဝင်ချဉ်းကပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။
- **ဘီဆစ်တက်ခ်အသင်းသို့ နှစ်ရာသီကြာအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည့် လီဗာပူးအသင်းဂိုးသမား ကာရီးယပ်သည် တူရကီနိုင်ငံ၏ အများပြည်သူရုံးပိတ်ရက်များကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။**

# နောက်ခံလူ ဒန်နီရိုစ့်အား စပါးအသင်း ရောင်းချမည်

စပါးအသင်းနည်းပြ ပိုချက်တီနိုသည် နောက်တန်းကစားသမား ဒန်နီရို့စ်အား ရောင်းချမည်ဖြစ်ပြီး ယခုလအတွင်း စပါးအသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုအနေဖြင့် ဒန်နီရို့စ်၏ နေရာတွင် အစားထိုးရန် အသင့်မရှိသော်လည်း ဥရောပ အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းမည့် ဩဂုတ် ၃၁ ရက်မတိုင်မီ အဆိုပါနောက်တန်းကစားသမားအား ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

နောက်တန်းကစားသမား ဒန်နီရို့စ်အား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အဆိုပါ အသင်းနှစ်သင်းထဲက တစ်သင်းထံ ရောင်းချဖွယ်ရှိနေကြောင်းလည်း သိရသည်။



နောက်တန်းကစားသမား ဒန်နီရို့စ်သည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွင်း ဥရောပ၏ အကောင်းဆုံးနောက်တန်းကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့သော်လည်း လွန်ခဲ့သည့် ၁၈ လအတွင်း နည်းပြပိုချက်တီနို၏ လက်အောက်တွင် ဒန်နီရို့စ်၏ ခြေစွမ်းအနည်းငယ်ယိမ်းယိုင်ခဲ့ရသည်။ ဒါ့အပြင် လွန်ခဲ့သည့် ၁၅ လအတွင်းက ဖြစ်ပေါ်ခဲ့သည့် ဒန်နီရို့စ်၏ ဝေဖန်မှုမှာ နည်းပြပိုချက်တီနို၊ စပါးအသင်းနှင့် ဒန်နီရို့စ်တို့အကြားရှိ ဆက်ဆံရေးဆိုးရွားလာခဲ့သည်။ ယင်းမှာ ဒန်နီရို့စ်အနေဖြင့် လုပ်ခလစာအပေါ် စပါးအသင်းအား ဝေဖန်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဘယ်နောက်ခံကစားသမား ဒန်နီရို့စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ပွဲစဉ် ၁၀ ပွဲသာပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ၎င်းကစားနေကျနေရာတွင် နောက်တန်းကစားသမား ဘန်ဒေးဗီးစ်ကို ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ကမူ နောက်တန်းကစားသမားဒန်နီရို့စ်အား အင်္ဂလန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပါဝင်ကစားခွင့်ရရန်ခေါ်ဆောင်သွားခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ဖလားမှာလည်း ဒန်နီရို့စ်၏ ခြေစွမ်းထင်တိုင်းမပေါက်ခဲ့ပေ။

လက်ရှိတွင် နောက်တန်းကစားသမား ဒန်နီရို့စ်သည် စပါးအသင်းနှင့်အတူ ရာသီသစ်တွင်လည်း တစ်ပွဲမှ ပါဝင်ကစားခွင့်မရရှိသေးကြောင်း သိရသည်။

# အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

Delivery Van များအား ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် တင်သွင်းရာတွင် မူဝါဒနှင့် ကိုက်ညီမှု မရှိသော ယာဉ်များကို ဆိပ်ကမ်းပြင်ပသို့ ထုတ်ယူခွင့်ရရှိရန်အတွက် Custom Agent မှ တစ်ဆင့် ငွေပေးဆောင်ရခြင်းနှင့် သွင်းကုန်လုပ်ငန်းရှင်များ အနေဖြင့် ဆိပ်ကမ်းမှ ပစ္စည်းများထုတ်ယူရာတွင် Custom Agent မှတစ်ဆင့် ငွေကြေးပေး၍ ထုတ်ယူနေရသည့် အစဉ်အလာဖြစ်နေခြင်းတို့ကို စုံစမ်းဖော်ထုတ်ပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ထပ်မံစစ်ဆေးပေါ်ပေါက်ချက်များအရ ကြီး/ကော်မူဝါဒနှင့် ကိုက်ညီမှုမရှိသော Delivery Van မော်တော်ယာဉ်များ ထုတ်ယူရာတွင် Shinning Star Agency ၏ Agent ထံမှ EO အကောက်ခွန်ဝန်ထမ်းနှစ်ဦးက ငွေကျပ် ၄၄ သိန်းကိုလည်းကောင်း၊ Appraiser အကောက်ခွန်မှူး နှစ်ဦးက ငွေကျပ် ၁၁ သိန်းကိုလည်းကောင်း၊ ဦးစီးအရာရှိက ငွေကျပ် ၁၁ သိန်းကိုလည်းကောင်း၊ Metal Seal တပ်ဆင်ပေးသည့် PC လက်ထောက်အကောက်ခွန်မှူးက ငွေကျပ် ၅၅၀၀၀၀ ကို လည်းကောင်း လာဘ်ငွေများအဖြစ် ရယူခဲ့ခြင်း၊ ကြီး/ကော်မူဝါဒနှင့်ကိုက်ညီမှုမရှိသော Delivery Van ယာဉ် ၁၁ စီး၊ MIPL ဆိပ်ကမ်းမှ ထုတ်ယူရာတွင် လင်းယုန် Agency ၏ Agent ထံမှ တစ်စီးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် EO ဒု-အကောက်ခွန်မှူးနှစ်ဦးက ယာဉ်ခုနစ်စီးအတွက် ငွေကျပ် သိန်း ၇၀ ကို လည်းကောင်း၊ EO အကောက်ခွန်မှူးက ယာဉ်တစ်စီးအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဒု-အကောက်ခွန်မှူးက ယာဉ်သုံးစီးအတွက် ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း လက်ခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်အရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် EO အကောက်ခွန်မှူး ဦးကျော်ခိုင်မင်း၊ ဒုတိယအကောက်ခွန်မှူး ဦးနေမင်းထက်၊ ထုတ်/သွင်းဌာနခွဲမှ Appraiser အကောက်ခွန်မှူး ဦးဟန်ဝင်းအောင်၊ အကောက်ခွန်မှူး ဦးမျိုးဝေ၊ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်၊ လက်ထောက်အကောက်ခွန်မှူး ဦးသန်းအေး-၆၊ ဦးစီးအရာရှိ ဦးမလန်ရှုရွယ်၊ ဒု-အကောက်ခွန်မှူး ဦးဇော်နိုင်ဦး၊ ဒု-အကောက်ခွန်မှူး ဦးစိုးမင်းသန်းနှင့် ဒု-အကောက်ခွန်မှူး ဦးသန်းထိုက်အောင်တို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရလည်းကောင်း၊ ကြီး/ကော် မူဝါဒများနှင့်ကိုက်ညီမှုမရှိဘဲ တင်သွင်းလာသည့် Delivery Van ယာဉ်များကို ဆိပ်ကမ်းမှ ထုတ်ယူရာတွင် ဆိပ်ကမ်းတာဝန်ကျဝန်ထမ်းများက လာဘ်ငွေများ လက်ခံရယူခဲ့သည့် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကွင်းဆင်းကြီးကြပ် စစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ယင်းသို့ ဆောင်ရွက်နိုင်ရန် မျက်ကွယ်ပြု၍ အဂတိလိုက်စားမှုကျူးလွန်နိုင်ရန် ပူးပေါင်းကြံစည်ခြင်း (သို့မဟုတ်) အားပေး ကူညီခြင်းဖြစ်ခြင်းကြောင့် ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ၊ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၊ ညွှန်ကြားရေးမှူး ဦးကျော်ညွှန့်အောင်၊ MIPL ဆိပ်ကမ်းကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးစီးအရာရှိ ဦးမလန်ရှုရွယ်တို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း အရေးယူဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါနယ်မြေ မြို့မရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးကိုနီလုပ်ကြံခံရမှုမှ ဇေယျာဖြိုးအား ဆက်လက်စစ်ဆေးမေးမြန်း

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအမှုနှင့် ပတ်သက်၍ လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသော သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင် တရားရုံးသို့ ယနေ့နံနက် ၁၀ နာရီက ရုံးချိန်းပေါ်င်း အချိန်း ၇၀ မြောက် ရုံးထုတ်ခဲ့ပြီး စွဲချက်တင်ခံထားရသူ ဇေယျာဖြိုးအား ငါးကြိမ်မြောက် စစ်ဆေးမှုပြုလုပ်ခဲ့သည်။

လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသူ ဇေယျာဖြိုးအား တရားလိုဘက်ရှေ့နေများက သက်သေခံအဖြစ် တင်သွင်းထားသော CCTV မှတ်တမ်း၊ ဖုန်းမှတ်တမ်းများ၊ စာရွက်စာတမ်းများဖြင့် တိုက်ဆိုင်ကာ အပြန်အလှန်စစ်မေးခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် ယနေ့ရုံးချိန်းကုန်ဆုံးထိတိုင် အဓိကစစ်မေးမှုများ မပြီးဆုံးသည့်အတွက် နောက်တစ်ပတ်ရုံးချိန်းတွင်လည်း ဇေယျာဖြိုးကိုသာ ဆက်လက်စစ်မေးသွားမည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယင်းအမှုစစ်ဆေးနေခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ (ယာယီ) ဒုတိယခရိုင်တရားသူကြီး-၅ ဦးမောင်မောင်အေးက "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ နဲ့ စွဲချက်တင်ခံထားရသူ ဇေယျာဖြိုးကို တရားလိုဘက်ရှေ့နေများက အပြန်အလှန် စစ်မေးကြပါတယ်။ ရုံးချိန်းကုန်ဆုံးထိတိုင် မပြီးပြတ်သေးတဲ့အတွက် ဩဂုတ် ၃၀ ရက် ကြာသပတေးနေ့မှာ ဇေယျာဖြိုးကိုပဲ ထပ်မံစစ်ဆေးဖို့ ချိန်းဆိုထားပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကြက်စာအိတ်များတင်ယာဉ် လမ်းဘေးထိုးကျ တိမ်းမှောက်

**ကျောက်တံခါး ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၇/၆ နှင့် ၇ အကြား ရင်းတိုက်ကုန်း ကျေးရွာအနီး၌ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ကြက်စာအိတ်များ တင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းမြသောင်း မောင်းနှင်သည့် ကုန်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ထိခိုက်ဒဏ်ရာမရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မောင်းမြသောင်းအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၃၈ စီး၊ သွင်းကုန် ၅၄၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၄၅ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄ ဒသမ ၇၀၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၃၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀ ဒသမ ၀၃၄ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ပို့ကုန်ယာဉ် ငါးစီးကို ရှောင်တခင်စစ်ဆေးခဲ့ရာ စုစုပေါင်း ပိတောက်ခွဲစားရွေ ၄ ဒသမ ၁၆၀၈ တန်၊ သွင်းကုန်ယာဉ် နှစ်စီးကို ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော Ammonium Nitrate(1×40 kg) အိတ် ၃၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သည့် ယာဉ်ခုနစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈ ဒသမ ၉၈၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## ပြည်ပမှတင်သွင်းသည့် စက်ဆီ၊ ချောဆီများအား နမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများ၏ ပြည်ပမှ စက်ဆီ၊ ချောဆီတင်သွင်းခြင်းနှင့်ပတ်သက်၍ စိစစ်ခွင့်ပြု ဆောင်ရွက်လျက်ရှိရာတွင် စက်ဆီချောဆီ New Brand ပထမအကြိမ် တင်သွင်းမှုကိုသာ နမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး အရည်အသွေးမှန်ကန်ပါက ထုတ်ယူဖြန့်ဖြူးသုံးစွဲခွင့်ပြုခဲ့ပါသည်။

၂။ ယခုကဲ့သို့ ပြည်ပမှတင်သွင်းသည့် စက်ဆီ၊ ချောဆီများနှင့်ပတ်သက်၍ တင်သွင်းသည့် စက်ဆီ၊ ချောဆီတိုင်း အရည်အသွေးကောင်းမွန်မှန်ကန်မှုရှိစေပြီး ပြည်တွင်းဈေးကွက်အတွင်း သုံးစွဲသူပြည်သူလူထု၏ ယုံကြည်မှုပိုမိုရရှိစေရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တင်သွင်းသည့် အကြိမ်တိုင်း နမူနာရယူပြီး အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ပါကြောင်းနှင့် အရည်အသွေး မှန်ကန်မှုရှိမှသာ ထုတ်ယူဖြန့်ဖြူးသုံးစွဲခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**


# မြိတ်မြို့ရှိ ကမ္ဘောဇဘဏ်ခွဲ(၃)၌ ငွေလုယူသူအား နှစ်နာရီအတွင်း ဖမ်းမိ

**မြိတ် ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ရှိ ကမ္ဘောဇဘဏ်ခွဲ(၃)၌ ဩဂုတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ငွေလုယူမှုဖြစ်ပွားခဲ့ရာ ငွေလုယူသူအား နှစ်နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘဏ်အတွင်းသို့ အရိုးတစ်ပေခန့်၊ အသွား တစ်ပေခန့်ရှိ စတီးရိုးတပ်ဓားမကောက်အား ကိုင်ဆောင်ကာ ကောင်တာ(၂) နှင့် ကောင်တာ (၅) မှ ငွေကျပ် ငါးသိန်းအား ဓားပြခြိမ်းခြောက်ယူဆောင်ပြီး Dream 125 ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည့် ပြစ်မှုကျူးလွန်သူမှာ မြိတ်မြို့ မြိတ်တောင်နယ်မြေ မြို့သစ် (၇)ရပ်ကွက် ယုဇနလမ်းနေ မင်းမင်းစိုး(ခ) မင်းစိုးဖြစ်ကြောင်း သိရပြီး မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း ကြီးကြပ်ကွပ်ကဲမှုဖြင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ဖမ်းဆီးခဲ့ရာ ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ပြန်လည်ခုခံသဖြင့် သေနတ်ဖြင့် ပစ်ဖောက်ခြောက်လှန့်ဖမ်းဆီးရာ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းမင်းစိုး(ခ) မင်းစိုးအား မြိတ်မြို့ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၈-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ Weekly Sport Info
၈း၃၅ ပန်းပျိုးခင်း (အပိုင်း-၄၇)
၈း၅၀ "သက်စောင့်ဓာတ်(၈)မျိုး အားဖြည့်ဆန်အကျိုး"
၉း၁၅ News Watch TV
၉း၄၀ မြစ်မခမီဒီယာ (သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
၁၀း၃၀ လုံမမှတ်စု (၅၀)
၁၀း၄၅ ကဗျာရိပ်မြုံ "ကိုယ်ပိုင်စွမ်းအား"
၁၁း၀၀ NHK အစီအစဉ် (အမှားပြုလုပ်ခြင်းမှ တားဆီးပေးသောကိရိယာ)
၁၁း၂၅ ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ဆေးဖက်ဝင်ကွမ်းရွက်"
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၉)
၁၃း၅၀ "မဆုံးနိုင်သောချစ်ခြင်းမေတ္တာ"

**ညပိုင်း**

၁၆း၃၅ "ဂရုပြုလိုက်နာဖွယ် ရထားလမ်းကူးအန္တရာယ်"
၁၇း၀၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇း၂၀ NHK အစီအစဉ် (ဒီဟာက အားပိုသက်ရောက်စေပါတယ်)
၁၇း၃၅ "တစ်ခါတစ်ခေါက် ရောက်အောင်လာပါ မြို့လပွတ္တာ"
၁၈း၂၀ ဇာတ်လမ်းအတိုအထွာပြိုးစရာ "420" (ဆလိုင်းလွမ်း၊ ပန်းချီစိန်ကျော်ဝင်း၊ ဟိန်းမင်း၊ စိုးကို၊ အေးမိစံ၊ ဝိုင်းပုံချစ်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်)
၁၈း၃၅ Tasty Trip
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၁၆)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခြင်း" (မြန်မာဘာသာပြန်)
-Britain's Got Talent (15)
-နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၁၄)
-အစီအစဉ်ပြီး၏။

# ရှေ့နေနှင့်မေတ္တာစိတ်

ဦးဟန်ညွှန့်(ဉပဒေ)

"ဆရာ"

"ဗျာ"

"မျက်နှာမကောင်းပါလား"

"အေးဗျာ"

"ဒေါသနဲ့ရေးတဲ့စာတွေ၊ အမုန်းစကားတွေကျွန်တော်ဖတ်နေ၊ တွေ့နေရလို့"

"ဘယ်မှာလဲဆရာ"

" ဖေ့စ်ဘွတ်နဲ့စာနယ်ဇင်းနေရာအနှံ့မှာဆိုပါတော့"

"ကိုယ့်ခံစားချက်ကို လွတ်လွတ်လပ်လပ်ရေးတာပဲဆရာ၊ မရေးရဘူးလား။ အမှားအမှန်ဝေဖန်ဖို့ လိုသေးသလား။ ဆရာက ဘယ်လိုခံစားနေရလို့လဲ"

"ဩော်. . . "

"ဩော်. . . တစ်လုံးသာ အသံထွက်မိသည်" ကျွန်တော်ဘာပြန်ပြောရမှန်းမသိ။ တွေးမိတိုင်း ပေါ်လာသော ခံစားချက်များကို မေတ္တာစိတ်ဖြင့် အောက်ပါအတိုင်း ကျွန်တော်ရေးမိပါ၏။ ရှေ့နေနှင့် မေတ္တာစိတ်ဟု အမည်ပေးပါရစေ။

**လှုပ်ရှားနေသော ကျွန်တော့်စိတ်**

ကျွန်တော့်စိတ်တွေ လှုပ်ရှားနေလေသည်။ ရင်ခုန်နေလေသည်။ တည်ငြိမ်အောင်ကြိုးစားဦးမှ။ ဘယ်လိုလုပ်ရပဲ့။ အိမ်စာကြည့်ခန်း စာအုပ်စင်မှ စာရေးဆရာ၊ ဒါရိုက်တာ ဆရာကြီးဦး(သုခ) ရေးသော မေတ္တသုတ်စာအုပ် ရှာဖွေတွေ့ရှိပါပြီ။ ဘာတွေရေးထားပါလိမ့်။ ဖတ်စို့။

မေတ္တသုတ်ဆို၍ မေတ္တာအကြောင်းမျှသာ မဟုတ်။ ဘာသာရေး အခြေခံပိုင်းမှအစ သိမှတ်ဖွယ်များ အပြည့်အသိပ် ပါဝင်သည်။ ပါဠိတစ်လုံး တစ်လုံး၏ အဓိပ္ပာယ်ကို ရှင်းမြစ်ကျကျ သာဓက ခိုင်ခိုင်မာမာဖြင့် ထောက်ပြထားသည်။ ဇာတ်နိပါတ်၊ ပုံပြင်ဝတ္ထုစသည်တို့ဖြင့် တန်ဆာဆင်၍ သဘောတရားတစ်ခုတစ်ခုကို မပေါ်လွင်ပေါ်လွင်အောင် ပို့ထားသည်ဟု ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က အစီရင်ခံဖော်ပြသည်။

"အကယ်ဒမီသုံးလေးခုရသော ရုပ်ရှင်ကားတစ်ကား ထုတ်လုပ်ရသည်ထက် အဆပေါင်းများစွာ ကိုယ်အားဉာဏ်အား စေစားရသော၊ အကျိုးကြီးသော မေတ္တသုတ်ပါတကား" ဟု ဆရာကြီး ဦးသုခ၏ စာအုပ်ကို ဆရာကြီး ဓမ္မစရိယ ဦးဌေးလှိုင်က ဂုဏ်ပြုချီးကျူးထားပြန်ပေသေးသည်။

**စာရေးဆရာမကြီးဒေါ်ခင်မျိုးချစ်၏ မေတ္တာစိတ်**

စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်ကလည်း-

"ကိုယ့်တစ်ကိုယ်အတွက် အာရုံခံစားဖို့ ရလေလိုလေမရောင့်ရဲနိုင်သူအဖို့ သူတစ်ပါးအပေါ်၌ မေတ္တာတရားအဘယ်မှာ ထားနိုင်ပါတော့မည်နည်း။ အကျင့်သီလသိက္ခာကိုလည်း အဘယ်မှာ စောင့်စည်းနိုင်ပါတော့မည်နည်း။

"ထိုမှတစ်ဖန် မေတ္တာနှင့် ယှဉ်သောစိတ်ကို မမေ့မလျော့ဆောက်တည်လာနိုင်သောအခါ မှားယွင်းသော အယူဝါဒများ မကပ်ငြိဘဲ သီတင်း၊ သီလနှင့် ပြည့်စုံပေမည်။ နောက်ဆုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ပေါက်ရောက်နိုင်သော လမ်းစဉ်ဖြစ်ပေသည်" ဟု မေတ္တာစိတ်ဟူသည့်အဓိပ္ပာယ်ကို မေတ္တသုတ်စာအုပ်တွင် ဖွင့်လှစ်အမှာ ရေးခဲ့ပါသည်။

**မေတ္တသုတ်ပရိတ်တော်**

အို . . . သူတော်ကောင်းတို့။

"အကြင်မေတ္တသုတ် ပရိတ်တော်၏ အစွမ်းရှိန်စော်အာနုဘော်ကြောင့် နတ်အများတို့သည် ကြောက်မက်ဖွယ်အာရုံတို့ကို မပြနိုင်ကုန်။ အကြင်မေတ္တသုတ်ပရိတ်တော်ကို နေ့-ညမပြတ်၊ အခါခပ်သိမ်း၊ ပျင်းရိခြင်းမရှိဘဲ စွဲမြဲရွတ်ပွားအားထုတ်သူသည် ချမ်းသာစွာ အိပ်စက်ရ၏။ အိပ်မက်ဆိုးတို့ကို မမြင်မမက်ရ။ ဤသို့ အစရှိသော အကျိုးရလဒ်အာနိသင်နှင့် ပြည့်စုံသော ထိုမေတ္တသုတ် ပရိတ်တော်ကို ငါတို့သည် ရွတ်ကြကုန်အံ့။ အဲဒါအကျိုးအာနိသင်ကို အကျဉ်းအားဖြင့် ပြတာ။ မေတ္တာ၏အကျိုး ဆယ့်တစ်ပါးလိုပြတာက "ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်း၊ လူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မတွေ၊ သေသောအခါ ပြဟ္မာရွာ၊ လားရာ၊ မေတ္တာကျိုး။ အဲသလိုဘုရားဟောတယ်" ဟု ဆရာကြီး ဦးသုခက စာ ၂၆ တွင် ညွှန်ပြရေးသားခဲ့သည်။

**ရိုးသားဖြောင့်မတ်ရမယ်**

ရိုးသားတယ်ဆိုတာကတစ်မျိုး၊ ဖြောင့်မတ်တယ်ဆိုတာက တစ်မျိုးကွ။ ရိုးသားတယ်ဆိုတာက သူတစ်ပါးအပေါ် မဟုတ်တာ မလုပ်တာလောက်ပဲ အဓိပ္ပာယ်ရှိလိမ့်မယ်။ ဖြောင့်မတ်တာကျတော့ သူများကိုလည်း မလိမ်တာ။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မလိမ်တာလို့ ပြောရမလားဘဲ။

မိမိကိုယ်ကို မိမိကြည်ညိုနိုင်အောင် သိက္ခာရှိရမယ်။ ဖြောင့်မတ်ရမယ်။ သူတစ်ပါးကိုလည်း ကိုယ်က မလိမ်နဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မလိမ်နဲ့ပေါ့။ (စာ-၂၉)

**နူးညံ့သိမ်မွေ့ခြင်း**

နူးညံ့သိမ်မွေ့ခြင်း အဓိပ္ပာယ်ကတော့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး ခက်ထန်ခြင်းမရှိ၊ နူးညံ့သိမ်မွေ့ရမယ်။ (စာ-၄၅)

**နှစ်ဖက်သွားဓား**

လယ်တီဆရာတော်ကြီးက မေတ္တာတရားဟာ နှစ်ဖက်သွားဓားနဲ့တူတယ်တဲ့။ ဒီဓားကို လာလုရင် လုတဲ့လူသာ အထိအရှ ဖြစ်ရမှာပဲတဲ့။ (စာ-၁၃၀)

**မီးနှင့် ရေ**


ဒေါသက မီးနဲ့တူတယ်။ အဒေါသက ရေနဲ့တူတယ်။ မေတ္တာဆိုတာ အဒေါသ စေတသိကလို့မှတ်ရပါမယ်။ မီးနဲ့တူသော ဒေါသဖြင့် နှိပ်စက်သည်ဖြစ်စေ၊ မိမိထံသို့ အကျိုးမဲ့ပြုခြင်းငှာလာသော ရန်သူကို ရန်တုံ့မမူဘဲ ရေနှင့်တူသော မေတ္တာဖြင့်သာ သူတစ်ပါး၏ ဒေါသမီးကို ပြေစေ၊ အေးစေရမည်။ ငြိမ်းစေရမည်။ (စာ-၁၃၂)

> ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်။ သူတစ်ပါးမနာလို ကိုယ်အကျိုးမရှိ။ သူတစ်ပါးကောင်းစားခြင်းကို မေတ္တာပွားပါ။ ကျေနပ်ပါ။ ကြည်နူးပါ။ ထပ်ဆင့် မေတ္တာ . . .

**ဖတ်ရှုမှတ်သား၍ မကုန်**

ဆရာကြီးဦး(သုခ)၏ မေတ္တသုတ်စာအုပ်တွင် မေတ္တာပွားများ ရှေးဦးကျင့်ဆောင်ရမည်။ အခြေခံများ (၁) မှ (၇)ထိ ပါဝင်သည်။ ဗြဟ္မစိုတရား(၁၊ ၂၊ ၃) နှင့် မေတ္တသုတ်ပါဠိတော်၊ မေတ္တသုတ် နိဿယတို့လည်း ပါဝင်သည်။ ပါဠိများနှင့် ရေးထား၍ မူလက နားမလည်မည်ဟု စိုးရွံ့မိသေးသည်။ သို့သော်ငြား ဆရာကြီးက ရှင်းမြစ်ကျကျ၊ ရှင်းလင်းရေးပြ၍၊ သဘောကျ မှတ်သားခွင့်ရသည်။

(အကျယ်ကို ထိုစာအုပ်တွင် ဆက်လက်ဖတ်ရှုစေချင်ပါသည် )




**မေတ္တာစျာန်**

ရပ်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ အိပ်လျက်ဖြစ်စေ၊ ငိုက်မျဉ်းခြင်း ကင်းနေသော အချိန်မှာ မေတ္တာစျာန်သတိကို စွဲမြဲစွာ ဆောက်တည်ရာ၏။ ဤဘုရားရှင် သာသနာတော်၌ ဤမေတ္တာစျာန်သတိဖြင့်နေခြင်းကို ဗြဟ္မဝိဟာရ(ထူးမြတ်သောနေခြင်းမျိုး) ဟူ၍ ဘုရားရှင်များ ဟောကြားတော်မူခဲ့သည်။ (စာ-၂၅၉) (အကျယ်ကို လေ့လာဖတ်ရှုသင့်ပါသည်)

**အမုန်းစကား**

သတင်းမှား၊ သတင်းလိမ်၊ မမှန်မကန်၊ အကြံအဖန်မျိုးစုံဖြင့် သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း၊ အထင်အမြင်အယူအဆလွဲမှားစေကြောင်း၊ ဘဝပျက်စီးစေကြောင်း၊ ဒုက္ခလှလှတွေ့စေကြောင်း၊ ယုန်ထင်ကြောင်ထင်ဖြစ်စေကြောင်း၊ နည်းမျိုးစုံဖြင့် အမုန်းစကားပွားကြခြင်းအား သတိနှင့် ဆင်ခြင်၊ ဉာဏ်အမြင်နှင့် သုံးသပ်၍ ဆုံးဖြတ်ကြပါကုန်။ နေ့စဉ်ကြုံရသော အမုန်းစကားများ ဘယ်နားသွားထားပါလိမ့်။

ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်။ သူတစ်ပါးမနာလို ကိုယ်အကျိုးမရှိ။ သူတစ်ပါးကောင်းစားခြင်းကို မေတ္တာပွားပါ။ ကျေနပ်ပါ။ ကြည်နူးပါ။ ထပ်ဆင့်မေတ္တာဝေပါ။ လောဘစိတ်မဖြစ်နှင့်။ ဒေါသစိတ် မဖြစ်နှင့်။ မောဟစိတ်မဖြစ်နှင့်။ မပူလောင်သင့်။ ဤသို့ကျွန်တော် ယုံသည်။

ရိုင်းစိုင်းမည်လား။ ကြမ်းတမ်းခက်ထန်မည်လား။ ပုတ်ခတ်ဆဲရေးမည်လား။ ပူလောင်မည်လား။ အမုန်းစကားပွားမည်လား။ အသင်၏ ဒေါသမီးကို မေတ္တာရေဖြင့် ငြိမ်းအံ့။ မေတ္တာစိတ်ဖြင့် အေးချမ်းစေအံ့။

**(ကွယ်လွန်သူ စာရေးဆရာ ဒါရိုက်တာ ဆရာကြီး ဦးသုခအား ရိုသေစွာ ရှိခိုးကန်တော့လျက်)**

## ဟင်္သာတခရိုင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့စကားဝိုင်းကျင်းပ

**ဟင်္သာတ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပွဲကို ယနေ့နံနက် ၉ နာရီက ဓနုဖြူတိုက်နယ်ကျေးရွာ အုပ်စုလေးဆူဓမ္မာရုံ၌ ကျင်းပသည်။

ယင်းနောက် စကားဝိုင်းကို ဦးဆောင်ဆွေးနွေးမည့် ဟင်္သာတမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ထွဋ်ဝေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဇော်မင်း၊ စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းလွင်ဦး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဖြူစင်သက်တို့က ဌာနလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ဓနုဖြူတိုက်နယ်တွင်းမှ ဓနုဖြူ၊ အင်ရမ်း၊ နွယ်ခွေ၊ သစ်ဖြူကွင်း၊ ရွာသာ၊ ကညင်ကောက်၊ ဆင်မသေ (ဓနုဖြူ)၊ သဲဖြူ(ဓနုဖြူ)၊ ကင်မွန်းချောင်း၊ ကရင်အင်း၊ မြို့ကွင်း၊ ပြာသာ၊ ငါးဖား၊ ငါးဖယ်ထူကျေးရွာအုပ်စု ၁၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့များ တက်ရောက်ခဲ့ကြပြီး ကျေးရွာအုပ်စုဒေသလိုအပ်ချက်များ တင်ပြဆွေးနွေးမေးမြန်းပြီး ဦးဆောင်ဆွေးနွေးသူများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားခဲ့သည်။



ဟင်္သာတခရိုင်၌ ဒေသလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများတွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းများကို အင်္ဂပူ၊ ကြံခင်း၊ မြန်အောင်၊ ဇလွန်၊ ဟင်္သာတမြို့နယ်များတွင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ခရိုင်တွင်းကျန်ရှိသည့် အခြားမြို့နယ်တွင်လည်း ဆက်လက်ကျင်းပနိုင်ရန် စီစဉ်ထားကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သူဇာက ပြောကြားသည်။

ကျော်ကျော်(ပြန်/ဆက်)

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းစည်းဝေးပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၄**

ဆဌမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဒုတိယအကြိမ် မွန်ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက ဆဌမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ယခင်နှစ်များကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ အကြံဉာဏ်များ ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အတွင်းရေးမှူး ရဲမှူးကြီးသက်နိုင်၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးမိုးဦး၊ အမှတ် (၉)၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူးနှင့် တက်ရောက်လာကြသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များက ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်ရဲတပ်ဖွဲ့



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အခွန်အများဆုံး ထမ်းဆောင်သူများဂုဏ်ပြုပွဲ တက်ရောက်

**စစ်ကိုင်း ဩဂုတ် ၂၄**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိပြီး အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ်မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ပြောင်းလဲနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဩဂုတ် ၂၄ရက် နံနက် ၁၀ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ် အခွန်အများဆုံး ထမ်းဆောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်ပွဲတွင် ပြောကြားသည်။

"ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၇၅ရာခိုင်နှုန်းကျော် ကောက်ခံပေးတဲ့ ဌာနဖြစ်ပြီး လူအများနဲ့ ဆက်သွယ်ဆောင်ရွက်နေရတဲ့အတွက် လိုအက်ချက်ရှိနေမှာဖြစ်ပါတယ်။ ပြည်တွင်းအခွန်ဦးစီးဌာနအနေနဲ့ အခွန်ဆိုင် ရာပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေပြီး အခွန်ရုံးက အခွန်စည်းကြပ်တဲ့စနစ် (Office Assessment System)ကနေ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ် (Self Assessment System) ကို ပြောင်းလဲနေပြီ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ရသင့်ရထိုက်တဲ့ အခွန်ငွေတွေ အပြည့်အဝရရှိမှသာဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆-၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းငါးဦးနှင့် ဝင်ငွေခွန် အခွန်ထမ်း ငါးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်း ၄၅ ဦးနှင့်ဝင်ငွေခွန်အခွန်ထမ်း ၄၅ ဦး တို့၏ ဂုဏ်ပြုမှတ်တမ်းလွှာများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ ဝန်ကြီးများက ပေးအပ်ချီးမြှင့်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ခုနှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင် ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ ၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂။ (ဇ) **ဘဏ္ဍာရေးနှစ်**ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက်တွင်စ၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကိုဆိုသည်။"

## မြန်မာဘော်လီဘောအသင်း ဂျပန်ကိုအကြိတ်အနယ်ကစားပြီး သုံးပွဲ-နှစ်ပွဲဖြင့်ရှုံးနိမ့်

**ဂျကာတာ ဩဂုတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့ နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲတွင် ဂျပန်အသင်းကို ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဂျပန်အသင်းကို ရှုံးသော်လည်း အကြိတ်အနယ်ကစားနိုင်ခဲ့ပြီး သုံးပွဲ-နှစ်ပွဲဖြင့် ကပ်၍ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ဂျပန်အသင်းကို ၂၀-၂၅ မှတ်၊ ၂၅-၁၇ မှတ်၊ ၁၉-၂၅ မှတ်၊ ၂၅-၂၀ မှတ်၊ ၁၇-၁၉ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂျပန်အသင်း၏ ဦးဆောင်မှုကြောင့် နောက်မှလိုက်ကစားရသော်လည်း အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သည်။ ထို့ကြောင့် ဂျပန်အသင်းက ပွဲငယ်နိုင်ပွဲများ စတင်ရရှိသော်လည်း မြန်မာအသင်းက ပြန်လိုက်ကစားကာ နောက်ဆုံးပွဲငယ်မှ အဖြေပေါ်ခဲ့ခြင်းဖြစ်သည်။ စတုတ္ထပွဲငယ်တွင် အမာခံကစားသမား ဇော်ထက်အောင် ဒဏ်ရာရခဲ့သောကြောင့် မြန်မာအသင်း နစ်နာခဲ့ရသည်။ မြန်မာအသင်းနှင့် ဂျပန်အသင်း၏ နောက်ဆုံးပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ၁၅ မှတ်ရသည့်အသင်း အနိုင်ရမည်ဖြစ်သော်လည်း အမှတ်ကွာဟမှုမှာ တစ်မှတ်သာရှိသောကြောင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာအသင်းမှာ ၁၇-၁၉ မှတ်ဖြင့် ကပ်၍ ရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းပါဝင်သော အုပ်စု (ဂ) တွင် ဂျပန်က အုပ်စုပထမ၊ မြန်မာက အုပ်စုဒုတိယရကာ ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

အုပ်စုပွဲများမှာ ဩဂုတ် ၂၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ပွဲအားလုံးပြီးဆုံးမှသာ ရှုံးထွက်ပွဲများ ထွက်ပေါ်မည်ဖြစ်သည်။ ရှုံးထွက်ပွဲများကို ဩဂုတ် ၂၆ ရက်တွင်စတင်ကျင်းပမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**


ပခုက္ကူတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လုပ်ငန်းအလိုက်ကျွမ်းကျင်မှု သတ်မှတ်ချက်များနှင့် သင်တန်းလက်စွဲများအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားတက်ရောက်

**မကွေး ဩဂုတ် ၂၄**

HELVETAS Myanmar ဟဲလဗီးတက်စ် မြန်မာက ဦးစီးပြီး မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်း၏ နည်းပညာအကူအညီကိုရယူကာ မကွေးတိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လူငယ်ကိုယ်စားလှယ်များ ပူးပေါင်းရေးဆွဲကြသည့် လုပ်ငန်းအလိုက်ကျွမ်းကျင်မှု သတ်မှတ်ချက်များနှင့် သင်တန်းလက်စွဲများအား ရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက မကွေးမြို့ ထိန်ထိန်သာဟိုတယ်၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အသက်မွေး ပညာသင်တန်းကျောင်းများနှင့် ပူးပေါင်းပြီး ဒေသတွင်းလုပ်ငန်းရှင်များကိုယ်တိုင် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော၊ အရည်အသွေးရှိသော သင်တန်းသားများကို လုပ်ငန်းခွင်များတွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ အနေနဲ့လည်း လိုအပ်တဲ့ အကူအညီများပေးပြီး ပူပေါင်းဆောင်ရွက်ဖို့ အထူးအားပေးတိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးက အမှာစကားပြောကြားပြီး အလုပ်အကိုင်အတွက် ကျွမ်းကျင်မှု စီမံကိန်း မန်နေဂျာ ဒေါ်ငြိမ်းငြိမ်းအိက စီမံကိန်းအကြောင်း အနှစ်ချုပ် ရှင်းလင်းတင်ပြခြင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာကျောင်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအေးမင်းမင်းက လုပ်ငန်းအလိုက် ကျွမ်းကျင်မှု သတ်မှတ်ချက်များနှင့် သင်တန်းလက်စွဲများ ပြုစုမှုအား အနှစ်ချုပ်တင်ပြခြင်း၊ ပြုစုသူများထဲမှ အဖွဲ့ဝင်တစ်ဦးချင်းက ဆိုင်ကယ်ပြုပြင်မှု၊ ဆံပင်နှင့် မျက်နှာအလှပြုပြင်မှု၊ ပန်းရန်ကျွမ်းကျင်မှု၊ အမျိုးသမီး အဝတ်အထည်ချုပ်လုပ်ခြင်း စသည့် သက်မွေးပညာသင်တန်းများ ခေါင်းစဉ်အလိုက် ရှင်းလင်းတင်ပြကာ မေးမြန်း၊ ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

HELVETAS မြန်မာ၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်း (Myanmar Private TVET Association)၏ နည်းပညာပံ့ပိုးမှု၊ ဒေသတွင်း လုပ်ငန်းရှင်များ၊ပညာရှင်များ၊ လူငယ်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်မှုတို့ဖြင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု သတ်မှတ်ချက်များနှင့်သင်တန်းလက်စွဲများအား ပြုစုခဲ့ကြပြီး အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစီမံကိန်းသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ် မိန်းကလေး၊ ယောကျ်ားလေး ၁၅၀၀ ခန့်အား ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ရာ လူငယ်သင်တန်းသားများအား လူငယ်အဖွဲ့အစည်းများမှတစ်ဆင့် ဆက်သွယ်သတင်းပေးပို့ခြင်း၊ လုပ်ငန်းရှင်သင်တန်းဆရာများသည် လူငယ်သင်တန်းသားများအား လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှု လေ့ကျင့်ပေးခြင်း အပါအဝင် ဘဝတွက်တာ ကျွမ်းကျင်စရာများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများကိုပါ တစ်ပါတည်း လေ့ကျင့်သင်ကြားပေးနိုင်စေရန် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံသို့ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများထောက်ပံ့လှူဒါန်း

**ဘားအံ ဩဂုတ် ၂၄**

ကရင်ပြည်နယ်အတွင်း တစ်လကျော်ကြာဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခခံစားနေကြရသည့် ရေဘေးသင့်ပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများအား ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်ထံ အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးအန္တရာယ်များတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရောင်နီဦးကုမ္ပဏီလီမိတက်မှ ဦးအောင်ဝင်းက ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ သုံးရောင်ခြယ် ပြည်သူ့အကျိုးပြုလူမှုကွန်ရက်က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းက ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လက်ခံရယူပြီး စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



**ဥတုရာသီ တောကိုမှီ၏**

# မန်တုံမြို့တွင် ရှမ်းပြည်နယ်ဝန်ကြီးများနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံ



**မန်တုံ ဩဂုတ် ၂၄**
မန်တုံမြို့နယ်တွင် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းတို့သည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး နမ့်ကုမ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ဝေက ဒေသဆိုင်ရာ လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသူ မြို့မိမြို့ဖများကလည်း တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲ သထုံတွင်ကျင်းပ



**သထုံ ဩဂုတ် ၂၄**
မွန်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် Land Core Group တို့ ပူးပေါင်းစီစဉ်မှု ဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးလာစေရေးနှင့် ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အလုပ်ရုံဆွေးနွေးကို သထုံမြို့ သုဝဏ္ဏဘူမိဟိုတယ်၌ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည်။

မွန်ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြေခံအဆောက်အအုံများ၊ လမ်းတံတားများ တိုးချဲ့တည်ဆောက်နေပြီး လိုအပ်သောကုန်ကြမ်းများအတွက် သယံဇာတထုတ်လုပ်မှုများ အဆမတန်များပြားလာကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုများ ယှဉ်တွဲပါရှိလာနိုင်သောကြောင့် ထိရောက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ယိုယွင်းပျက်စီးမှုများ၊ စီမံကိန်းလုပ်ငန်းများကြောင့် ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှု ဆိုးကျိုးဖြစ်စဉ်များက ဒေသတွင်းပြည်သူများ အသက်ရှင်ရပ်တည်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အား ခြိမ်းခြောက်နေပြီး အဓိကရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာများဖြစ်နေကြောင်း မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်လေးက အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မဟာဗျူဟာမူဘောင်များ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြေယာမဏ္ဍိုင်အဖွဲ့ကိုယ်စားလှယ်တစ်ဦးက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ တာဝန်ယူတာဝန်ခံမှုများကို သုံးသပ်တင်ပြကာ တက်ရောက်လာသူတို့က သထုံခရိုင်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများအား အုပ်စုဖွဲ့၍ အပြန်အလှန်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သထုံခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ **သက်ဦး(သထုံ)**

## တိုတိုထွာထွာဖတ်စရာ

### မော်လူး၌ ကျေးရွာချင်းဆက်တံတားအောင်မြင်စွာဖွင့်လှစ်

**မော်လူး**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက မော်လူးမြို့နှင့် စီးမော်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် ကျေးရွာချင်းဆက် အောင်သုခချောင်းကူးတံတားဖွင့်ပွဲကို ကျင်းပသည်။

အဆိုပါတံတားအရှည်မှာ ၁၃၄ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ၁၃ ပေရှိသော သစ်သားတံတားဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၃၀ ကျော်ခန့် ကုန်ကျကြောင်း၊ စီးမော်ကျေးရွာအုပ်စုနှင့် မော်လူးမြို့တို့ကို ဆက်သွယ်ဆောက်လုပ်ထားသော အဆိုပါတံတားမှာ မန္တလေး-မြစ်ကြီးနားနှင့်အပြိုင် မန်ကျည်းကုန်းရေပေါက်တံတားအမှတ် ၄၉၉ နှင့် ပေ ၃၀ ခန့်အကွာတွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ **၆၈၅**

### မယ်စဲ့၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းရေးဆောင်ရွက်

**မယ်စဲ့**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဖားဆောင်း-မယ်စဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက်ရှိ ယိုင်နဲ့နေသောဓာတ်တိုင်များ ပြန်မတ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးနှင့် ထိစပ်နေသည့် သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ၊ ဝါးပင်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောလင်းအောင်နှင့် လျှပ်စစ်ဝန်ထမ်းများသည် ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက မယ်ဆည်နမ်နှင့် ပန်တိန်းကျေးရွာတစ်လျှောက်တွင် အဆိုပါလုပ်ငန်းများအား ဓာတ်အားပိတ်ဆောင်ရွက်ခဲ့ရာ ညနေပိုင်းတွင် ပြည်သူများ လျှပ်စစ်ဓာတ်အားပြန်လည်သုံးစွဲနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးမောက်၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**မိုးမောက်**
ကချင်ပြည်နယ် မိုးမောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ငလျင်ဘေးအန္တရာယ်ကျရောက်လာပါက လိုက်နာရမည့်နည်းစနစ်များကို မရှုကထောင်ကျေးရွာ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးသီဟသူက ဟောပြောပြီး သရုပ်ပြပွဲကို နောင်စန့်အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးဝင်းလင်းသိန်းနှင့် ဆရာမများကဦးဆောင်၍ ကျောင်းသား ကျောင်းသူများနှင့်အတူ သရုပ်ပြဆောင်ရွက်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်ကာ လက်တွေ့သရုပ်ပြခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျုံပျော်၌ ငါးခုံးမငါးသောင်းကျော် စပါးခင်းအတွင်းစိုက်ထည့်

**ကျုံပျော်**
ဒေသနေပြည်သူများ ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးနှင့် ငါးမျိုးပြုန်းတီးမှုမရှိစေရန် ရည်ရွယ်၍ စပါးခင်းများအတွင်း ငါးအကောင်ရေငါးသောင်းကျော် စိုက်ထည့်ခြင်းကို ကျုံပျော်မြို့နယ် မြေရဲတောင်ကွင်းအတွင်း၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ထိုင်းငါးခုံးမကောင်ရေ ၅၇၅၀၀ အား စပါးစိုက်ခင်းများအတွင်းသို့ စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ ထိုသို့စိုက်ထည့်ခြင်းဖြင့် လယ်ယာချောင်းမြောင်းများအတွင်း ငါးမျိုးများပျံ့နှံ့ရောက်ရှိပြီး ဒေသတွင်းပြည်သူများ ငါးရိက္ခာဖူလုံမှုရှိစေရေး၊ ဝင်ငွေတိုးပွားရေးတို့ရရှိနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဘဏ္ဍာနှစ်အတွင်း ၃၆၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်




**တာချီလိတ် ဩဂုတ် ၂၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ်ဝင်ရောက်လည်ပတ်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဧပြီ ၁ ရက်မှ ဩဂုတ် ၂၃ ရက်ထိ ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၃၆၀၂၃၈ ဦးရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

ထိုသို့ နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လျက်ရှိရာတွင် ဩဂုတ် ၁၇ ရက်မှ ဩဂုတ် ၂၃ ရက်ထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများ ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၂၂၀၈၅ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ခရီးစဉ်တွင် ၇၆ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၁၁၁ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ကိုးမြို့ရှင်နတ်နန်း၊ ပဒေါင်ကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင် ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ဘီလူးရှာ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ စွန်တောင်းစေတီ၊ ရပ်တော်မူဘုရား၊ ဟိုခုံကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ ကျော့မ်ဆရီစေတီ၊ ပါလျှန်ကျောင်း၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာ့အေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့်အထင်ကရနေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၂၃ ရက်ထိ ထိုင်းနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည်စုစုပေါင်း ၃၅၃၉၁၃ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၃၅၂၄ ဦး၊ တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ၂၈၀၁ ဦး စုစုပေါင်း ၃၆၀၂၃၈ ဦး ဝင်ရောက်လည်ပတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

# ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**
**၁၃၈၀ ခုနှစ်၊        ရက်**
**(၂၀၁၈ ခုနှစ်၊       လ၊        ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။
(ဂ) အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် မည်သို့ပင်ပါရှိစေကာမူ နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရရှိသော နှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည် -
(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်နှင့်အညီ ဖြစ်သည်။
(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလအတိုင်း ဆက်လက်ထားရှိရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။
(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ**ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေတို့ကို ဆိုသည်။
(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။
(စ) **အခွန်နှစ်** ဆိုသည်မှာ-
(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်ပါက ဘဏ္ဍာရေးနှစ်နှင့်အညီ ဖြစ်သည်။
(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက်ဖြစ်ပါက ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလဖြစ်သည်။

### အခန်း (၂)
### ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက်ကောက်ခံရန် လျာထားချက်ဖြစ်သည်။

### အခန်း (၃)
### အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန်လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

### အခန်း (၄)
### သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား (၁)ပါ အခွန်အကောက်ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

### အခန်း (၅)
### အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**အထူးကုန်စည်များ**

(က) အောက်ဇယားပါအထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -
(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊
(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊
**ခြွင်းချက်။** သို့ရာတွင် ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့်ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။
(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန် နှုန်း |
| --- | --- | --- | --- |
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ်၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၆ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ်၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၉ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၁ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုးကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၂ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၆ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၀၉ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၅၃ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၉၇ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၃၄၁ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၀၆ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၉၄ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၈၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၁၆၉ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ်မှ ကျပ် ၁၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၇၈ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၇၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၀၉ ကျပ် |

**(ဆက်လက်ဖော်ပြပါမည်)**





# Crazy Rich Asians ကို ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်မည် ရုပ်ရှင်သစ်တွင် အချစ်ဇာတ်လမ်းသစ်လည်း ပါဝင်လာမည်ဖြစ်

အာရှရဲ့ တကယ့်သစ်စ သရုပ်ဆောင်တွေ အများစုပါဝင်ထားတဲ့ ဟောလိဝုဒ်ရုပ်ရှင် "Crazy Rich Asians" ကို ပြီးခဲ့တဲ့ သီတင်းပတ်မှာ စတင်ရုံတင်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ အဆိုပါရုပ်ရှင်ကို ဖိလစ်ပိုင်မှာ အထူးပွဲပြသခဲ့တာဖြစ်ပြီး ယင်းရုပ်ရှင်အတွက် ဇာတ်လမ်းတွဲသစ်တွေကို ဖန်တီးသွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း အေးရှားဝမ်းဒေါ့ကွန်းမှာ ရေးသားဖော်ပြလာတဲ့ သတင်းတွေအရ သိရပါတယ်။

ရုပ်ရှင်သစ်အတွက် ဒါရိုက်တာ ဂျွန်အမ်ချူးနဲ့ ထုတ်လုပ်ရေးဖြစ်တဲ့ ဝါနာဘရိုစ်တို့က ဇာတ်လမ်းတွဲအဖြစ်ဖန်တီးသွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်ကာ ယင်းရုပ်ရှင်သစ်မှာတော့ အချစ်ဇာတ်လမ်းသစ်ကို ပုံဖော်သွားမှာဖြစ်ပါတယ်။ နောင်ထွက်ရှိလာမယ့် ရုပ်ရှင်သစ်မှာတော့ အလွန်ချမ်းသာတဲ့ တရုတ်အမျိုးသမီးတစ်ဦးရဲ့ အချစ်ဇာတ်လမ်းကို တွေ့မြင်ခံစားရမှာဖြစ်ကြောင်းလည်း သိရပါတယ်။ လက်ရှိမှာတော့ ဒီလို ဇာတ်လမ်းသစ်ကို အသက်သွင်းဖို့ရာ စီစဉ်မှုတွေ လုပ်ဆောင်နေပြီဖြစ်တယ်လို့လည်း သိရပါတယ်။

"Crazy Rich Asians" ကို ပြီးခဲ့တဲ့ သီတင်းပတ်မှာမြောက်အမေရိကားမှာ အဖွင့်သီတင်းပတ်အဖြစ် ရုံတင်ပြသခဲ့ရာမှာတော့ အပြိုင်ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့တာပါ။ ဒါ့အပြင် အဆိုပါရုပ်ရှင်ဟာ မှတ်တမ်းတစ်ခုကိုလည်း တင်နိုင်ခဲ့ပါတယ်။ ဒါကတော့ အချစ်ရုပ်ရှင်တစ်ခုအနေနဲ့ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်လည်းဖြစ်လာခဲ့ပါတယ်။ "Crazy Rich Asians" ဟာ အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃ သန်းရရှိခဲ့ပြီး ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပြသခဲ့သမျှသော အချစ်ရုပ်ရှင်တွေအနက် အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

"Crazy Rich Asians" ဟာ လွန်ခဲ့တဲ့ ၂၅ နှစ်တာကာလအတွင်း အာရှသရုပ်ဆောင်တွေနဲ့သာ ရိုက်ကူးထားတဲ့ ပထမဆုံးသော ရုပ်ရှင်လည်း ဖြစ်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်တုန်းက အာရှသရုပ်ဆောင်တွေနဲ့သာ ရိုက်ကူးထားတဲ့ ဟောလိဝုဒ်ရုပ်ရှင် "The Joy Luck Club" ကို ရုံတင်ပြသခဲ့ဖူးပါတယ်။ "Crazy Rich Asians" ဟာ စာရေးဆရာ ကယ်ဗင်ကွမ်ရဲ့ ကမ္ဘာ့ရောင်းအားအကောင်းဆုံးသော စာအုပ်တစ်အုပ်ဖြစ်ခဲ့တဲ့ "Crazy Rich Asians" ကိုပင် ရုပ်ရှင်အဖြစ် ပြန်လည်အသက်သွင်းထားတာဖြစ်ပြီး ဝါနာဘရိုစ်က ထုတ်လုပ်ခဲ့ကာ မျှော်မှန်းထားတာထက် ပိုမိုအောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားလည်း ဖြစ်ခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီး ကွန်းစတန့်ယူဟာ အာရှ-အမေရိကန်လူမျိုးတစ်ဦးအဖြစ် ပါဝင်ထားပြီး သူ့ရဲ့ဇာတ်ကောင်ဟာ စင်ကာပူကို သူ့ရဲ့ ချစ်သူနဲ့အတူ ရောက်ရှိခဲ့ရာမှာတော့ ယဉ်ကျေးမှုချင်း ကွာခြားလွန်းတာကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို ထည့်သွင်းဖန်တီးထားတာဖြစ်ပါတယ်။

ရုပ်ရှင်သစ်ဖန်တီးသွားမယ့်အကြောင်း ထုတ်လုပ်ရေးဘက်က အလေးပေးဖော်ပြမှုတွေ မရှိခဲ့ပေမယ့် "Crazy Rich Asians" ရဲ့ စာရေးသူ ကယ်ဗင်ကွမ်ရဲ့ နောက်ထပ်စာအုပ်နှစ်အုပ်ကိုလည်း ရုပ်ရှင်အဖြစ် ပုံဖော်သွားရန် သဘောတူထားကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## ဆောင်းဟေကိုနဲ့ ပါ့ခ်ဘိုဂန်းတို့ရဲ့ ရုပ်ရှင်သစ်အတွက် ရိုက်ကူးရေးစတင်

တောင်ကိုရီးယားမင်းသမီး ဆောင်းဟေကိုအနေနဲ့ မင်္ဂလာပွဲကျင်းပပြီးနောက် ပထမဆုံးပြန်လည်ရိုက်ကူးမယ့် ဇာတ်လမ်းတွဲရုပ်ရှင်ကို လတ်တလောမှာတော့ စတင်ရိုက်ကူးနေပြီဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ မင်းသား ပါ့ခ်ဘိုဂန်းနဲ့ တွဲဖက်ရိုက်ကူးသွားမှာဖြစ်ပြီး လတ်တလောမှာတော့ ပထမဆုံးအကြိမ် စုပေါင်းဇာတ်ညွှန်းဖတ်ပွဲ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇာတ်လမ်းတွဲရဲ့ အမည်ကိုတော့ "Boyfriend"လို့ ပေးထားပြီး ပြီးခဲ့တဲ့ ဩဂုတ် ၂၃ ရက်မှာ ပါဝင်ကြမယ့် ဇာတ်ဆောင်တွေစုပေါင်းကာ ဇာတ်ညွှန်းဖတ်ခဲ့ကြပါတယ်။

"Boyfriend" ဟာ ဘဝမှာ အရာရာပြည့်စုံတဲ့ အမျိုးသမီးတစ်ဦးနဲ့ ပိုင်ဆိုင်မှုမရှိတဲ့ သာမန်အမျိုးသားတစ်ဦးအကြားက ဇာတ်လမ်းကို ပုံဖော်သွားမှာပါ။ အဓိကဇာတ်ကောင်တွေဟာ သူတို့ရဲ့ဘဝတွေကို ဆက်လက်ထိန်းသိမ်းထားရမှာလား၊ သာမန်လူတစ်ဦးကဲ့သို့ နေထိုင်သွားရမှာလားဆိုတာ ဆုံးဖြတ်ရဖို့ရှိနေပြီး သူတို့နှစ်ဦးစလုံးရဲ့ တူညီတဲ့ ဆန္ဒကတော့ သူတို့ရဲ့ဘဝတွေကို တစ်ရက်လေးဖြစ်ဖြစ် ပြောင်းလဲနေထိုင်လိုတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲကိုတော့ လာမယ့် နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။





## ငှက်ပျောသီးလို့ လှောင်ပြောင်အခေါ်ခံရကြောင်း ဖွင့်ဟလာတဲ့ မီရှဲယို

မလေးရှားမှာ မွေးဖွားခဲ့တဲ့ မင်းသမီး တန်ရှရီမီရှဲယိုဟာ လတ်တလောမှာ ကျော်ကြားနေတဲ့ "Crazy Rich Asians" ရုပ်ရှင်မှာ ပါဝင်ထားတဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ဟောင်ကောင်မင်းသမီးအဖြစ် လူသိများပေမယ့် မလေးရှားနိုင်ငံမှာ မွေးဖွားကြီးပြင်းလာသူ



တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်မှာ တရုတ်လူမျိုးတစ်ဦးအဖြစ် ပါဝင်ထားတဲ့သူ့ကို အချို့သော ပရိသတ်တွေက ငှက်ပျောသီးလို့ လှောင်ပြောင်ခေါ်ဆိုကြကြောင်း လတ်တလောမှာတော့ မင်းသမီးက ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒါ့အပြင် မင်းသမီးက သူဟောင်ကောင်ကို စတင်ရောက်ရှိစဉ်က တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကိုလည်း ပြန်ပြောင်းပြောပြခဲ့ပါတယ်။ မင်းသမီးက ဟောင်ကောင်မှာ ရှိတဲ့သူတွေက သူ့ကို တရုတ်လူမျိုးစစ်စစ်ဖြစ်တယ်လို့ မယုံကြည်ကြောင်းနဲ့ သူဟာ မလေးရှားမှာ မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်တာကြောင့် တရုတ်ရိုးရာဓလေ့ထုံးစံတွေနဲ့ ဝေးကွာသူတစ်ဦးဖြစ်ပြီး တရုတ်လို ကောင်းစွာမရေးတတ်၊ မဖတ်တတ်ကြောင်းလည်း ဆိုပါတယ်။

ဒါ့အပြင် မင်းသမီးက အင်္ဂလန်မှာရှိတဲ့ တရုတ်တန်းမှာ သူတွေ့ကြုံခဲ့ရတဲ့ အမှတ်တရ အဖြစ်အပျက်ကိုလည်း ရင်ဖွင့်ခဲ့ပါတယ်။ သူဟာတရုတ်တန်းမှာ တရုတ်အစားအစာမစားဘဲ အနောက်တိုင်းအစားအစာကိုသာ မှာစားခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မီရှဲယိုက သူဟာ တူကိုလည်း ကောင်းစွာ မကိုင်တတ်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် သူ့ပတ်ဝန်းကျင်က လူအချို့က သူ့ကို တရုတ်လည်း မဟုတ် နိုင်ငံခြားသားလည်း မဟုတ်သူလို့ နောက်ကွယ်မှာ ပြောကြားခဲ့ကြကြောင်းလည်း ဆိုပါတယ်။

အဲဒီလို တရုတ်လူမျိုးတစ်ဦးဖြစ်ပြီး တရုတ်တစ်ဦးလို မပြုမူတတ်၊ မပြောဆိုတတ်တဲ့ သူ့ကို လူတွေက ငှက်ပျောသီးလို့ နာမည်ပြောင်ပေးထားကြောင်းလည်း မင်းသမီးက လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

## ဟောလိဝုဒ်မင်းသား လီကီဟွန်းပါဝင်ပြီး တောင်ကိုရီးယားရဲ့ ရိုက်ကူးစရိတ်အမြင့်ဆုံးဖြစ်လာမယ့် Prometheus

တောင်ကိုရီးယားရဲ့ ရိုက်ကူးထုတ်လုပ်မှုစရိတ် အများဆုံးကုန်ကျတဲ့ ရုပ်ရှင်တွေထဲက တစ်ခုဖြစ်တဲ့ "Prometheus" ကို မကြာမီ ရိုက်ကူးသွားတော့မှာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဟာဂျီဝန်နဲ့ "Descendants of the Sun (DOTS)" ဇာတ်လမ်းတွဲနဲ့ လူသိများလာတဲ့ မင်းသားဂျင်းဂိုတို့က ခေါင်းဆောင်ပါဝင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီရုပ်ရှင်မှာ ဟောလိဝုဒ်မင်းသားတစ်ဦးဖြစ်သူ လီကီဟွန်းလည်း ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာတော့ ပရိသတ်တွေကို အသိပေးခဲ့ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။







လီကီဟွန်းဟာ ဒီဇာတ်လမ်းမှာတော့ အမေရိကန်စီအိုင်အေရဲ့ ထောက်လှမ်းရေးတစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဂျင်းဂိုက မော်စကိုမှာရှိတဲ့ မြောက်ကိုရီးယားသံရုံး အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ပါ့ခ်ဟွန်းအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ ပါ့ခ်ဟွန်းရဲ့ ကံကြမ္မာဟာ ရုရှားမြေမှာ အပြောင်းအလဲတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး အဆုံးသတ်မှာတော့ တောင်ကိုရီးယားမှာ အလုပ်သမားတစ်ဦးအဖြစ် နေထိုင်သွားရတာဖြစ်ပါတယ်။

ဟာဂျီဝန်ကတော့ တကယ့်ကို အရည်အချင်းရှိတဲ့ အရာရှိတစ်ဦးဖြစ်သူ ချာအွန်စိုးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲဟာ လက်ရှိ နိုင်ငံရေးအခြေအနေပေါ်မှာလည်း အခြေခံထားတာ ဖြစ်ပါတယ်။ တောင်-မြောက်ကိုရီးယားဆွေးနွေးပွဲနဲ့ မြောက်ကိုရီးယားနဲ့ အမေရိကန်တို့ရဲ့ ဆွေးနွေးမှုတွေအပေါ် အခြေခံကာ ဖန်တီးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီဇာတ်လမ်းတွဲအတွက် ရိုက်ကူးရေးစရိတ်အနေနဲ့ ကိုရီးယားဝမ် ဘီလီယံ ၃၀ အကုန်ကျခံရိုက်ကူးသွားမှာဖြစ်ပြီး ဒါဟာ တောင်ကိုရီးယားရုပ်ရှင်တွေအနက် ရိုက်ကူးရေးစရိတ် အမြင့်မားဆုံးသော ရုပ်ရှင်တစ်ကားလည်းဖြစ်တယ်လို့ သိရပါတယ်။

"Prometheus" ဟာ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်ပြီး KBS ရုပ်သံလိုင်းမှ နောက်နှစ် နှစ်စပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ နာမည်ကျော်သရုပ်ဆောင်တွေပါဝင်ထားတဲ့ ဒီရုပ်ရှင်ကိုတော့ တောင်ကိုရီးယားအပြင် အခြားနိုင်ငံ ငါးနိုင်ငံမှာ သွားရောက်ရိုက်ကူးမှာဖြစ်ပြီး ပြည်ပရိုက်ကူးရေးတွေကိုတော့ လာမယ့် စက်တင်ဘာလအတွင်း စတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - ရေးသားသည်**

တိုတိုထွာထွာဖတ်စရာ

## ဓမ္မစကူး ဆရာဖြစ်သင်တန်းဖွင့်

**မြစ်ကြီးနား**
မြစ်ကြီးနားမြို့နယ် ဓမ္မစကူးကော်မတီ၏ (၅) ကြိမ်မြောက် ဓမ္မစကူး မူလတန်းအဆင့် ဆရာဖြစ်သင်တန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဝင်းရှိ သာသနဟိတကာရီကျောင်းတိုက်ကြီး၌ကျင်းပသည်။

ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို) မှ မြန်မာနိုင်ငံအတွင်း မူလတန်းအဆင့် ဓမ္မစကူးသင်တန်းအား ယခုဖွင့်လှစ်မှုဖြင့် ၁၀၇၆ ကြိမ်မြောက်ဖြစ်ပြီး မြစ်ကြီးနားမြို့နယ်အတွင်း (၅)ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းသား၊ သင်တန်းသူ ၃၃၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **ဦးလေးကြီး**

## ထီးချိုင့်၌ တားမြစ်စားသောက်ကုန်များသိမ်းဆည်း

**ထီးချိုင့်**
စစ်ကိုင်တိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဝင်းဝင်းဦးဆောင်၍ ကသာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထီးချိုင့်မြို့မဈေး၊ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်ကြီးများနှင့် စာသင်ကျောင်းများရှိ မုန့်အရောင်းဆိုင်များတွင် သတ်မှတ်ဥပဒေအရ တားမြစ်ထားသောကုန်ပစ္စည်းများ၊ အချိုရည်ဘူးများ၊ မုန့်များ ရောင်းချခြင်း ရှိ-မရှိကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက သွားရောက်စစ်ဆေးပြီး စားသုံးရန်မသင့်သည့်အရာများ ရောင်းချသည့်ဆိုင်များရှိ ကုန်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **ဇွဲမာန်(ထီးချိုင့်)**

## ခရမ်းချောင်းအတွင်းငါးမျိုးစိုက်ထည့်

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ပြည်သူများ ငါးသယံဇာတများ ပေါကြွယ်ဝ၍ စားသုံးမှုအဆင်ပြေရေးအတွက် ခရမ်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက အမှတ်( ၂ )ရပ်ကွက် ကမ်းနားလမ်း ခရမ်းချောင်းကမ်းဘေးတွင် ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ခရမ်းချောင်းအတွင်းသို့ ငါးမြစ်ချင်း၊ ငါးတန်နှင့် အခြားငါးစုံတို့ကို စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## လျှပ်စစ်အန္တရာယ်ကင်းစေရန် ဆောင်ရွက်ပေး

**ရန်ကုန်**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကွပ်ကဲမှုအောက်ရှိ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်-၁-ရပ်ကွက်ရှိ မင်းရဲကျော်စွာလမ်းမ ပေါ်ဦးလမ်းထိပ်မှ မြနန္ဒာလမ်းထိပ်အထိ လျှပ်စစ်ကြိုးဟောင်းများအစား ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းစေရန် လျှပ်ကာပါသောကြိုးအသစ် လဲလှယ်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက လုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်လိုင်းဝန်ထမ်းများက 11 kv ဖီဒါ လျှပ်စစ်လိုင်းကြိုးဟောင်းများကို လျှပ်ကာပါသော ကြိုးများဖြင့် အစားထိုးလဲလှယ်ပေးခဲ့ကြကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးပညာပေး

**ရန်ကုန်**
ခရမ်းမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်က တပ်ဖွဲ့ဝင်မိသားစုများကို မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြော၍ ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဆရာမ ဒေါ်ယဉ်ယဉ်အေးက သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်ရေးတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

## ဘေးကင်းလုံခြုံရေး ရှောင်တခင်ရှာဖွေစစ်ဆေး

**တာချီလိတ်**
တာချီလိတ်မြို့တွင် မြို့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများဖော်ထုတ်နိုင်ရေးအတွက် ရှောင်တခင်ပူးပေါင်းရှာဖွေစစ်ဆေးခြင်းကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီး လမ်းဆုံတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုတို့၏ ကြီးကြပ်မှုဖြင့် ပူးပေါင်းအဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ ပူးပေါင်းစစ်ဆေး ရှာဖွေဆောင်ရွက်ခဲ့သည်။ အလားတူ ညပိုင်းတွင် ဟောင်လိတ်လမ်းဆုံ၌ လှည့်ကင်းမော်တော်ယာဉ်များဖြင့် လှည့်လည်စစ်ဆေးခြင်းများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ထန်းတပင်၊ တွံတေးနှင့် ညောင်တုန်းမြို့နယ်တို့ကို အကျိုးပြုနေသည့် မဲဇလီရေထိန်းတံခါး



**ရန်ကုန် ဩဂုတ် ၂၄**
မြန်မာနိုင်ငံ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေ ပေးဝေရေး၊ ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနေသော တောင်သူလယ်သမားများအကျိုးပြုဌာနကြီးဖြစ်သည်။ ထိုဌာနမှ မြန်မာနိုင်ငံအတွင်း တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရန် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးထားသည်။

ရန်ကုန်တွင် ပန်းလှိုင်မြစ်ရှိသည်။ ပန်းလှိုင်မြစ်သည် လှိုင်မြစ်နှင့် ဧရာဝတီမြစ်ဆက်သွယ်ထားသောမြစ်တစ်စင်း ဖြစ်သည်။

ပန်းလှိုင်မြစ်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းမြို့မှစတင်ပြီး ဧရာဝတီမြစ်မှ ခွဲထွက်၍ စီးဆင်းကာ ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးတွင် ပန်းလှိုင်မြစ်၊ ကုက္ကိုဝမြစ်ဟူ၍ မြစ်နှစ်စင်းခွဲထွက်ပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအနီးတွင် လှိုင်မြစ်အတွင်းသို့ စီးဝင်သွားသည်။ ဧရာဝတီမြစ်မှ စီးဝင်ရေနှင့်အတူပါလာသော သဲနုန်းများပို့ချခြင်း၊ လှိုင်မြစ်မှ စီးဝင်ရေဖြင့်ပါလာသော သဲနုန်းများပို့ချခြင်းတို့ကြောင့် ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက် တိမ်ကောလာပြီး မိုးတွင်းကာလပိုလျှံရေများကို ထုတ်နုတ်နိုင်ခြင်းမရှိတော့သဖြင့် မိုးစပါးစိုက်ပျိုးဧရိယာများ ရေကြီးနစ်မြုပ်ပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပန်းလှိုင်မြစ်ပြန်လည်တူးဖော်ရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ် မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဧရာဝတီမြစ်မှ စီးဝင်ရေကြောင့် သဲနုန်းပို့ချမှုကို ကာကွယ်ရန်အတွက်လည်းကောင်း၊ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ နွေစပါးစိုက်ပျိုးရာတွင် ရေချိုသိုလှောင်ထားနိုင်ရန်အတွက်လည်းကောင်း၊ ပန်းလှိုင်မြစ်နှင့် ကုက္ကိုဝမြစ်ခွဲထွက်စီးဆင်းနေသောနေရာအနီး ပန်းလှိုင်မြစ်ပေါ်တွင် မဲဇလီ(၂) ရေထိန်းတံခါးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ပြန်လည်တူးဖော်ပြီးစီးသည့် ပန်းလှိုင်မြစ်အတွင်းသို့ သဲနုန်းဝင်ရောက်မှုမှ ကာကွယ်ရန် မိုးရာသီတွင် မြစ်ရေဝင်ရောက်ခြင်းကို တားဆီးထားခြင်းဖြင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ပန်းလှိုင်မြစ်အတွင်းသို့ ရေချိုသွင်းခြင်းဖြင့် နွေစပါးများ စိုက်ပျိုးစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီး ပန်းလှိုင်မြစ်ဝမှ ပေ ၁၀၀၀ ခန့်အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

မဲဇလီ (၂) ရေထိန်းတံခါးမှာ ပန်းလှိုင်မြစ်ပေါ်တွင် GAPGATE ၆ ပေ × ၈ လက်မ ၁၄ ပေါက်၊ RADIAL GATE ၁၅ ပေ၊ ၆ လက်မ × ၁၀ ပေ၊ ၆ လက်မ ခုနစ်ပေါက်၊ သံကူကွန်ကရစ်၊ ရေဖော်မြောင်းအလျား ပေ ၄၀၀၊ ရေထုတ်မြောင်းအလျား ပေ ၁၂၀၀ ဖြစ်ပြီး အကျိုးပြုလယ်ဧကမှာ ဧရိယာ ၄၀၀၀၀ ဖြစ်သည်။ လှိုင်မြစ်မှ ပန်းလှိုင်မြစ်အထိ မဲဇလီရေတံခါး၊ သံပုရာချောင်းရေတံခါး၊ ခတ္တိယရေတံခါး၊ ဘိုးကရေတံခါး၊ မြဂဲရေတံခါး၊ မင်္ဂလာရေတံခါး၊ မရွှေဥရေတံခါး၊ စန္ဒယော် ရေတံခါး၊ ထိုးဝါးရေတံခါး၊ မြစိမ်းရောင် ရေတံခါးများ ပါဝင်သည်။

ပန်းလှိုင်မြစ်အတွင်းရှိ ရေတံခါးများ ပိုမိုထိရောက်စွာရေပေးဝေနိုင်ရန်အတွက် ပန်းလှိုင်မြစ်နှင့် လှိုင်မြစ်အနီး ပန်းလှိုင်မြစ်ပေါ်တွင် နယ်သာလန်နိုင်ငံနှင့် ပူးပေါင်း၍ ပန်းလှိုင်မြစ်ဝတွင် ခေတ်မီရေတံခါးကြီးတပ်ဆင်ရန် စီစဉ်နေသည်။ ဤရေထိန်းတံခါးကြီးတပ်ဆင်ခြင်းအားဖြင့် ပင်လယ်ဒီရေတက်ခြင်းကို ကာကွယ်နိုင်ပြီး ဆားငန်ရေဝင်ရောက်မှုမှ တားဆီးကာကွယ်မည်ဖြစ်သည်။ ထို့အပြင် သဲနုန်းပို့ချမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။ ပန်းလှိုင်မြစ်ရေထိန်း တံခါးတပ်ဆင်ပြီးလျှင် နွေရာသီတွင် ပိတ်ထားမည်ဖြစ်ပြီး မိုးရွာလျှင် ဖွင့်ထားမည်ဖြစ်သည်။

မဲဇလီ(၂) ရေထိန်းတံခါးသည် နွေရာသီတွင် ပန်းလှိုင်မြစ်မှ ရေချိုကို ပြန်လည်ပေးသွင်းသဖြင့် ညောင်တုန်းမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်များရှိ ဒေသခံတောင်သူများသည် နွေစပါးကို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မဲဇလီ(၂) ရေထိန်းတံခါးမှ ရေချိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ နွေစပါးကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ဧက ၉၀၀၊ တွံတေးမြို့နယ်တွင် ဧက ၇၀၀၀၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၃၀၅၀ ဧက စုစုပေါင်း ၁၀၉၅၀ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ယခင်နှစ်ကထက် ဧက ၁၈၀၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

မဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်ပြီးဖြစ်သဖြင့် နွေရာသီတွင် ပန်းလှိုင်မြစ်အတွင်းသို့ သဲနုန်းဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ခြင်း၊ နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးရန်အတွက် ရေချိုများသွင်းပေးနိုင်ခြင်း၊ မိုးရာသီ ရေကြီးချိန်တွင် မြစ်ရေများဝင်ရောက်၍ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ ရေကျချိန်တွင် လယ်ကွင်းများထဲမှ ပိုလျှံရေများကို ဆောလျင်စွာထုတ်နိုင်သဖြင့် စိုက်ပျိုးမြေများ အချိန်စောစွာစိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ထန်းတပင်၊ တွံတေးနှင့် ညောင်တုန်းမြို့နယ်များမှ တောင်သူလယ်သမားများ လက်တွေ့အကျိုးခံစားနေသည့် မဲဇလီ(၂) ရေထိန်းတံခါးဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**တင်လှိုင်**

# ရန်ကုန်မြို့တော်စည်ပင်သာယာဥပဒေ အသိပညာပေးခြင်း ခရိုင်အလိုက်ဆောင်ရွက်



**ရန်ကုန် ဩဂုတ် ၂၄**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအသစ် ၂၀၁၈ တွင်ပါရှိသည့် ဥပဒေပါတားမြစ်ချက်များနှင့် ပြစ်ဒဏ်များကို အများပြည်သူသိရှိနားလည်နိုင်ရေးအတွက် အသိပညာပေးရှင်းလင်းခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းမှစ၍ ခရိုင်အလိုက်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနအသီးသီးမှ ဒုတိယဌာနမှူးများ၊ လက်ထောက်ဌာနမှူးများနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ဒီဥပဒေက အောက်တိုဘာ ၁ ရက်မှာ စတင်အသက်ဝင်မှာပါ။ အဲ့ဒါကြောင့် အများပြည်သူသိရှိနားလည်ပြီး မသိလို့ စည်းကမ်းဖောက်ဖျက်တဲ့ ပုံစံမျိုးမဖြစ်အောင် ကျွန်တော်တို့ စည်ပင်ဌာနကနေဦးဆောင်ပြီး အသိပညာပေးရှင်းလင်းပွဲတွေလုပ်တယ်။ ပြစ်မှုပြစ်ဒဏ်တွေပါတဲ့ ဥပဒေလက်ကမ်းစာဆောင်တွေ တစ်လမ်းဝင်တစ်လမ်းထွက် ဖြန့်ဝေတယ်။ စက်တင်ဘာ ၁၅ ရက်ထိ အခုလို အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်သွားမှာပါ" ဟု တောင်ပိုင်းခရိုင်ဥပဒေသစ် အသိပညာပေးရေးအဖွဲ့ခေါင်းဆောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင်က ပြောသည်။

အဆိုပါဥပဒေသစ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုအဆင့်အတန်း တိုးတက်ပြောင်းလဲစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဥပဒေပညာရှင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ စုပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုဥပဒေက အရင်ဥပဒေထက် ဘာကွာခြားလဲလို့ပြောရင် ပြစ်မှုပြစ်ဒဏ်တွေများလာတယ်ပုဒ်မတွေလည်းများလာတယ်။ အရင်က ပြစ်မှုပြစ်ဒဏ်မှာ ဒဏ်ငွေပဲများတယ်။ အခုပြစ်မှုပြစ်ဒဏ်မှာတော့ ထောင်ဒဏ်ဆိုတာပါလာတယ်။ ဒီဥပဒေသစ်ကြီးက သာမန်အားဖြင့်ဆိုရင် အရင်ဥပဒေထက်စာရင် ကြောက်စရာကောင်းတယ်ပေါ့။ ပုံမှန်အတိုင်းဆောင်ရွက်နေတဲ့ ပြည်သူတွေအတွက် ဘာမှကြောက်စရာမရှိပါဘူး" ဟု တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ၂၀၁၃ တွင် ပုဒ်မပေါင်း ၇၅ ခုနှင့် ပြစ်မှုပြစ်ဒဏ် ခုနစ်ခုရှိပြီး ယခုဥပဒေသစ်တွင် ပုဒ်မပေါင်း ၃၇၇ နှင့် ပြစ်မှုပြစ်ဒဏ် ၁၆၄ ခုရှိကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ**

**ဇာနည်မောင်၊ အေးမင်းသူ**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်မြို့ကို သန့်ရှင်းလှပပြီး စည်းကမ်းဥပဒေနှင့် ကိုက်ညီသည့် မြို့ဖြစ်ရန် ယခုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ယနေ့ ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှင်းလင်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် " YCDC ပြုပြင်ပြောင်းလဲရေးကို ရှေ့ဆက်ဆောင်ရွက်သွားနိုင်ဖို့အတွက် YCDC ဥပဒေတစ်ရပ်ကိုတော့ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်ပြီးဖြစ်ပါတယ်။ ဒီအခြေအနေက အစိုးရသစ်ရဲ့ သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့ ပြုပြင်ဆောင်ရွက်သွားရတော့မှာဖြစ်ပါတယ်။ YCDC ဥပဒေအသစ်ကို ကျွန်တော်တို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ YCDC ဥပဒေအသစ်ကို လူထုကြားမှာ အသိပညာပေးမှုတွေ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူထုက ဥပဒေကို သိရှိဖို့လိုပါတယ်။ သိရှိမှုကနေ လိုက်နာနိုင်ဖို့လိုပါတယ်။ လိုက်နာမှုမရှိဘူးဆိုရင် ဥပဒေအရ အရေးယူဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ စည်းကမ်းကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်နိုင်ဖို့လိုပါတယ်။ ဈေးဆိုင်တွေဟာ အများပြည်သူ လမ်းလျှောက်တဲ့နေရာမှာ ကျူးကျော်နေမှု မရှိဖို့လိုပါတယ်။ လိုင်စင်မဲ့ ဖွင့်လှစ်ထားတဲ့ ဆိုင်တွေကိုလည်း အခုဥပဒေသစ်မှာ ဒဏ်ရိုက်မယ်။ ဆက်လက်ကျူးလွန်နေရင် ဥပဒေလမ်းကြောင်းအရ အရေးယူအပြစ်ပေးနိုင်တဲ့ အခြေအနေမျိုးနဲ့ ပိတ်သိမ်းနိုင်ဖို့အတွက် ဆက်လက်ပြီး ကြိုးပမ်းသွားနိုင်ဖို့ YCDC ဥပဒေသစ်ကို ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီဥပဒေကိုလည်း အောက်တိုဘာမှာ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ပြည်သူလူထုရဲ့ တောင်းဆိုလာမှု အနေအထားအရ ရန်ကုန်မြို့ထဲမှာ ကားပါကင်တွေ ပြန်လည်သတ်မှတ်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ လမ်းတွေပေါ်မှာ ကားတွေကို စည်းကမ်းမဲ့ ရပ်နားထားတဲ့ အခြေအနေတွေ၊ လမ်းတွေပေါ်မှာ ကားတွေကိုရပ်နားထားပြီးတော့ ဂိုဒေါင်လို အသုံးချနေတာတွေ၊ ဆိုင်ဖွင့်နေတာတွေကို ကြုံနေရပါတယ်။ ပြည်သူလူထုကဒီအခြေအနေအပေါ်မှာ များစွာ တိုင်ကြားမှုတွေရှိနေပါတယ်။ လမ်းဘေးမှာ ကားရပ်မယ်ဆိုရင် စနစ်တကျရပ်နိုင်ဖို့အတွက် YCDC က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကားရပ်နားတဲ့ အခြေအနေမှာလည်း ထိုက်သင့်တဲ့ အခကြေးငွေပေးဆောင်ရမှာဖြစ်ပါတယ်။ ဒါမှသာ စနစ်ကျမှုတစ်ခုကိုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် ကားပါကင်တွေ ပြန်လည်ဆောင်ရွက်နိုင်ဖို့အတွက် YCDC ဘက်ကနေကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် လမ်းပေါ်မှာ စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုတွေကိုလည်း YCDC ဥပဒေသစ်အရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုတွေကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြို့တော်ကြီးဟာ တကယ့်ကို သန့်ရှင်းလှပပြီးတော့ စည်းကမ်းဥပဒေနဲ့ ကိုက်ညီတဲ့ မြို့ဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ ဒီနှစ်အတွင်းမှာ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟုပြောသည်။

ထို့အပြင်ဝန်ကြီးချုပ်က အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းပြောကြားရာတွင် ယခုအခြေအနေတွင် လျှပ်စစ်မီးကို လုံလောက်စွာပေးနိုင်သည့် အဆင့်တစ်ခုကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးမရရှိသေးသည့်နေရာနှင့် ပိုမိုတိုးမြှင့်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးစနစ်ပိုမိုကောင်းမွန်လာစေရန် တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ပထမအဆင့် ဆောင်ရွက်ရာတွင် ယခုအချိန်အထိ အောင်မြင်မှုများရရှိနေကြောင်း၊ ထို့အပြင် ကမ္ဘာ့ဘဏ်နှင့် JICA တို့၏ အကူအညီဖြင့် မြစ်ထွက်ပေါက်များ၊ မြို့တွင်းချောင်းလက်တက်များတွင် ရေတံခါးများ တပ်ဆင်နိုင်ရန်နှင့် YCDC ၏ ဘတ်ဂျက်ဖြင့် မြစ်ချောင်းများကို ပြုပြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့၏ လမ်းမကြီးများပေါ်တွင် ဘတ်စ်ကားမှတ်တိုင် ၅၀၀ ခန့်တည်ဆောက်နေကြောင်း၊ SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်ရန်နှင့် နယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ကြောင်း။

ရန်ကုန်မြို့သည် ရွှေ့ပြောင်းလုပ်သားများ များပြားကြောင်း၊ ထို့ကြောင့် ရွှေ့ပြောင်းလုပ်သားများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့် အိမ်ရာများကို ရောင်းချပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မြေကွက်လပ်များနှင့်ပတ်သက်ပြီး အသစ်ဖော်ထုတ်မည့်ဇုန်များ၊ နေရာများ၌ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည့် စက်ရုံ၊ အလုပ်ရုံများလာရောက်ရင်းနှီးမြှုပ်နှံပါက ၎င်းတို့အား အခွင့်အလမ်းများပေးနိုင်ရန်အတွက် ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယင်းနေရာများ၌ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့် အိမ်ရာများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အရည်အသွေးကောင်းမွန်သည့် လမ်းများကို စနစ်တကျဆက်လက်ခင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန်နှင့် လမ်းများ မပျက်စီးစေရန် ရေနုတ်မြောင်းများကို အဓိကဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းများကို ပိုမိုကောင်းမွန်သည့် နေရာများတွင် တည်ဆောက်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ လက်ရှိ ဆိပ်ကမ်းများကို ဖျက်သိမ်းသွားမည်မဟုတ်ဘဲ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သည့် အခြေအနေသစ်များကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒလတံတားကြီးကို မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရန်ကုန်မြစ်၏ အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့ဟောင်းကို စိမ်းလန်းသည့် မြို့ပြအမွေအနှစ်များဖြင့် ဆက်လက်ထားရှိပြီး ရန်ကုန်မြို့၏ တစ်ဖက်ကမ်း၌ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စိမ်းလန်းသည့်မြို့ကြီးများ ဖြစ်လာနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ) အတည်ပြုမိန့်များ ခွင့်ပြုပေးခဲ့သည့်အခြေအနေများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(မတ်လအထိ) အစည်းအဝေး ၁၃ ကြိမ်ကျင်းပ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၆ ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၂ ခု တို့ကို အတည်ပြုမိန့်ထုတ်ပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ မတည်ရင်းနှီးငွေပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၄၄ သန်းနှင့် မြန်မာကျပ်ငွေ ၁၃၇၄၃ ဒသမ ၆၃၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၈၅၇၅ ဦး အတွက် ဖန်တီးပေးနိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပမာဏအလိုက် ခွင့်ပြုမိန့်များနှင့် အတည်ပြုမိန့်များထုတ်ပေးခဲ့သည့်အခြေအနေများအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ) တစ်နိုင်ငံလုံးတွင် လုပ်ငန်းအရေအတွက် ၁၅၃ ခု ရင်းနှီးမြှုပ်နှံမှုပမာဏကျပ်သန်း ၅၂၀၅၆၂၃ ဒသမ ၇၁၁ စီးဝင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းအရေအတွက် ၆၂ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏကျပ်သန်း ၁၂၆၃၇၅၈ ဒသမ ၇၄၃ စီးဝင်နိုင်ခဲ့သည်။

ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးခဲ့မှုများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၂၁၂၆ ရွာရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ဓာတ်အားစနစ်ဖြင့်မီးလင်းပြီး ကျေးရွာပေါင်း ၉၉၅ ရွာ၊ အခြားနည်းဖြင့် မီးလင်းပြီးကျေးရွာ ၃၀၉ ရွာ စုစုပေါင်းမီးလင်းပြီးကျေးရွာ ၁၃၀၄ ရွာ မီးလင်းပြီး ဖြစ်၍ မီးလင်းရန်ကျန်ကျေးရွာပေါင်း ၈၂၂ ရွာဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ နှစ်နှစ်တာကာလအတွင်း မီးလင်းပြီးကျေးရွာ ၉၃ ရွာ တိုးတက်၍ မီးလင်းပေးနိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဘဏ်ချေးငွေနှင့် အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံချက် (National Electrification Plan)ဖြင့် ဆောင်ရွက်နေသော NEP ပထမအဆင့်တွင်ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၀၆ ရွာကို ဓာတ်အားစနစ်မှ တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရေးလျာထား ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ဆောင်ရွက်ချက်များအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအလိုက် ခွင့်ပြုမိန့်နှင့်အတည်ပြုမိန့်များ ထုတ်ပေးခဲ့သည့် အခြေအနေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ) တစ်နိုင်ငံလုံး၌ လုပ်ငန်းအရေအတွက် ၃၄၅ ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာသန်း ၁၁၉၅၇ ဒသမ ၇၆၂ စီးဝင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းအရေအတွက် ၂၄၉ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၈၁၃၉ ဒသမ ၈၈၄ စီးဝင်နိုင်ခဲ့သည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာလိုအပ်ချက်ရှိပြီး ဝင်ငွေနည်းသော ပြည်သူများ နေရေးအဆင်ပြေစေရန်အတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၁)၌ အခန်းပေါင်း ၆၅၆ ခန်း၊ အပိုင်း(၂)တွင် အခန်းပေါင်း ၂၂၄ ခန်း၊ ကနောင်တန်ဖိုးနည်းအိမ်ရာစီမံကိန်း၌ အခန်းပေါင်း ၆၆၄ ခန်း၊ လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်းတန်ဖိုးနည်း အိမ်ရာစီမံကိန်း အပိုင်း(၂)၌ အခန်းပေါင်း ၁၆၀၊ အပိုင်း(၃)၌ အခန်းပေါင်း ၅၀၄ ခန်း စုစုပေါင်းအခန်း ၂၂၀၈ ခန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအရ ရန်ကုန်တိုင်းကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ် နှစ်နှစ်တာကာလအတွင်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၃၂၀ ဒသမ ၁၂၁၁၅ သန်းဖြင့် လမ်းအရှည် ၁၁၇ မိုင် ၃ ဒသမ ၀၃၇ ဖာလုံ တံတား ၅၅ စင်း၊ ရေပွန် ၇၅ စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်း-သီသီမင်း၊ ဇော်ကြီး**
**ဓာတ်ပုံ-လှမိုး**

## ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း စကားဝိုင်းပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၂၄**

ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ ငါးလွှာ၌ ပြုလုပ်မည်ဖြစ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ အရေးပေါ်ကုသမှု ဆေးပညာဌာန ပါမောက္ခ ဒေါက်တာ မော်မော်ဦး၊ Vitoria Hospital မှ CEO ဒေါက်တာ အေးအေးစန်း၊ Mandalar Hospital မှ CEO ဒေါက်တာ ဦးစိုးမြင့်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းစကားဝိုင်းသို့ တက်ရောက်လိုသူများအနေဖြင့် STI Myanmar University (MICT Park ) ဖုန်း ၀၁၃၇၈၂၆၆၊ ၃၇၇၉၈၈ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြသည်။ **သတင်းစဉ်**

## မေရီချက်(ပ)မင်း ကလေးများကျောင်းသို့ ဝတ်စုံများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်ရီ အမှူးပြုသော မိသားစုများက မေရီချက်(ပ)မင်း ကလေးများကျောင်းရှိ ကလေးများအတွက် ဝတ်စုံများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ပထမဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်းက ကျောင်းသမိုင်းကို ရှင်းလင်းမိတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်ရီက လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၏ဇနီး အမှူးပြုသော မိသားစုများက မေရီချက်(ပ)မင်း ကလေးများကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံ ၄၁၈ စုံနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများကလက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့် အဖွဲ့ဝင်များက ကျောင်းရှိကလေးများ၏ တစ်နေ့တာ လှုပ်ရှားဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်တွင် လူကုန်ကူးမှုအန္တရာယ် ပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် လူကုန်ကူးမှုကျဆင်းရေး လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ တတိယပတ်က ရတနာဒီပ ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ထုံးဖိုမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ် နေထက်လင်းက လူကုန်ကူးမှုအန္တရာယ်၊ လူကုန်ကူးခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်း စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ဒေသခံ ၁၀၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

ကြေးမုံ
ဩဂုတ် ၂၅၊ ၂၀၁၈

# ကျွန်တော်သိသော STEM ပညာရေး

■ ဒေါက်တာခင်အောင်သန်း

ဩဂုတ် ၆ ရက်နေ့ထုတ်ကြေးမုံသတင်းစာတွင် မက္ကဆီကိုနိုင်ငံ၌ ကျင်းပမည့် FIRST Global Robotic Challenge ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့်သတင်းကိုဖတ်မိပါသည်။ မြန်မာအသင်းတွင် တက္ကသိုလ်ကျောင်းသား ငါးဦး ပါဝင်မည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၅၀ ကျော်က ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရပါသည်။

ယခင်နှစ်က အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၁၅၇ နိုင်ငံ ယှဉ်ပြိုင်ရာ မြန်မာနိုင်ငံကိုယ်စားပြုအသင်းက အဆင့် (၆) ရရှိခဲ့ကြောင်း သိရပါသည်။

ပြိုင်ပွဲ၏ ရည်ရွယ်ချက်မှာ STEM ကျွမ်းကျင်မှုဖြစ်သော Science၊ Technology၊ Engineering နှင့် Mathematics တို့ကို တစ်ကမ္ဘာလုံးရှိ လူငယ်များအား မြေတောင်မြှောက်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

STEM ပညာရေးကို အသိဉာဏ်မြင့်မားသည့် မြန်မာလူငယ်များအား ငယ်ငယ်ကတည်းက သင်ကြားပေးနိုင်ပါက ကမ္ဘာ့အလယ်တွင် အောင်မြင်မှုများ ပိုမိုရရှိလာမည်မှာမလွဲပါ။ လူသိနည်းနေသေးသော STEM Education အကြောင်း မိမိသိသလောက် ဝေငှပေးလိုပါသည်။

**STEM ပညာရေး**

STEM သည် Science (သိပ္ပံပညာ)၊ Technology (နည်းပညာ)၊ Engineering (အင်ဂျင်နီယာပညာ) နှင့် Mathematics (သင်္ချာ)တို့ကို ပေါင်းစပ်ထားသော သင်ရိုးညွှန်းတမ်းဖြစ်ပြီး အသုံးချနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားသည်။ ၎င်းဘာသာရပ် လေးခုကို သီးခြားစီ ပိုင်းခြားမထားဘဲ စုစည်းလေ့လာနိုင်သောသင်ရိုးအဖြစ် ပေါင်းစည်းထားပြီး လက်တွေ့ကျကျ အသုံးချနိုင်ရန် အခြေခံထားသည်။ အားလုံးသည် တီထွင်ဆန်းသစ်ရေးသို့ ဦးတည်သည်။

ပရောဂျက်များနှင့် စမ်းသပ်မှုများကို ကိုယ်တိုင်ဆောင်ရွက်ရခြင်းကြောင့် အတွေးအခေါ် မြင့်မားလာစေသည်။ အခက်အခဲပြဿနာများဖြေရှင်းရင်းနှင့် ခိုင်မာသောအဖြေရရှိလာစေရန် ဖြစ်သည်။ ကျောင်းသားများသည် ငြင်းခုံဆွေးနွေးခြင်း၊ ပါဝင်ဆွေးနွေးဆောင်ရွက်ခြင်း၊ မေးခွန်းများ မေးမြန်းစေခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ ဖန်တီးခြင်းနှင့် ဖြစ်နိုင်ခြေများစုစည်းခြင်းစသည့် နည်းလမ်းများဖြင့် သင်ယူမှုပတ်ဝန်းကျင်ကို တည်ဆောက်ထားသည်။ ကျောင်းသားများအား အတွေ့အကြုံရစေရန် အခွင့်အလမ်းပေးခြင်းအားဖြင့် တီထွင်ဆန်းသစ်မှုကိုအားပေးသည်။

စာသင်ခန်း၏ အရွယ်အစားမှာလည်း တစ်ခန်းလျှင် ၁၂ ဦးထက် မပိုသောနှုန်းဖြင့် ထားရှိပြီး ကျောင်းသားတစ်ဦးလျှင် ကွန်ပျူတာတစ်လုံးနှုန်းဖြင့် သင်ယူစေသည်။ အလွတ်ကျက်မှတ် ဖြေဆိုရသောစာမေးပွဲစနစ်မရှိဘဲ ဆောင်ရွက်ရသော ပရောဂျက်များနှင့် လက်တွေ့စမ်းသပ်ဆောင်ရွက်မှုများအပေါ် စဉ်ဆက်မပြတ် အကဲဖြတ်၍စမ်းစစ်သည်။

STEM ပညာရေးကို ငယ်စဉ်မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ကပင် သိရှိသင်ကြားနိုင်ရန် ရည်ရွယ်သည်။ STEM သည် သမားရိုးကျ သင်ကြားသောသိပ္ပံနှင့် သင်္ချာဘာသာရပ်များမှ ကွဲထွက်၍သိပ္ပံပညာသည် မိမိတို့နေ့စဉ်ဘဝတွင် မည်ကဲ့သို့ အသုံးဝင်သည်ကို စဉ်းစားတွေးခေါ်တတ်ရန် အင်ဂျင်နီယာဘာသာရပ်ကို နည်းလမ်းအဖြစ် အသုံးချထားသည့် ပေါင်းစပ်ပညာရေး ဖြစ်သည်။




"အလွတ်ကျက်မှတ် ရေးဖြေရသော စနစ်မရှိမှု၊ ဘာသာရပ်များအား ပေါင်းစပ်ပြီး သင်ကြားနိုင်မှု၊ လုပ်ငန်းခွင်က လိုအပ်လျက်ရှိသော ပညာရေးကို ဖော်ဆောင်နိုင်မှုနှင့် ကိုယ်တိုင်ဆောင်ရွက်အဖြေရှာနိုင်မှုတို့က ယခုတင်ပြသော STEM ပညာရေး၏ အားသာချက်များ ဖြစ်ကြောင်း"

ဥပမာအားဖြင့် STEM တွင် အရုပ်လေးများ (Robots) တည်ဆောက်ရင်း ထိန်းချုပ်ကစားစေသည်။ ကွန်ပျူတာ ပရိုဂရမ်တွင် ရေးသားရင်း အရုပ်လေးများကို သက်ဝင်လှုပ်ရှားစေသည်။ ဆော့ကစားရင်းကလေးများ၏ စူးစမ်းလိုစိတ်ကို နှိုးဆွပေးသည်။ Learning by Doing ဟုခေါ်ဆိုသည့် အလုပ်မှ သင်ယူစေသည်။ နှစ်စဉ်သင်ကြားနေသော သင်္ချာနှင့် သိပ္ပံပညာရပ်ကို တကယ့်ပြင်ပပတ်ဝန်းကျင်တွင် အသုံးချဖြေရှင်းခိုင်းသည်။ ကလေးများကို စတင်သင်ကြားရာတွင် ကလေးများ စိတ်ဝင်စားသည့် အရုပ်လေးများ၏ ရုပ်သံဖန်တီးမှုများ၊ စက်ရုပ်လေးများကို ထိန်းချုပ်ကစားရင်း သင်ကြားရာတွင် ဆရာ ဆရာမများက အဖြေပေးဦးဆောင်ပေးခြင်းမပြုလုပ်ဘဲ ကိုယ်တိုင်ဆောင်ရွက်ရာမှ ကိုယ်တိုင်ဖြေရှင်းရင်းအဖြေရှာသင်ယူစေသော ပညာရေးစနစ်ဖြစ်သည်။

ထိုကဲ့သို့ တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဆောင်ရွက်သင်ယူရသဖြင့် ကျောင်းသားများသည် တီထွင်ဆန်းသစ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ စုပေါင်းလုပ်ဆောင်နိုင်စွမ်း၊ ကိုယ်ပိုင်သင်ယူနိုင်စွမ်းနှင့် ပြောဆိုတင်ပြနိုင်စွမ်းအစရှိသည့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာသည်။

အမေရိကန်နိုင်ငံကစတင်၍ STEM ပညာရေးကို အမေရိကန်ကျောင်းသားများ၏ အလယ်အလတ်အဆင့်တွင်ရှိနေသော သိပ္ပံပညာရပ်နှင့် သင်္ချာဘာသာရပ်ကို နိုင်ငံတကာအသိုင်းအဝိုင်းတွင် ထိပ်တန်းနေရာရောက်ရှိလာစေရန် ရည်ရွယ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဘတ်ဂျက်တွင် STEM ပညာရေးအတွက် အိုဘားမားအစိုးရက အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ သုံးစွဲခဲ့သည်။

လေ့လာချက်များအရ ကျောင်းသားများသည် နည်းပညာနှင့် အင်ဂျင်နီယာဘာသာရပ်များကိုလည်းကောင်း၊ ဇီဝဗေဒ၊ ဓာတုဗေဒ အစရှိသည့် သိပ္ပံပညာရပ်များကိုလည်းကောင်း ပိုမိုနှစ်သက်ကြောင်း သိရှိရသည်။ အားလုံးခြုံ၍လေ့လာလျှင် ကျောင်းသားများသည် ကျောင်းသူများထက် သုံးဆပိုမို၍ STEM ကို လေ့လာကြကြောင်း သိရှိရသည်။

အဆိုပါ STEM ဘာသာရပ် လေးခုနှင့် နှီးနွယ်လျက်ရှိသော STEM ဒီဂရီ ၄၁၅ ခုရှိသည်ဟု သိရှိရပြီး နယ်ပယ်အစုံတွင် STEM အလုပ်အကိုင်များ ပွင့်လန်းလျက်ရှိသည်။

**STEM ပညာရေး အရေးပါပုံ**

ဝက်ဘ်ဆိုက်တစ်ခု၏ ဖော်ပြချက်အရ ၂၀၁၈ ခုနှစ်တွင် STEM နှင့် ဆက်စပ်သောအလုပ်အကိုင်များတွင် အလုပ်သမားဦးရေ ၈ ဒသမ ၆၅ သန်း လိုအပ်လျက်ရှိသည်ဟု သိရသည်။ STEM အလုပ်များတွင် ယေဘုယျအားဖြင့် အဆင့်မြင့်ပညာရေးသို့မဟုတ် ဘွဲ့တစ်ခုခုရရှိထားရန် မလိုအပ်ပေ။ STEM နှင့်ပတ်သက်သော အလုပ်ရရှိမှုသည် အခြားအလုပ်ရရှိမှုထက် သုံးဆ ပိုမိုများကြောင်း သိရသည်။ အင်္ဂလန်နိုင်ငံ Royal Academy of Engineering အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်တိုင်အောင် STEM လုပ်သား တစ်သိန်း နှစ်စဉ် လိုအပ်လျက်ရှိနေသည်ဟု သိရသည်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လုံးက "စင်ကာပူနိုင်ငံအား ကမ္ဘာ့တတိယအဆင့်မှ ပထမအဆင့်သို့ရောက်စေရန် STEM သည် အရေးကြီးသည်"ဟု ပြောကြားခဲ့သည်။ Singaporean University Technology Development (SUTD) campus အသစ်ကို ၂၀၁၅ ခုနှစ် မေလတွင် တည်ဆောက်ခဲ့ပြီးTechnology နှင့် STEM ကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

တရုတ်၊ ဟောင်ကောင်၊ မလေးရှားနှင့် အင်ဒိုနီးရှားအစရှိသည့် နိုင်ငံများရှိကျောင်းများတွင်လည်း STEM ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် ၂၀၁၂ ခုနှစ်ကတည်းက ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများက STEM ပညာရေးကို စတင်ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက National STEM dayကို ဖွဲ့စည်းခဲ့ပြီး အစိုးရကျောင်းများ၏ အစီအစဉ်တွင် STEM ကို တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းအားပေးခဲ့သည်။ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာနက STEM ပညာရေးကို ပိုမိုဖွံ့ဖြိုးစေခဲ့ပြီး ၂၀၁၇ မှ ၂၀၁၈ ခုနှစ်အတွင်း အချို့သော အထက်တန်းကျောင်းများတွင် STEM ပညာရေးကို စမ်းသပ်သင်ကြားလျက်ရှိသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ၏ပညာရေးကို မြှင့်တင်နိုင်ရန် အဘက်ဘက်က ကြိုးစားဆောင်ရွက်လျက်ရှိချိန်၊ တစ်နည်းအားဖြင့် အလွတ်ကျက်ပညာရေးမှ တွေးတောဆင်ခြင်မှုကို ဖြစ်ထွန်းစေမည့် ပညာရေးကိုဦးတည်ပြောင်းလဲနေချိန်တွင် နိုင်ငံအများ၌ ဆောင်ရွက်လျက်ရှိသည့် လက်တွေ့ကျသော ပညာရေးစနစ်တစ်ခုအကြောင်းကို မိမိသိသမျှ တင်ပြခြင်းသာဖြစ်သည်။ အလွတ်ကျက်မှတ်ရေးဖြေရသောစနစ်မရှိမှု၊ ဘာသာရပ်များအား ပေါင်းစပ်ပြီး သင်ကြားနိုင်မှု၊ လုပ်ငန်းခွင်က လိုအပ်လျက်ရှိသော ပညာရေးကို ဖော်ဆောင်နိုင်မှုနှင့် ကိုယ်တိုင်ဆောင်ရွက်အဖြေရှာနိုင်မှုတို့က ယခုတင်ပြသော STEM ပညာရေး၏ အားသာချက်များဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## စဉ့်ကူးမြို့နယ်၌ မိုးစပါးလျာထားချက် ကေပြည့်မီအောင် စိုက်ပျိုးသွားမည်

**စဉ့်ကူး ဩဂုတ် ၂၄**

စဉ့်ကူးမြို့နယ်ရှိ လယ်သမားများသည် မိုးစပါးကို မာလဲ - နတ်တောင်ဆည်မှ ပေးဝေသောရေကို အားထားစိုက်ပျိုးနေရသော်လည်း ယခုနှစ်မိုးဦးစောပြီး မိုးရွာသွန်းမှုများခဲ့သဖြင့် မိုးစပါးကို ရာသီချိန်အမီ စတင်စိုက်ပျိုးနေကြပြီး သတ်မှတ်လျာထားချက် စိုက်ဧက ၂၄၉၉၀ ကို ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"တောင်သူများ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်အောင် တောင်သူပညာပေးအနေနဲ့ စိုက်စနစ်များသိရှိနိုင်အောင်လို့ ကမ္ဘာ့ဘဏ်အကူအညီနဲ့ မျိုးသန့်ထုတ်ပြီး တောင်သူတွေကို အခမဲ့ဖြန့်ဝေသွားနိုင်အောင် ဆောင်ရွက်နေပါတယ်။ မျိုးစေ့ထုတ်စံပြစိုက်ကွက်အနေနဲ့ ဧက ၂၀ အပြင် လက်ပန်လှဆည်ရေသောက်ဧရိယာအတွင်း ၂၅ ဧကကို ဒေသနဲ့ ကိုက်ညီတဲ့ မျိုးရရှိဖို့ မျိုးစေ့ထုတ်နဲ့ မျိုးယှဉ်ပြိုင်ကွက်တွေ စမ်းသပ်ဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်ညွန့်က ပြောသည်။

ယခုအခါ စဉ့်ကူးမြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် ဧက ၁၅၀၀၀ ပျိုးထောင်ထားရှိပြီး လက်ရှိအခြေအနေတွင် တိုက်ရိုက်အစေ့ချ ၃၃၅ ဧက၊ ကြဲခင်း ၉၃၅၅ ဧက စုစုပေါင်းဧက ၉၆၉၀ စိုက်ပျိုးပြီးကြောင်းနှင့် ဆည်ရေဖြင့် ၅၇၅၅ ဧကနှင့် မိုးရေဖြင့် ၂၈၆၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

## ပဲခူးမြို့ ဆေးရုံလမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ပဲခူး ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၉ ဒသမ ၈၄၆ ဖြင့် တင်ဒါအောင်မြင်ခဲ့သော Max Highway ကုမ္ပဏီကတာဝန်ယူကာ ပဲခူးမြို့ ဆေးရုံလမ်းအား ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေရာ ရန်ကုန်- မန္တလေးကားလမ်းမမှ တပင်ရွှေထီးလမ်းအထိ အရှည် ၁၃၅၆ ပေ၊ အကျယ် ပေ ၆၀ ရှိကြောင်း သိရသည်။



ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ် ၃၅၅ ဒသမ ၃၈၉၉ သန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း၊ မြေသားလမ်းဖို့ခြင်း၊ သံကူကွန်ကရစ် အဖုံးပါ အုတ်ရေမြောင်းပြုလုပ်ခြင်းစသည့် လုပ်ငန်း ၁၃ ခုကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၆၃၁ ဒသမ ၃၉၆၀ ဖြင့် လုပ်ငန်း ၃၆ ခု တို့ကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

သာသနာတော်နှစ် ၂၅၆၂ - ၆၁ ရဟန်း ၂၀၁၇ မြန်မာသက္ကရာဇ် - ၁၃၇၀/၇၉

# သမ္ဗုဒ္ဓ ပုထိုးတော်ကြီး - ဓမ္မသက တာသင်တိုက်

ဒေါက်တာ ဒေါ်ပညာသိရီ သာသနဓဇ ဓမ္မာစရိယ Ph.D, သဒ္ဓမ္မဇောတိကဓဇ၊ မြည်တွင်းမြည်ပ သာသနပြုဆရာ



သမ္ဗုဒ္ဓပုထိုးတော်ကြီး အလှူရှင်များအား ဖိတ်ခေါ်ခြင်း

သမ္ဗုဒ္ဓပုထိုးတော်ကြီးဘုရားတည် ကုသိုလ်ဝေစု ဘုရားတစ်ဆူလျှင် (၁) သိန်းကျပ်

ဆက်သွယ်နိုင်သောဖုန်းနံပါတ် - ဒေါက်တာ ဒေါ်ပညာသိရီ - PINNYASIRI-KBZ Bank
(Account No.070-301-07000085501, 070-501-07000085501)




TNC GNC BRANDED အရည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို အောက်ပါ TNC Showroom များတွင် ရရှိနိုင်ပါပြီ။

● Junction City ● Junction Mawtin ● နေပြည်တော် Junction
● Order များ မှာယူလိုလျှင် ဖုန်းဆက်မှာယူနိုင်ပါသည်။ အမြို့မြို့ အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

# T.V (ရန်ကုန်)

ကားဂိတ်(A) Ph: 09-73044311
09421150033, 09-5041550, 09-440051114
09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340
- 09-779144479
- 09-260111947
09-779144498
- 09-260111946

# ကားစီးလုံးငှားသည်။

AC-Express(45,33,25), အံစတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရှေ့ငှား) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။
Ph: 09-252522200, 09-33345545, 09-5089800

# MAXIMUM EDUCATION CENTER

အာမခံ ညအိပ် Camp (၆) ဦး တော်ဒါဆောင်

Guide

Air-con

Repeater

Phone : 09 - 5156557

KN

Ph: 09-400788135
09-762276128

# မြေကွက်များ ဈေးကောင်းပေး ဝယ်လိုသည်

မြေကွက်များဝယ်လိုသည်။

ဖုန်း 01-2339310, 01-2339355, 01-578044



The
# Myanmar Exam:
တက္ကသိုလ်ဝင်တန်း ကျောင်းသား ၊ ကျောင်းသူများအတွက်
ဘာသာရပ်ဆိုင်ရာ ဆရာကြီး ၊ ဆရာမကြီးများ ရေးသားပြုစုထားသော
၂၀၁၉ - ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြောင်းလဲအသုံးပြုစစ်ဆေးမည့်
နမူနာမေးခွန်းပုံစံသစ်များနှင့် အဖြေများ

မြန်မာစာ ၊ အင်္ဂလိပ်စာ ၊ သင်္ချာ
ဓာတုဗေဒ ၊ ရူပဗေဒ ၊ ဇီဝဗေဒ
ဓာတုဗေဒ ၊ ရူပဗေဒ ၊ ဘောဂဗေဒ
ပထဝီဝင် ၊ သမိုင်း ၊ ဘောဂဗေဒ

"ဓာတချို" စာပေ
ဆက်သွယ်မှာကြားရန် အမှတ် (၂၄၁)၊ (၃၆) လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၃၈၃၆၀၃ ၊ ၃၇၇၅၃၅၊ ၂၅၅၆၇၆ ၊ ၃၈၃၃၉၃။

MMK
မြင့်မိုရ်ကမ္ဘာ ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့
ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်များ ကြိုတင်စာရင်းပေးနိုင်ပါပြီ
မအိစ် ကိုယ်တိုင် ခေါ်ဆောင်ပြီး ရှုခင်းများကြည့်ရှုကြမည့်အဖွဲ့ အောက်ပါ ခရီးစဉ်များ
အား ယခုနှစ်တွင် ပို့ဆောင်ပေးသွားမည် ဖြစ်ပါသည်....
(၂၀၁၀-၂၀၁၉ ရန်ကုန်-ဗုဒ္ဓဂယာ-ရန်ကုန်တိုက်ရိုက်ခရီးစဉ်)
(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်များ-(၁)၁၈.၁၀.၁၈(
)(၂)၃.၁၁.၁၈(၃)၁၉.၁၁.၁၈(
(၄) ၆.၁၂.၁၈၊ (၅) ၃၁.၁.၁၉၊ (၆) ၁၆.၂.၁၉၊ (၇) ၇.၃.၁၉(၈) ၂၅.၃.၁၉၊
(၉) ၉.၄.၁၉

အောင်ရမည်
အထူးကြပ်မတ်
စာသင်ဝိုင်း
(၆)လပြတ်
နေ့တက်/ဘော်ဒါ
၀၉-၉၆၉၇၆၆၆၃၀၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အခြေစိုက် အလုပ်ရုံ အမှတ် - ၃၊ မရမ်းကုန်း)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း
အခြေခံယာဉ်မောင်းသင်တန်း အပတ်စဉ် (၂၃၁) (ပုံမှန်သင်တန်း)အား ၄-၉-၂၀၁၈ရက်နှင့် စနေ၊ တနင်္ဂနွေ (အထူးသင်တန်း)ကို ၈-၉-၂၀၁၈ရက်တွင် ဖွင့်လှစ်ပါမည်။ Auto နှင့် Manual (၂)မျိုးသင်ကြားပေးသည်။ သင်တန်းတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အင်ဂျင်သင်တန်းကို ၃-၉-၂၀၁၈ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ပါသည်။
**သင်တန်းလိပ်စာ**-အမှတ်(၁၁၀)၊ ပြည်လမ်း၊ မရမ်းကုန်း၊ (၈)မိုင်မှတ်တိုင် (ခုံးကျော်တံတားအနီး)
**(သင်တန်းသားဦးရေ ကန့်သတ်ထားသည်။)**
**ဆက်သွယ်ရန်ဖုန်း**- ၀၁-၆၆၀၈၅၁၊ ၀၁-၆၆၀၇၇၂၊ ၀၉-၄၂၀၇၂၂၃၇၉၊ ၀၉-၃၁၂၅၄၅၉၉၊ ၀၉-၄၂၀၉၆၃၆၆

EVER TOP
ဘာသာစကားသင်တန်း

| ဂျပန် | တရုတ် | အင်္ဂလိပ် |
|---|---|---|
| 4-Skills N5,N4,N3,N2,N1 JLPT/NAT TEST | (Chinese for all) | ဦးမိုးမြင့်မောင်(Top English) (a) Saya William 4-Skills(General) Phonetics Grammar+Writing |
| | ကိုရီးယား 4-Skills TOPIK | |
| ထိုင်း 4-Skills, Basic / Advance, | | Ph:09254903604 09799656514 09428770096 |

MBA
BBA . EMBA . PhD
· Master of Business Administration
· 18 Months (5 Semesters)
· 11 Subjects + 1 Project Paper
· AeU, Malaysia
· Education Loan from Available
START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK320,000!
September
09952101011/ 09254045682 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my



မူးလျှင်ရူ-မောလျှင်သောက်
TMR000849(0519)
အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး

ရွှေမန်းတောင်
အကြောပြေ မျက်စိကြည်ဆေး
TMR007525(0620)
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၀)လမ်းအောက်၊ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၆၀၀၀၊ ၅၄၃၀၄၊ ၂၅၃၀၀၃၄၊ ၀၉-၈၅၃၀၄၅၃

WELCOME
MONSOON!
But not without
UPG
SMART
2 Types of Waterproofing Solution for All Concrete Structures
အင်္ဂတေအဆောက်အဦ အားလုံးအတွက် အရည်အသွေးမြင့် ရေလုံတားဆေးနှစ်မျိုး
မုတ်သုံမိုးရာသီမှာ... သုံးရေ၊ စွန့်ရေအမျိုးမျိုးနဲ့ ထိစပ်နေရတဲ့ သို့မဟုတ် ရေအောက်နစ်မြုပ်နေရတဲ့ အတွင်းနဲ့ အပြင်အင်္ဂတေမျက်နှာပြင်မျိုးစုံ ပါဝင်ရာ...
ရေကူးကန်၊ ရေလှောင်ကန်၊ အင်္ဂတေခေါင်မိုး၊ မြေအောက်ထပ်၊ ရေချိုးခန်း၊ မီးဖိုချောင်၊ ပန်းခြံရေပန်း၊ ရေကန် စသည်တို့အတွက်




• Protect Water Penetration •
• Protect Cracking •
• High Resistance to weather •
• Non-Toxic •
ဘိလပ်မြေအခြေခံ နှစ်မျိုးစပ် ရေလုံတားဆေး
၁၀၀% အချိုက်လစ်အခြေခံ ရေလုံတားဆေး
Tel: 95-1-200535, 299432
www.upgpaint.com
info@upgpaint.com
www.facebook.com/upgpaint

SNN

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ၊ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
စိုးရာသီ Promotion အထူးအစီအစဉ် (1.7.2018 မှ 31.8.2018) အတွင်း
ငွေကျပ် (၅)သိန်းနှင့်အထက် ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်းများဝယ်ယူအားပေးသော
မိတ်ဟောင်း၊ မိတ်သစ် Customer များကို ဘေးထိုးရွှေကာလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၄၆၀၀၀၊ ၅၃၉၅၁၀၂၊ ၅၂၃၈၀၈
PH; ၀၉-၇၇၃၀၀၂၆၉၇၊ ၀၉- ၂၅၇၂၀၈၀၀၂



SIM GLOBAL EDUCATION
A Member of the SIM Group

Singapore Institute of Management (SIM) မှကြီးမှူးကျင်းပသော
"ကျောင်းသားဘဝမှ လုပ်ငန်းခွင်Professional တစ်ဦးအဖြစ် ရပ်တည်နိုင်ရေး"
ပညာရေးဆွေးနွေးပွဲ

၁၀၀% ပညာသင်ဆု

Open House

COME JOIN US AT:

မန္တလေး
၂၅-၈-၂၀၁၈ (စနေနေ့)
နံနက်(၁၀)နာရီမှနေ့လည်(၁)နာရီအထိ
Hilton Hotel Ballroom

ရန်ကုန်
၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့)
နံနက်(၁၀)နာရီမှနေ့လည်(၁)နာရီအထိ
Novotel Yangon, Eureka Room

- IGCSE၊ ၁၀တန်းအောင်ကျောင်းသားများ၊ HND အောင်မြင်ထားသူများ၊ တက္ကသိုလ် ကျောင်းသားများ၊ ဘွဲ့ရ ကျောင်းသားများ တက်ရောက်နိုင်သောပညာရေးလမ်းကြောင်းများ၊ ဘာသာရပ်များအကြောင်းနှင့် အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းများအကြောင်း
- လုပ်ငန်းခွင်ဝင် SIM ဘွဲ့ရကျောင်းသားများမှ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြင်ဆင်ခဲ့ပုံများဆွေးနွေးခြင်း
- ၁၀၀% ပညာသင်ဆုအစီအစဉ် နှင့် လျှောက်ထားမှုပုံစံများ အကြောင်း
- အလုပ်သင် အခွင့်အလမ်းများနှင့် study loan ချိတ်ဆက်ထားမှုများအကြောင်း
- Open House တွင် ကျောင်းလျှောက်ထားသူများအတွက် English Speaking Class အခမဲ့သင်တန်း အား Yangon English Academy တွင် အခမဲ့ သင်ကြားနိုင်မည့် အခွင့်အရေးများ

အခမဲ့ဆွေးနွေးပွဲ

edutrust
အခုပဲ စာရင်းသွင်းလိုက်ပါ
၀၉ ၅၀၈၅၃၇၇
၀၉ ၈၉၇၂၂၁၁၈၇

# STRATEGY FIRST

တက္ကသိုလ်ဝင်တန်း (သို့မဟုတ်)
IGCSE အောင်မြင်ပြီးသူလူငယ်များအတွက်



OXFORD BROOKES UNIVERSITY
BA (Hons) Business & Management



BA (Hons) Business & Management Pathway Programme ကို Strategy First တွင် စရိတ်သက်သာစွာဖြင့် တက်ရောက်ပြီး UK နိုင်ငံ Oxford Brookes University မှဘွဲ့ကို ရယူနိုင်ပါပြီ။

ဂုဏ်ထူး(၁)ဘာသာလျှင် ၂သိန်းကျပ် နှင့် ကျပ်သိန်း ၂၀ အထိ
Scholarship ပေးသည့် အစီအစဉ်များလည်းရှိပါသည်။

သင်တန်းကြေး - ပထမနှစ် (Foundation အပါအဝင်) - ၃,၅၇၅,၀၀၀ ကျပ် + Registration Fees - 259 GBP (HNC+HND) | ရန်ကုန်၊ မန္တလေး တန်းခွဲသစ်များ စက်တင်ဘာလ (၂၄) တွင်စမည်။

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.

ရန်ကုန် : 09 76543 8000
မန္တလေး : 09 444 555 616
မုံရွာ : 09 4242 67 577


ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်
MAB
MOBILE BANK
Available on the App Store
GET IT ON Google Play
MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ
Finger Print
Peek Balance
QR Pay
Instant Opening of wallet Account
Bill Payment
Prepaid Topup
P2P QR transfer
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်
Call Centre
+95 (1) 861 0612

## ဦးရိုးစိန်
## အသက်(၈၆)နှစ်
**B.S(Engg.),Purdue University**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

**Vice President(Ret.),Ivanhoe Myanmar Holding Limited**

(ဦးဝမ်း-ဒေါ်စက်ညွန့်)တို့၏သား၊ (ဦးရင်ထန်-ဒေါ်ကင်းဆွေ)တို့၏သားသမက်၊ အမှတ်-၇၃၁၊ ဥသဖရားလမ်း၊ ၃၆ VIP ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်ကြည်ကြည်ထန်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဖြူဖြူရိုးစိန်-ဦးယမုန်စိုး၊ ဦးမောင်မောင်ရိုးစိန်-Tina၊ ဦးညီညီရိုးစိန်-ဒေါ်သက်သက်ဦးသာတို့၏ဖခင်၊ မောင်ဝင်းသူစိုး၊ မောင်လင်းသူစိုး၊ Kyle ရိုးစိန်၊ Rachel ယမင်းရိုးစိန်တို့၏ အဘိုးဖြစ်သူသည် ၂၃-၈-၂၀၁၈ရက် နံနက်၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ မွန်းတည့်၁၂နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ရီတင် (B.A.Ed, B.Ed)
**အထက်တန်းပြ (ငြိမ်း)**
## အသက် (၇၈) နှစ်

၁၉-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရီတင် အသက် (၇၈) နှစ် ဆေးရုံတက် ရောက်စဉ်က အထူးစောင့်ရှောက်ကုသပေးခဲ့သော သမားတော်ကြီး ဒေါက်တာဒေါ်ခင်သန္တာအေး၊ ကိုယ်တိုင်လာရောက်အားပေးပါသော သမားတော်ကြီး ဒေါက်တာဒေါ်ခင်ထွေး၊ အနီးကပ်ပြုစုပေးပါသော မြောက်ဥက္ကလာ လကမ္ဘာဆေးရုံမှ ဆရာဝန်များ၊ သူနာပြုအုပ်ဆရာမကြီး၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းအားလုံးအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ Facebook၊ Email တို့ဖြင့် ဆက်သွယ် မေးမြန်းအားပေးကြသူများ၊ ကွယ်လွန်သွားပြီးချိန်တွင် နာရေးကိစ္စအဝဝတို့ကို မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော မြသက်တင်ဆောက်လုပ်ရေး (MTT Construction Co.,Ltd)မှ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ၊ သက်န်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ခဲ့ကြသူများ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဖခင်ကြီး၏ ချစ်ခင်ရင်းနှီးသော မိတ်ဆွေများ၊ မိခင်ကြီး၏ ချစ်ခင်ရင်းနှီးသော ဆရာ၊ ဆရာမမိတ်ဆွေသူငယ်ချင်းများ၊ မိခင်ကြီး၏ ချစ်တပည့်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘဝ သစ်

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ဝင်း (ခ) တန်ကော့စွန်
## အသက် (၉၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် (၁၃)၊ သုံးလွှာနေ ဒေါ်ရပ်ချိုင်ဟာ၏ချစ်လှစွာသောခင်ပွန်း ဦးစိန်ဝင်း (ခ)တန်ကော့စွန်သည် ၂၂-၈-၂၀၁၈ ရက် ည ၈း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Hotel H Valley Yangon, Hostel H Way မှ**
**Hotel မိသားစုနှင့်ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

မုံရွာမြို့၊ အမှတ်(၂) အထက်တန်းကျောင်းမှ အထက်တန်းပြဆရာကြီး ဦးသာငွေ(စာရေးဆရာ အောင်သာစံ)သည် ၁၄-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက်စတိတ်တူးကျောင်းသားဟောင်းများအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်အေး
## အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်နေ (ရဲမှူးချုပ်စိုးမြင့်-ငြိမ်း)၏ ဇနီးဖြစ်သူ ဒေါ်တင်တင်အေး အသက် (၈၄) နှစ်သည် ၂၀-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သတင်းတပ်ဖွဲ့ဝင်တပည့်ဟောင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြရီ
## အသက် (၈၄) နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ လက်ထောက်မန်နေဂျာ ဦးသိန်းနိုင်-ဒေါ်အေးဝင်း(စု/ကိုင်)တို့၏မိခင် ဒေါ်မြရီ အသက် (၈၄) နှစ်သည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေးဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၈-၂၀၁၈ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)ပါ အများသိစေရန် ဒေါ်ယဉ်ယဉ်၏ ကြော်ငြာတွင် ဦးကျော်နိုင် [၁၂/ကမရ (နိုင်) ၀၅၀၀၉၄]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဥတုရာသီ တောကိုမှီ၏

---

## အထူးကျေးဇူးတင်ရှိခြင်း
## ဗိုလ်မှူးကြီး ခင်မောင်အေး(ငြိမ်း)
**စာရေးဆရာ ခင်မောင်အေး(မန္တလေး)**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း**
## အသက်(၈၈)နှစ်

၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင် ဖခင်ကြီး ဗိုလ်မှူးကြီး ခင်မောင်အေး(ငြိမ်း)၏ နာရေးကိစ္စအဝဝတွင် လိုလေသေးမရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ မင်္ဂလာဒုံ ခုတင်(၁၀၀၀) တပ်မတော်ဆေးရုံမှ အထူးကုဆရာဝန်ကြီးများနှင့် စစ်သူနာပြုများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေအပေါင်းတို့အား ဧည့်ဝတ်ကျေပွန်ခြင်း မရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အမှတ် (၅၉)၊ မြေညီထပ်၊ ဗိုလ်ရွှေလမ်း၊ (မောင်ခိုင်လမ်း)၊ လသာမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသားသမီးများ

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မကြီး(၉၃) နှစ်

ဦးအောင်ဆန်းဦး-ဒေါ်ခင်စန်းဝင်း(အထက-၂၊ ဟုမ်းလမ်း၊ ထီးတန်း၊ ကြည့်မြင်တိုင်ကျောင်းသား/သူဟောင်းများအသင်း အလုပ်အမှုဆောင်)တို့၏ မိခင်သည် ၁၇-၈-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**အထက(၂) (ဟုမ်းလမ်း၊ ထီးတန်း) ကြည့်မြင်တိုင်**
**ကျောင်းသား/သူဟောင်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြဆင်
## အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ ဦးသိန်းမင်း(ဒုဌာနမှူး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်စည်ပင်)-ဒေါ်မူမူအောင် တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြဆင် အသက်(၉၁)နှစ်သည် ၁၈-၈-၂၀၁၈ (စနေနေ့) နံနက်တွင် မတ္တရာမြို့ အမှတ်(၃) ရပ်နေ ဦးမျိုးမင်းသိန်း-ဒေါ်တူးတို့၏ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ITP SUWAS 2017 D Sweden မှ Participants**
**ဦးငြိမ်းလွင်၊ ဦးသက်ထွန်းဝင်း၊ ဦးထွန်းမြင့်၊**
**ဒေါ်သီဂီစိုး၊ ဒေါ်ခိုင်ခိုင်စိုး၊ ဒေါ်သက်ထားမြင့်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြဆင်
## အသက် (၉၁) နှစ်

ရန်ကုန်မြို့နေ ဦးသိန်းမင်း (ဒုဌာနမှူး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်စည်ပင်)-ဒေါ်မူမူအောင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြဆင် အသက် (၉၁) နှစ်သည် ၁၈-၈-၂၀၁၈ (စနေနေ့) နံနက်တွင် မတ္တရာမြို့၊ အမှတ်(၃)ရပ်နေ ဦးမျိုးမင်းသိန်း-ဒေါ်တူးတို့၏နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သန့်ရှင်းမှုဌာနခွဲ**
**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစိန်မင်း
**အငြိမ်းစားသင်္ချာပါမောက္ခ(ရန်ကုန်တက္ကသိုလ်)**
## အသက် (၈၇) နှစ်

ဆရာကြီး ဒေါက်တာဦးစိန်မင်း (အငြိမ်းစားသင်္ချာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)သည် ၁၈-၈-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူညီမျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီးဒေါက်တာဦးစိန်မင်း ကောင်းရာဘုံဘဝသို့ ရောက်ပါစေ။

**ဦးလှဇင်-ဒေါ်မြင့်မြင့်သန်း မိသားစု**
**ခေတ္တ-USA**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးထွန်းလွင်(ငြိမ်း)၊ စာရေးဆရာဗိုလ်လုံ(စစ်ကိုင်း)
**ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန(ငြိမ်း)**
## အသက် (၈၃) နှစ်

ဗိုလ်မှူးဇေယျာလွင် (ငြိမ်း)-ဒေါ်မျိုးစန္ဒာမင်းတို့၏ဖခင်ဖြစ်သူ ဗိုလ်ကြီးထွန်းလွင် (ငြိမ်း)သည် ၂၁-၈-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းထွန်းနိုင်
## အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၉)လမ်း၊ အမှတ်(၁၄)နေ ဒေါ်သိန်းတရာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ခန့်ဇွဲသန့် (ခ) ရွှေသွေးလေး၏ဖခင်သည် ၉-၈-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Helta Light Engineering Co.,Ltd**

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမဆဖီယာ(ခ)ဒေါ်မြသင်(ခ)Margaret Chit
**B.A (B.Litt)**

**St.Joseph's English Convent(Mdy)**

**အထက(၂) ရန်ကင်း၊ အထက(၂) လှိုင်လင်၊ အမက(၉) စမ်းချောင်း၊ အထက(၂) အင်းစိန်၊ အထက(၃) ပုဇွန်တောင်**
## အသက် (၈၉) နှစ်

မန္တလေးမြို့နေ သစ်ဦးဘချစ်-ဒေါ်ကြည်တို့၏ဒုတိယသမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၅)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေဦးသန်းထွန်း(အငြိမ်းစား အမှုဆောင်အင်/ယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အား)၏ချစ်လှစွာသောဇနီး၊ ဒေါ်မီမီထွန်း(1980-Civil)-ပါမောက္ခ ဒေါက်တာမျိုးဝင်း(ဌာနမှူး-ငြိမ်း၊ ဇီဝဓာတုဗေဒဌာန၊ ဆေး-၁)၊ ဒေါ်နီနီထွန်း(Baltimore U.S.A)-ဦးထွန်းဝင်း(1980-Civil,Baltimore U.S.A)၊ ဒေါ်နွယ်နွယ်ထွန်း(အလယ်တန်းပြ-ငြိမ်း၊ အလက-၁၊ ပုဇွန်တောင်)တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်မေဖြိုးပိုင်(ဒု-မန်နေဂျာ၊ MTB)၊ ထက်စန္ဒီထွန်းဝင်း(U.S.A)၊ ဝေယံထွန်းဝင်း(U.S.A)တို့၏ချစ်လှစွာသောအဘွား၊ မမြတ်နိုးအိမ်(Grade-VII၊ မင်္ဂလာကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း)၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၂-၈-၂၀၁၈ ရက် နံနက် ၃း၄၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇဟိုလ်အပြီး ရေဝေးစွန္နီမွတ်စလင်ကဗရ်စတာန်ဥယျာဉ်တော်၌ ဒဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## Nu Kham Khan Man (ဒေါ်နု)
## အသက် (၆၅) နှစ်
**Ngaihte Beh, Zang Kong Tonzang Lawm**

ချင်းပြည်နယ်၊ တီးတိန်မြို့၊ လွယ်ဘွားရပ်ကွက်နေ (Pa Dai Za Thang-Nu Nian Niang)တို့၏သမီးကြီး(Pa Kam Khan Thang-Nu Vial Khaw Man)နန်းဟံနွဲ့ကျေးရွာတို့၏သမီးချွေးမ၊ Nu Don Do Mang(လယ်/ပြ-ငြိမ်း)-Pa Gin Do Pau၊ Nu Cing Ngaih Lun (သားဖွား-ငြိမ်း)-Pa Kam Kham Kapတို့၏အစ်မကြီး၊ Nu Man Zam Cing-U Nay Myo Aung၊ Pastor Thang Zom Khai-Rev. Mang Ngaih Khawm၊ Tg.Thang Lam Mung(ခေတ္တ-Korea)၊ Pa Niang Lian Thawn-Daw Thet Thet Winတို့၏မွေးသမိခင်၊ Lia Man Sian Lun၊ Tg.Mang Tung Sian Muang၊ Lia Man Sian Siang၊ Tg.Mang Sian Lian တို့၏အဘွား၊ မှော်ဘီမြို့နယ်၊ ကြက်ဖြူကန်ကျေးရွာ၊ အမှတ်(၄၇)၊ ဖွံ့ဖြိုးရေးလမ်းနေ Pa Cin Suan Mang (စစ်မှုထမ်း-ငြိမ်း)၏ချစ်လှစွာသောဇနီး Nu Kham Khan Man (ခ) ဒေါ်နုသည် ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၈-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီ၊ ဝါယာလက်မှ ကားများ မွန်းတည့် ၁၂ နာရီနှင့် FGAဘုရားကျောင်း၊ ယုဇနပိတောက်ကွေ့တို့မှ ကားများ နံနက် ၁၁ နာရီတို့တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီ(ရေတာရှည်)
## အသက်(၈၃)နှစ်

ဒေါ်ညိုညိုဝင်း (G.M-CEO Office, Supreme Trading Co.,Ltd.) ၏ မိခင် ဒေါ်ရီရီ (ရေတာရှည်) သည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူအထူး ဝမ်းနည်းကြေကွဲရပါသည်။

**Supreme Group of Companies**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းဦး
## အသက်(၈၀)
## ပါမောက္ခ(ငြိမ်း)၊ဘောဂဗေဒဌာန
## စစ်တက္ကသိုလ်၊ပြင်ဦးလွင်

စီးပွားရေးတက္ကသိုလ်၊ဘောဂဗေဒဌာနတွင်တာဝန်ထမ်းဆောင်ခဲ့သောဆရာဦးသန်းဦးသည်၁၉. ၈. ၂၀၁၈ နေ့တွင်ပြင်ဦးလွင်မြို့၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့်မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဘောဂဗေဒအသင်း(MEA)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီတင်(SAT-ငြိမ်း)
## အသက် (၇၈) နှစ်

ရန်ကုန်မြို့နေ [ဦးမြညို(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)] ၏ ဇနီး၊ ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏သက်ကြီးပူဇော်ကန်တော့ခံ ရာသက်ပန်အသင်းဝင် ဒေါ်ရီတင်သည် ၁၉-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာကြီး
**ဦးစိန်ဝင်း(ခ)တန်ကော့စွန်**
**အသက်(၉၀)**

Unisan Plastic Factory Co.,Ltd. ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဌေးလွင်-ဒေါ်ချို၀င်းတို့၏ ဖခင် ဦးစိန်ဝင်း(ခ)တန်ကော့စွန်သည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)ည ၈း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
Unisan Plastic Factory Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာကြီး
**ဦးစိန်ဝင်း(ခ)တန်ကော့စွန်**
**အသက်(၉၀)**

Unisan Plastic Factory Co.,Ltd. ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဌေးလွင်- ဒေါ်ချို၀င်းတို့၏ ဖခင် ဦးစိန်ဝင်း(ခ)တန်ကော့စွန် သည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၈း၅၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Unisan Plastic Factory Co.,Ltd. ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
**ဟာဂျီမဒေါ်ဆဖီယာဘီ(ခ)ဒေါ်မြသင်**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၁၅)နေ အလ်ဟာဂျ်ပါမောက္ခဒေါက်တာမျိုးဝင်း(ဥက္ကဋ္ဌ၊ မအဖ ဌာနချုပ်)-ဟာဂျီမဒေါ်မိမိထွန်း(စည်းရုံးရေးမှူး၊ မအဖဌာနချုပ်)တို့၏ မိခင်ဖြစ်သူ ဟာဂျီမဒေါ်ဆဖီယာဘီ(ခ)ဒေါ်မြသင်သည် ၂၂-၈-၂၀၁၈ ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်
(မ-အ-ဖ)ဌာနချုပ်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**ဗိုလ်ကြီးထွန်းလွင် (ငြိမ်း)၊ ကြည်း-၈၄၂၉**
**YOC (20)**
**စာရေးဆရာဗိုလ်လုံ(စစ်ကိုင်း)**
**B.Sc (Eng:), Arch**
**ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန(ငြိမ်း)**
**HGP, Dip (German)**
**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ်(၅၆)နေ ဒေါ်ရီရီ၏ချစ်လှစွာသော ခင်ပွန်း ဦးထွန်းလွင် အသက် (၈၃) နှစ်သည် ၂၀-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
အကျဉ်းဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ရီရီ(ရေတာရှည်)**
**အသက်(၈၃)နှစ်**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း အသင်းဝင် ဒေါ်ညိုညို၀င်း၏မိခင် ဒေါ်ရီရီ အသက်(၈၃)နှစ်သည် ၂၂-၈-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူအထူး ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း
သဘာဝခေါ်သံဖောင်ဒေးရှင်း

အထူးဝမ်းနည်းကြေကွဲခြင်း
**ဆရာဦးလှမောင်(ခ)Hashim Ali Bham**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၂၄၇)၊ ပဉ္စမလွှာ(ဝဲ+ယာ)နေ ဒေါ်ဂျယ်နီဘန်း(ပါမောက္ခ-ငြိမ်း)(ဒုတိယဥက္ကဋ္ဌ၊ မအဖ ဌာနချုပ်)၏ အစ်ကိုကြီးဖြစ်သူ ဆရာဦးလှမောင်(ခ)Hashim Ali Bham သည် ၁၇-၈-၂၀၁၈ ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်
(မ-အ-ဖ)ဌာနချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးစံမြင့် (ခ) S.MUNUSAMY (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ**
**အသက် (၇၃) နှစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစံမြင့် (ခ) S.MUNUSAMYသည် ၂၂-၈-၂၀၁၈ ရက် နံနက် ၁း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်ရွှေ (ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များ
မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင်

ခရစ်တော်၌ အိပ်ပျော်ခြင်း
**ဒေါ်ရင်ရင်(Cecilia Wong)**
**အသက် (၉၇) နှစ်**

ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၇၉)နေ [ဦးစံချောက် (Martin Wong)]၏ချစ်လှစွာသောဇနီး၊ Dr.ခင်သန်းမေ(Magdalena Wong, HK)၊ Dr.ခင်သန်းရီ(Theresa Wong, Sydney)-ဦးပီတာကောင်းအေး၊ ဒေါ်ခင်သန်းမြင့် (Florence Wong, Sydney)၊ Dr.ကျော်ဝင်း(Raymond Wong)-ဒေါ်မူမူဆွေ၊ Dr.ခင်သန်းဝေ(Margaret Wong, UK)၊ ဦးကျော်မင်း (Bartholomew Wong)-ဒေါ်အိအိခိုင်တို့၏ချစ်လှစွာသောမိခင်၊ မဖြိုးသူသူနိုင်၊ မောင်ကျော်ခိုင်၊ မောင်ထက်ကျော်၊ မမေသက်ထား၊ မောင်ကောင်းထက်ရှိန်၊ မဖြူစင်ထက်တို့၏ ချစ်လှစွာသောအဘွားသည် ၂-၈-၂၀၁၈ ရက်တွင် Hong Kong မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၈-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၉၇)၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၊ စိန်ထရေစားကက်သလစ်ဘုရားကျောင်းသို့ မိစ္ဆာတရားဝတ်ပြု ဆုတောင်းခြင်းပြုလုပ်ပြီး၊ ရေဝေးခရစ်ယာန်သုသာန်၌ အရိုးပြာအိုးကို ဂူသွင်းသင်္ဂြိုဟ်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဆရာမကြီး ဒေါ်ဝင်းခင်(ငြိမ်း) အလက(မြို့မ)**
**အသက်(၈၆)နှစ်**
**(ကျောက်တန်းမြို့နယ်အသင်းကန်တော့ခံ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အမှတ်(၃၃)၊ မင်းလမ်း၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးထွန်းစိန်-ဒေါ်ရင်မေ)တို့၏ သမီး၊ (ဦးခင်အောင်-ဒေါ်အုံးကြည်)၊ (ဦးသန်းရွှေ)၊ ဒေါ်စိန်ရှင်၊ ဒေါ်တင်လှိုင် တို့၏ ညီမ၊ (ဦးသိန်းဦး)-ဒေါ်မြင့်ရီ၊ ဦးအုန်းစန်း-ဒေါ်ခင်မူ၊ (ဦးစန်းမြင့်)-ဒေါ်သူဇာရွှေ၊ ဒေါ်သန်းသန်းစိုး(မြို့မအလက-ငြိမ်း)၊ ဒေါ်အေးအေးပြုံး (မြို့မအလက၊ ကျောက်တန်း)တို့၏ အဒေါ်၊ Dr.သူဇာဇင်၊ ကိုအောင်ကျော်ကျော် - Dr. ကြည်ပြာလွင်၊ မောင်သက်ပိုင်ဇော်၊ မရူပါဖြိုး၊ မသဥ္ဇာသိမ့်သိမ့်ထွန်း(UPG)၊ ဗိုလ်ကြီးသန်းမင်းထွန်း-မမြင့်မြတ်သူတို့၏ အဘွားသည် ၂၄-၈-၂၀၁၈ (သောကြာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင် ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ရီရီ**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊(၅)ရပ်ကွက်၊ခြံအမှတ်(ခ/၃၁)၊တပင်ရွှေထီးလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးတင်ဌေး)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်အေးအေးခိုင်(လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်ငြိမ်းငြိမ်းနိုင်(ဒု-ညွှန်ကြားရေးမှူး မိုး/ဇလ ညွှန်ကြားမှုဦးစီးဌာန)၊ ဦးသိန်းထိုက်-ဒေါ်ထားထားအိ(အင်/ယာ)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဟိန်းလင်းထက်၏ အဘွားသည် ၂၄-၈-၂၀၁၈ (သောကြာနေ့) နံနက် ၄း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးခင်မောင်ကြီး (၇၄)နှစ်**
**M.O.G.E၊ ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံထူးချွန်ဒုတိယဆင့်**
**PTTEP Co.,Ltd (Adviser)**

အမှတ်(၄၅၈)၊ သမာဓိ(၁)လမ်း၊ (၁၉/B)၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးလှတင်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးဆာရ်ဝန်ဆင်း-ဒေါ်ခင်ခင်မြ)တို့၏သားသမက်၊ ဒေါ်ညွှန့်ညွှန့်ရီ၏ခင်ပွန်း၊ ဒေါ်ကေသီလွင်-ဦးခင်မောင်မြင့်၊ (ဒေါ်ဒေဝီခင်)-ဦးမင်းအောင်၊ ဒေါ်သီဂီ-ဦးသန်းဝင်း၊ ဦးကျော်သူရ(ရှင်ကတ္တီ)၊ ဒေါ်နန္ဒာအောင်-ဦးဇော်ဗိုလ်ဦးတို့၏မွေးသဖခင်၊ မောင်လင်းအောင်ခိုင်-မတင်နွယ်နီထွန်း၊ မောင်အောင်ဖြိုးသူ၊ မသိမ့်နွယ်စိုး၊ မမြသက်ခိုင်၊ မအေးမြမြတ်ချယ်၊ မဖူးပွင့်ရတီဗိုလ်၊ မောင်ဟိဏ်းထက်ဝင်း၊ မောင်မင်းဘုန်းခန့် တို့၏အဘိုး၊ မောင်ဇေရဲလင်း၏ဘိုးဘိုးကြီး ဦးခင်မောင်ကြီးသည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး
**ဦးစံမြင့် (ခ) S.MUNUSAMY**
**B.A, R.L**
**တရားလွှတ်တော်ရှေ့နေ (သဃ်န်းကျွန်းမြို့နယ်တရားသူကြီးဟောင်း)**
**(တပ်ကြပ်ကြီးစာရေး-ငြိမ်း၊ တပ်မတော်မှတ်တမ်းရုံး)**
**(မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအမျိုးသားဗဟိုအဖွဲ့ချုပ်အတွင်းရေးမှူးဟောင်းနှင့် အခြေပြုဟိန္ဒူဓမ္မကျမ်းများပြုစုသူ)**
**(မော်လမြိုင် အထက-၂၊ ကျောင်းသားဟောင်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ သီရိမာလာလမ်း၊ အမှတ်(၃၂)နေ ဒေါ်ရီရီနု(ခ)ဒေါ်နီလာ ၏ ချစ်လှစွာသော ခင်ပွန်း ဦးစံမြင့်(ခ)S.MUNUSAMYသည် ၂၂-၈-၂၀၁၈ ရက် နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက်တွင် ရေဝေးဟိန္ဒူသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဦးအုန်းကျော်**
**အသက်(၆၈)နှစ်**
**ဌာနခွဲမှူး၊ စက်မှု(၂)(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၂၇)၊ ခြောက်လွှာ(A)နေ(ဦးတင့်-ဒေါ်မြင့်)တို့၏သားကြီး၊ ဒေါ်မြင့်မြင့်အေး ၏ ခင်ပွန်း၊ (ဦးအေးရွှေ)-ဒေါ်အေးအေးချို၊ ဦးသန့်ဇင်-ဒေါ်ခင်သိန်း၊ ဦးအောင်မြင့်-ဒေါ်မြမြလွင်၊ ဦးတင်အေး-ဒေါ်ခင်သန်းဆင့်၊ ဦးမင်းအောင်-ဒေါ်ဖြူဖြူစိန် တို့၏ အစ်ကိုကြီး၊ ဦးလေးနိုင်ဦး-ဒေါ်ဝင်းဝင်းမြင့်၊ ဦးမြင့်ကျော်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဝင်းမြင့်အောင်-ဒေါ်မာလာ၊ ဒေါ်နှင်းအေးဝင့် တို့၏ မွေးသဖခင်၊ မြေးငါးယောက်၊ တူ/တူမ ၁၃ ယောက်တို့၏ ဘကြီးသည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဒေါ်မြစိန်**
**အသက် (၈၉) နှစ်**

(ဦးမောင်မှိန်-ဒေါ်မယ်တင့်)တို့၏ သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာ ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၁၃)၊ ငါးလွှာ(B)နေ ဦးလှသွင်-ဒေါ်အေးမြင့် တို့၏မိခင်၊ ဦးကျော်စိုးသွင်-ဒေါ်ငယ်ငယ်၊ ဒေါ်အေးမာလာသွင်၊ ဦးအောင်ဖြိုးသွင်-ဒေါ်ကေခိုင်ဖြိုးတို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားသည် ၂၄-၈-၂၀၁၈ ရက် နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံမှ ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယိကာမကြီး
**ဒေါ်အေးကြည် (ရေကျော်)**
**အသက် (၈၂) နှစ်**

ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂၀)၊ ရေကျော်မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်နေ (ဦးစောအောင်-ဒေါ်ငြိမ်းခင်)တို့၏ သမီး၊ ဦးသက်တင်-ဒေါ်နုနုခင်၊ (ဦးတင်စိန်) - ဒေါ်သန်းသန်းဝင်း၊ (ဦးဝင်းနွယ်)-ဒေါ်စိုးစိုးဝင်း(အထက-၃၊ ပုဇွန်တောင်)၊ (ဒေါ်ချိုချိုဝင်း)၊ ဦးနိုင်အောင် (LANN PYI MARINE CO.,LTD) - ဒေါ်မျိုးသူဇာနိုင် (ထုတ်လုပ်ရေးဌာန၊ YCDC)၊ ဦးမျိုးနိုင်-ဒေါ်ခင်စန်းလှိုင်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ ဦးဌေးကို-ဒေါ်တင်တင်မာတို့၏ အဒေါ်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး၊ (ဦးစိန်ထွန်း)၏ဇနီးသည် ၂၄-၈-၂၀၁၈ (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် အမှတ်(၂၀)၊ ရေကျော်၊ မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ကျင်ဟုန် (ခ) ချိုချိုလှိုင်**
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၁၆၈)၊ လေးလွှာနေ ဦးကျော်ဝင်း(ရွှေပြည်စိုး ငါးပိ ငါးခြောက်ပွဲရုံ)၏ဇနီး၊ ကိုထိန်လင်း-မခင်နီလာ(ခေတ္တ-US)၊ မခိုင်ကျော့ကျော့ဇင်တို့၏မိခင်၊ Viola Lin ၏ အဘွား ဒေါ်ကျင်ဟုန် (ခ) ချိုချိုလှိုင်သည် ၂၄-၈-၂၀၁၈ (သောကြာနေ့) နံနက် ၄ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၄၂၄၊ ကန္နားလမ်း၊ စဉ့်အိုးတန်းလမ်းထောင့် နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သွေးသည်**
**အသက်**

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
**ဒေါ်ခင်မမ (ခင်မမနှင့်သားများကုန်ပဒေသာတိုက်)**
**အသက် (၉၅) နှစ်**

ရန်ကုန်မြို့နေ [ဦးဘရှင်(KSM-ATM၊ မြို့တော်ဝန်)-ဒေါ်ခင်လေးငယ် (သီရိစန္ဒာဒေဝီ)]တို့၏မြေး၊ လွှတ်တော်ဝတ်လုံတော်ရ (ဦးလှဖေ-ဒေါ်ခင်မိမိ)တို့၏ချစ်လှစွာသောတစ်ဦးတည်းသောသမီး၊ [ဦးသာဝင်း (ခ) သခင်သာဝင်း (ပုလောအသင်းဥက္ကဋ္ဌ၊ ပြည်သူ့ဘဏ်ဒါရိုက်တာ၊ ဗျူဟာမှူးစစ်ဝန်ကြီးရုံး၊ ဗမာ့ကာကွယ်ရေးတပ်မတော်)]၏ချစ်လှစွာသောဇနီး၊ (ဦးကြည်မင်းဝင်း)၊ ဦးနေမင်းဝင်း၊ ဦးလမင်းဝင်း၊ ဦးစန္ဒာထူးမင်းဝင်း၊ [ဦးနေဦး (ခ) မိုးမင်းဝင်း]၊ [ဦးမဏ္ဍာဖူးမင်းဝင်း (ခ) ထွေး]၊ ဦးသီဟဦးမင်းဝင်း (ခ) တိုးတိုး (Best Make up artist asia award)၊ Capt: ဦးသူရမှူးမင်းဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၄ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၈-၂၀၁၈ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၆)၊ နတ်မောက်လမ်း၊ (Royal Lake)ကန်တော်ကြီး၊ တာမွေမြို့နယ် နေအိမ်မှကားများ ထွက်ခွာ၍ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးခင်မောင်အေး (ခ) ပါပါ**
**အသက် (၇၄) နှစ်**

ပုသိမ်မြို့၊ ပုသိမ်လေတပ်စခန်းဌာနချုပ်၊ အရာရှိအိမ်ထောင်သည်လိုင်းခန်းနေ (ဦးသိန်းမောင်-ဒေါ်စောညွန့်)တို့၏သား၊ (ဦးစိုးမြင့်)၊ ဦးတင်ဝင်း-(ဒေါ်တင်မြ)၊ (ဦးစောဖေလှအောင်)-ဒေါ်မြမြ၊ (ဦးစိုးသိန်း)-ဒေါ်နန်းကေးတို့၏ညီ/မောင်၊ (ဦးလှခင်-ဒေါ်ခင်မိမိ)၊ (ဦးသိန်းဝင်း)-ဒေါ်ခင်အုန်းတို့၏ အစ်ကို၊ ဒေါ်ကျင်မေ၏ ခင်ပွန်း၊ (ဦးစောထွန်း)-ဒေါ်စန်းစန်းဝင်း၊ ဦးရဲခေါင်-ဒေါ်ထားထား၊ ဗိုလ်မှူးရဲမင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ပုသိမ်မြို့၊ သရောင်းချောင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ တပ်တွင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
နာယကကြီး
**ဦးခင်မောင်ကြီး (၇၄)နှစ်**
**M.O.G.E ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံထူးချွန် ဒုတိယဆင့်**
**PTTEP Co.,Ltd (Adviser)**
**(ရာ/၁၆၉၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၁၉/B)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ် (၄၅၈)နေ ဒေါ်ညွှန့်ညွှန့်ရီ(ရာ/၁၉၂၃)၏ ခင်ပွန်း၊ ဒေါ်ကေသီလွင်-ဦးခင်မောင်မြင့်၊ ဦးမင်းအောင်၊ ဒေါ်သီဂီ-ဦးသန်းဝင်း၊ ဦးကျော်သူရ၊ ဒေါ်နန္ဒာအောင်-ဦးဇော်ဗိုလ်ဦး တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးခင်မောင်ကြီးသည် ၂၂-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ အသင်းဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ငယ်ငယ်ဝင်း(ခ)ဒေါ်အေးအေးအောင်**
**B.Com, Dip in S.M**
**ဌာနခွဲမှူး(ငွေစာရင်း)ငြိမ်း၊ ရေကြောင်းပညာတက္ကသိုလ်**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊ (၁၃၇)လမ်း၊ အမှတ်(၃၈)နေ (ဦးအောင်ကြီး-ဒေါ်ခင်ခင်ညွန့်)တို့၏သမီးကြီး၊ (ဦးနေဝင်း)၏ ညီမ၊ ဗိုလ်မှူးဘအုန်း(ငြိမ်း)-ဒေါ်နွယ်နီဝင်း(မန်နေဂျာ-ဆက်သွယ်ရေး)၊ ဦးအောင်မြတ်ကျော်-ဒေါ်လွင်လွင်သိန်း၊ ဒေါ်စုစုအောင် (အထက-၃၊ ဟသ်ာတ)၊ ဒေါ်ရီရီမာ (ဟသ်ာတ)၊ ဒေါ်ခင်လေးငယ်(မန်နေဂျာ-မစဘ-၁)၊ ဦးခိုင်ထွန်းအောင်-ဒေါ်မြင့်မြင့်ကြူတို့၏ အစ်မကြီး၊ မောင်ခွန်းဆက်နောင်၏ ကြီးတော်သည် ၂၄-၈-၂၀၁၈ (သောကြာနေ့) နံနက် ၄း၂၆ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်(၃၈)၊ (၁၃၇)လမ်း၊ နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးတင်မောင်ဦး (ရေးမြို့)**
**Chief Engineer C-S-L Shipping Ltd**
**အသက် (၅၄) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ဦးလှော်ခြံလမ်း၊ အမှတ်(၁၃)နေ ဦးမောင်မောင်-(ဒေါ်တင်ကြည်)တို့၏သားကြီး၊ ကိုစိုးသိန်း-မဥမ္မာ၊ ကိုစိုးမိုး[(Master Mariner(F.G) C.S.L Shipping Ltd)]-Dr.ဖြူဖြူဝင်း(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ကိုအောင်ဇော်မင်း (MD, MNSC Company Ltd) - မသက်မာဝင်း(UNOPS)တို့၏ အစ်ကိုကြီး၊ မစိုးသက်မြတ်နိုးဦး၊ မယွန်းရတီဦး၊ မအင်ကြင်းလပြည့်ဦးတို့၏ ချစ်လှစွာသောဖခင် ဦးတင်မောင်ဦး (Chief Engineer C.S.L Shipping Ltd)သည် ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) ဘန်ကောက်စံတော်ချိန် (၁၇း၁၇) နာရီတွင် Bangkok Bumrungrad International ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ တံတား ဒါယိကာမကြီး
**ဒေါက်တာခင်မိုးမိုးစီ (ခ) မိုးမိုးစီ (တောင်တွင်းကြီး)**
**ဒု-ညွှန်ကြားရေးမှူး၊ ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဌာန(ရန်ကုန်)**
**အသက် (၅၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရောဝတီလမ်း၊ အမှတ်(၁၃-က)၊ မြေညီထပ်နေ ဦးကြည်လင်-(ဒေါ်ခင်တီ)တို့၏သမီး၊ ကိုစိုးအောင်-(မသင်းသင်းစီ)၊ ကိုခင်မောင်ဝင်းစီ-မနွယ်နီဝင်းတို့၏ညီမ၊ ကိုစသိန်းလွင်-မမင်းမင်းစီ၊ ကိုခင်မောင်လွင်စီ-မခင်သန်းထိုက်၊ ကိုစည်သူအောင်-မမော်မော်စီတို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဩဂုတ် ၂၄**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ၌ သင်တန်းသား တပ်မတော်အရာရှိများအား တွေ့ဆုံမှာကြား



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ၌ သင်တန်းများတက်ရောက်နေသည့် တပ်မတော်အရာရှိများနှင့် တွေ့ဆုံစဉ်။** *ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဖေ့စ်ဘွတ်။*

**နေပြည်တော် ဩဂုတ် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားနိုင်ငံတွင် ဘွဲ့လွန်သင်တန်း၊ ပါရဂူသင်တန်းနှင့် Doctor of Science သင်တန်းများတက်ရောက်နေသည့် တပ်မတော်အရာရှိများအား ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ D. Mendeleev University of Chemical Technology of Russia တက္ကသိုလ်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၀၁ ခုနှစ်မှစတင်၍ ရုရှားနိုင်ငံသို့ တပ်မတော်သား ပညာတော်သင် သင်တန်းသားများ စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ဘွဲ့လွန်နှင့် ပါရဂူသင်တန်းသားများအပြင် ရုရှားနိုင်ငံတွင် အမြင့်ဆုံးဘွဲ့ဖြစ်သည့် Doctor of Science ဘွဲ့ ရရှိခဲ့သည့် ထူးချွန်ကျောင်းသားများ ထွက်ပေါ်ခဲ့ကြောင်း၊ ထိုသို့ထွက်ပေါ်လာခြင်းအားဖြင့် မိမိတို့ တပ်မတော်သားအရာရှိများအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အရာရှိများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ထူးချွန်ခဲ့သည့် အရာရှိများကိုလည်း မိမိတို့အနေဖြင့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကိုကာကွယ်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းရှိသည့် တပ်မတော် (Standard Army) အဖြစ် တည်ဆောက်လျက်ရှိကြောင်း။

လူတိုင်းတွင် တူညီသည့် အခွင့်အရေးများရှိကြောင်း၊ မိမိတို့ကြိုးစားမှုအပေါ်မူတည်၍ အဆင့်လိုက်ကွာခြားမှုများ ဖြစ်ပေါ်သွားကြောင်း၊ အားလုံးနံပါတ်တစ်မဖြစ်နိုင်သော်လည်း နံပါတ်တစ်ဖြစ်အောင် ကြိုးစားခွင့်ရှိသည့်အတွက် အားလုံးကြိုးစားဆောင်ရွက်စေချင်ကြောင်း၊ မိမိတို့ဘဝ တိုးတက်ရာလမ်းကြောင်း မထိခိုက်ရန်အတွက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**




# တိုင်းရင်းသားရေးရာ

ကြေးမုံ အထူးကဏ္ဍ

က

ဩဂုတ် ၂၅၊ ၂၀၁၈ (စနေနေ့)


## ကမ္ဘောဇဗ္ဗာနေ မောရှမ်းပြည် နေရာအနှံ့သွားကြမယ်



ကလောမြို့ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားကို တွေ့ရစဉ်။

**ခရီးသွားမှတ်စု – စိုးစိုးနိုင် (ကြေးမုံ)**

ခရီးသွားကြမယ်ဆိုရင်တော့ ထင်ရှားကျော်ကြားပြီး အထင်ကရနေရာတွေ ပေါများလှတဲ့ ကမ္ဘောဇဗ္ဗာနေ မောရှမ်းပြည်ဟာ မသွားမဖြစ်သွားရမယ့် ဒေသတစ်ခုပါပဲ။ ရှမ်းပြည်နယ်ဟာ လူမျိုးစုံဟင်းလင်းအိုးဒေသလို့ ပြောရလောက်အောင် တိုင်းရင်းသားလူမျိုးစုပေါင်းစုံရောနှောနေထိုင်ကြတဲ့ ဒေသတစ်ခုလည်း ဖြစ်တယ်။ ရွှေရောင်တဝင်းဝင်း ထုံးဖြူတဖွေးဖွေး စေတီပုထိုးတွေ၊ တိုင်တစ်ရာကျော်ရှိတဲ့ ဘုန်းကြီးကျောင်းတွေကို နေရာအနှံ့အပြားမှာ တွေ့မြင်ရပါတယ်။ ဒ့ါအပြင် တောတောင်လျှိုမြောင်ရေတံခွန်စိမ့်စမ်းတွေနဲ့ သာမောဖွယ်ကောင်းလှပြီး ချယ်ရီ၊ ထင်းရှူး၊ စိန်ပန်းပြာစတဲ့ ပန်းပင်တွေက သဘာဝအလှကို ဖော်ကျူးနေပါတယ်။

မြန်မာနိုင်ငံရဲ့ အကြီးဆုံးနဲ့ အကျယ်ဆုံး ပြည်နယ်တစ်ခုဖြစ်တဲ့ ရှမ်းပြည်နယ်ကို တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းရယ်လို့ ခေါ်ဆိုကြပေမယ့် ပြည်နယ်တစ်ခုလုံးရဲ့ မြို့တော်ကတော့ တောင်ကြီးမြို့ဖြစ်ပြီး တောင်ပိုင်းမှာ ရှိပါတယ်။ မြောက်ပိုင်းရှိ လားရှိုးနဲ့ အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့တို့ဟာ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲဖို့ အစိုးရရုံးစိုက်ရာ မြို့တွေဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာ စိတ်ဝင်စားဖွယ်နေရာ အများအပြားရှိပြီး အများစုကတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိကြပါတယ်။ နေရာစုံအောင် သွားရောက်လည်ပတ်မယ်ဆိုရင် နှစ်ရက် သုံးရက်လောက် အချိန်ပေးရပါမယ်။ ရန်ကုန်မှကားဖြင့် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းအတိုင်းလာပြီး ပျော်ဘွယ်ကနေ တောင်ကြီးကို သွားနိုင်သလို မန္တလေးမှဆိုရင် မိတ္ထီလာကနေ တောင်ကြီးကို သွားနိုင်ပါတယ်။ တောင်ကြီးကို ရန်ကုန်ကနေ ၁၂ နာရီလောက် ကားစီးရပြီး မန္တလေးမှ ရှစ်နာရီလောက်စီးရပါမယ်။ ရန်ကုန်မှဖြစ်ဖြစ်၊ မန္တလေးမှဖြစ်ဖြစ် မနက်စောစောကားစီးလာရင်တော့ ရှမ်းပြည်နယ်တောင်ပိုင်း လမ်းမကြီးတစ်လျှောက် ညနေရှုခင်းတွေကို တွေ့မြင်ခံစားရပါမယ်။

ရန်ကုန်ကနေ ကားစီးချိန် ၁၀ နာရီလောက် (မန္တလေးမှ ခြောက်နာရီလောက်) ကြာတဲ့အခါ ကလောမြို့ကို ရောက်ပါမယ်။ ကလောမြို့လေးဟာ ဗြိတိသျှအစိုးရရဲ့ နွေရာသီစခန်းမြို့ဖြစ်ခဲ့ပြီး ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ မုခ်ဦးမြို့လည်း ဖြစ်ပါတယ်။ ကလောမြို့ကနေ တောင်ကြီး၊ ဒါမှမဟုတ် အင်းလေးကန်စပ်က ညောင်ရွှေမြို့ကို သွားရင်


အထူးကဏ္ဍ [ ခ ] သို့ »»


## မြို့လူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးစံများ

**ဦးဇင်းကုသလ (မာလာမြေ)**



"ယဉ်ကျေးမှု"ဟူသောစကားကို မြန်မာအဘိဓာန်၌ ရိုးရာယဉ်ကျေးမှုဓလေ့တူသော လူမျိုးစုတစ်ခုတည်းမှ ယုံကြည်မှုသို့မဟုတ် စိတ်ဝင်စားမှုကွဲပြားသော လူနည်းစုဟူ၍ ဖွင့်ပြထားသည်ကို တွေ့ရပေသည်။ ဤဖွင့်ဆိုချက်အရ လူမျိုးတိုင်း လူမျိုးတိုင်း၌ အခြားအခြားသော လူမျိုးများနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ရှိသည်၊ ရှိရသည်ဟူသော သဘောအဓိပ္ပာယ်ကို သိရပေသည်။ ထိုကိုယ်ပိုင်ယဉ်ကျေးမှုသည်ပင်လျှင် လူမျိုးတစ်မျိုးစီ၏ မတူထူးခြားသော ဝိသေသလက္ခဏာပင်ဖြစ်ပေသည်။

ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်သည်လည်း နေရာဒေသ ပထဝီအနေအထားအပေါ်လိုက်၍လည်း ကွဲပြားခြားနားမှုရှိကြပေသည်။ အများအားဖြင့် လူသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များသည် မိမိတို့ယုံကြည်ကိုးကွယ်သော ဘာသာတရား၏ အဆုံးအမကနေ ဆင်းသက်လာကြသည်၊ ပြုမူနေထိုင်ကြသည်က များသည်ဟူ၍ ပြောရပေမည်။ စစ်မှန်သော ဘာသာတရားမပေါ်ပေါက်မီ ရှေးကမ္ဘာဦးလူသားများသည် မိမိဘဝလုံခြုံရေးအတွက် မိမိတို့၏စိတ်ကူးအတွေးများဖြင့် မိမိတို့လုပ်ကိုင်စားသောက် နေထိုင်ရာဖြစ်သော ရေ၊ မြေ၊ တော၊ တောင်စသည်များကို ကိုးကွယ်ဆည်းကပ်ကြသည်ကို ဓမ္မပဒ၌ "ဗဟုံ ဝေ သရဏံ ယန္တိ ပဗ္ဗတာနိ ဝနာနိစ။ အာရာမရုက္ခစေတျာနိ၊


အထူးကဏ္ဍ [ ဂ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»

ကားမောင်းချိန် နှစ်နာရီလောက်သာကြာမှာ ဖြစ်ပါတယ်။ ၁၉၁၄ ခုနှစ်မှာ ရှမ်းပြည်နယ်တောင်ပိုင်း သာမိုင်းခမ်းနယ်ထဲက ကလောဆိုတဲ့ ရွာလေးကို ဗြိတိသျှတို့က မြန်မာနိုင်ငံရဲ့ စကော့တလန်ဒေသလို့ တင်စားကာ နွေရာသီစခန်းမြို့လေးအဖြစ် တည်ထောင်ခဲ့တာပါ။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၃၀၀ ကျော်မြင့်တဲ့ တောင်ပေါ်မြို့လေးကို ထင်းရှူးပင်၊ ဝက်သစ်ချပင်၊ ချယ်ရီပင်တွေရှိတဲ့ တောင်တန်းတွေက ဝန်းရံနေပါတယ်။

ကလောမြို့လေးမှာ အင်းဝခေတ်လက်ရာလို့ ပညာရှင်တွေက ယူဆထားတဲ့ ရှေးဟောင်းနှီးဘုရား၊ ကလော ရွှေဥမင်လိုဏ်ဂူ၊ မြင်းမထိလိုဏ်ဂူ၊ မြို့ရှုခင်းကြည့်ဖို့ သိမ်တောင်ကျောင်းနဲ့ တောင်ပေါ်ဟိုတယ်၊ ရှမ်းတောင်တန်းတွေပေါ်က နေဝင်ဆည်းဆာကြည့်ဖို့ ပလောင်တောင် ဗျူးပွိုင့်တွေရှိပါတယ်။ အခုဆိုရင် ကလောမြို့လေးဟာ ခြေကျင်ခရီးလျှောက်ရင်း တောင်ပေါ်ရှုခင်းနဲ့ ကျေးရွာတွေဆီ လည်ပတ်တဲ့ သူတွေအတွက်လည်း စိတ်ဝင်စားမှုများလာတဲ့ နေရာလေးတစ်ခုဖြစ်နေပါတယ်။

နှီးဘုရားကြီးဟာ ကလောမြို့ ပင်မာကုန်းကျေးရွာမှာရှိပြီး ဉာဏ်တော်အမြင့် ၈ ပေ ၄ လက်မရှိပါတယ်။ နှီးဘုရားကြီးဟာ ဝါးကို နှီးဖြာကာ အောက်ခံအဖြစ်ရက်လုပ်ပြီး သစ်စေးသုတ်ကာ ရွှေချထားတာဖြစ်ပါတယ်။ နှီးနဲ့ ပြုလုပ်ထားပေမယ့် နှစ်ပေါင်း ၅၀၀ ကျော်တိုင် မပျက်မစီးတည်ရှိနေပါတယ်။ နှီးဘုရားကြီးက မြန်မာ့ယွန်းထည်ပညာနဲ့ ဝါးနှီးရက်လုပ်တဲ့ ပညာကိုပါ ဂုဏ်ဆောင်နေပါတယ်။ နှီးဘုရားကြီးဟာ မျက်လွှာချလျက် ဘူမိဖဿမုဒြာဟန်ဖြင့် တင်ပျဉ်ခွေကာ မျက်နှာတော်ရှေ့သို့ ခပ်ငိုက်ငိုက်ထိုင်နေတော်မူဆင်းတုတော်ဖြစ်ပါတယ်။ နှီးဘုရားရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ အဝိုင်းပုံဒေါင်းနဲ့ ယုန်ရုပ်ပါတဲ့ နေနဲ့လရွှေယပ်တွေကို ထီးဖြူ နှစ်စင်းနဲ့အတူ စိုက်ထူထားပါတယ်။ ဘုရားကြီးရဲ့ မုနိတော်မှာ အချွန်ဖြစ်နေပြီး နားရွက်တော်နဲ့ ပခုံးတော်မထိဘဲ သင်္ကန်းတော်မှာ ဝဲဘက်ရင်ဘတ်တော်နားမှာ တည်ရှိနေတာတို့ကြောင့် ပထမအင်းဝခေတ်လက်ရာလို့ ယူဆကြပါတယ်။ နှီးဘုရားဖူးပြီးအပြန်မှာ ကလောမြို့ ရွှေဥမင်လိုဏ်ဂူကို ဝင်ရောက်နိုင်ပါတယ်။ ကလောမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်မှာ လိုဏ်ဂူနှစ်ခု ရှိပါတယ်။ အထက်လိုဏ်ဂူကိုတော့ ဝင်လို့မရပါဘူး။ ပိတ်ထားပါတယ်။ အောက်လိုဏ်ဂူအတွင်းရှိ ဘုရားရုပ်ပွားတော်များကို ဖူးမြော်နိုင်ပါတယ်။



ပြဒါးလင်းဂူ အမှတ်(၂)၏ ဂူအတွင်းပိုင်း၌ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်တို့ကို သဘာဝအတိုင်း ဆန်းကြယ်စွာတွေ့ရစဉ်။

မြင်းမထိဂူလို့ အမည်တွင်တဲ့ သဘာဝထုံးကျောက်လိုဏ်ဂူကတော့ ကလောကနေ အောင်ပန်းသို့အသွား တိုးဂိတ်အလွန် လွိုင်ကော်သွားတဲ့ လမ်းပေါ်မှာရှိပါတယ်။ ကလောမြို့အရှေ့ဘက် ခုနစ်မိုင်အကွာ မြင်းမထိရွာအနီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၇၅ ပေမြင့်တဲ့ မြင်းမထိတောင်ရှိပြီး လိုဏ်ဂူတော်အတွင်းစေတီ၊ ဆင်းတုတော်တွေနဲ့ ပုဂံခေတ်ကတည်းက တည်ထားခဲ့တဲ့ ထီးသုံးဆင့် ဆုတောင်းပြည့်ဘုရားကို ဖူးမြော်နိုင်ပါတယ်။ လိုဏ်ဂူဟာ တိုးလျှိုပေါက်ဂူဖြစ်ပြီး ဂူဝမှထွက်ပေါက်အထိ ၁၀၂၈ ပေ ရှည်လျားတာကြောင့် လမ်းလျှောက်ရင် နာရီဝက်လောက်ကြာပါတယ်။

ကလောကနေ တောင်ကြီးကို ဆက်သွားရင် ကလောမှ ခြောက်မိုင်အကွာမှာ အောင်ပန်းမြို့ရှိပါတယ်။ အောင်ပန်းဒေသဟာ ကလောမြို့တည်နေစဉ်အတွင်း စည်ကားလာတဲ့ ရှမ်းမြေလတ်ဒေသဖြစ်တဲ့အတွက် ဗြိတိသျှတို့က ကုန်သွယ်ရေးမြို့အဖြစ် တည်ထောင်ခဲ့တာပါ။ အခုချိန်အထိလည်း ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ကုန်စည်တွေ စုပေါင်းစီးဆင်းရာ မြို့အဖြစ် ရပ်တည်နေပါတယ်။ အောင်ပန်းကနေ ပင်းတယကို အသွား ၁၁ မိုင်မှာတော့ ရှာငံနဲ့ ဟန်မြင့်မိုရ်ကိုသွားတဲ့ ကျုံးဆိုတဲ့ လမ်းခွဲလေး ရှိပါတယ်။ ပင်းတယကို မသွားဘဲ ရှာငံကို သွားမယ်ဆိုရင်တော့ ပြဒါးလင်းဂူ၊ မိန်းမရဲတောင်၊ ရေပြာအိုင်နဲ့ တောကျယ်ရေတံခွန်၊ အလယ်ချောင် ရေတံခွန်အစရှိတဲ့နေရာတွေကို ရောက်ပါလိမ့်မယ်။ မန္တလေးကနေ ရှာငံကို မန္တလေး-ကျောက်ဆည်-ဟန်မြင့်မိုရ်လမ်းခွဲကနေ ကားနဲ့သွားရင် သုံးနာရီလောက်ကြာပါတယ်။ မြို့ကြီးရွာအနီးမှာ ဆင်ခေါင်းတောင်နဲ့ ဇော်ဂျီမြစ်နံဘေး ရှုခင်းအလှကိုလည်း တွေ့မြင်ရမှာပါ။

> **အောင်ပန်းကနေ ပင်းတယကို အသွား ၁၁ မိုင်မှာတော့ ရှာငံနဲ့ ဟန်မြင့်မိုရ်ကိုသွားတဲ့ ကျုံးဆိုတဲ့ လမ်းခွဲလေးရှိပါတယ်။ ပင်းတယကို မသွားဘဲ ရှာငံကို သွားမယ်ဆိုရင်တော့ ပြဒါးလင်းဂူ၊ မိန်းမရဲတောင်၊ ရေပြာအိုင်နဲ့ တောကျယ်ရေတံခွန်၊ အလယ်ချောင် ရေတံခွန်အစရှိတဲ့ နေရာတွေကို ရောက်ပါလိမ့်မယ်။ မန္တလေးကနေ ရှာငံကို မန္တလေး-ကျောက်ဆည်-ဟန်မြင့်မိုရ်လမ်းခွဲကနေ ကားနဲ့သွားရင် သုံးနာရီလောက်ကြာပါတယ်။ မြို့ကြီးရွာအနီးမှာ ဆင်ခေါင်းတောင်နဲ့ ဇော်ဂျီမြစ်နံဘေး ရှုခင်းအလှကိုလည်း တွေ့မြင်ရမှာပါ။**



သဘာဝအလှများဖြင့် ခရီးသွားများကို ဆွဲဆောင်နေသော တောကျယ်ရေတံခွန်ကို တွေ့ရစဉ်။

ပြဒါးလင်းဂူဟာ ရှာငံမြို့နယ် ညောင်ချက်ရွာ အရှေ့မြောက်ဘက် လေးမိုင်အကွာ၊ ရေပုတ်ရွာဟောင်း အနောက်ဘက် တစ်မိုင်ခန့်အကွာ ပေတစ်ထောင်ကျော်မြင့်တဲ့ တောင်ကုန်းပြင်ထက်မှာ တည်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးဆုံးဂူဖြစ်ပြီး ကျောက်ခေတ်လူသားတွေ နေထိုင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ပြဒါးလင်းဂူကို အမှတ် (၁)နဲ့ အမှတ် (၂) ဆိုပြီး ရှိပါတယ်။ ဂူနှစ်ဂူစလုံးမှာ တောင်ဘက်သို့ မျက်နှာမူနေပြီး တစ်ဂူနဲ့တစ်ဂူကိုက် ၂၀၀ သာဝေးပါတယ်။ ဂူအတွင်းရှိ ထုံးကျောက်သားတွေမှာ ပြဒါးကဲ့သို့ အရောင်တောက်ပနေပါတယ်။ ပြဒါးလင်းဂူအမှတ် (၂) ဟာ အမှတ် (၁) ထက် ပိုမိုကြီးမားပြီး ပေ ၈၀၀ ရှည်လျားကာ မြေပြင်အထက် ပေ ၇၀ အမြင့်မှာ အခန်းခြောက်ခန်းပါတဲ့ ကျောက်လိုဏ်ဂူအဖြစ် တည်ရှိနေပါတယ်။ ဂူခေါင်မိုးမှာ နေအလင်းပေါက်တွေဟာ ဂူကြမ်းပြင်သို့ အလင်းတန်းသဖွယ် ကျရောက်နေပါတယ်။ အမြင့်ပေ ၆၀၊ ပေ ၈၀ အခန်းကြီးတွေနဲ့ ဖွဲ့တည်ကာ နောက်ဆုံးဂူမှာ ၁၅ ပေ ပတ်လည်ခန့်ရှိတာကို တွေ့ရပါတယ်။ ဂူအတွင်းပိုင်းမှာ သဘာဝအလျောက် ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်တွေ ဆန်းကြယ်စွာတွေ့ရပါတယ်။

(ဆက်လက်ဖော်ပြပါမည်) »»

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

မြို့လူမျိုးတို့ မှ »»»

မနုဿာ ဘယတဇ္ဇိတာ" ဟူ၍ ဟောကြားထားသည်ကို တွေ့ရပေသည်။

သဘောအဓိပ္ပာယ်မှာ ဘေးရန်အန္တရာယ်တစ်ခုခုနှင့် ခြိမ်းခြောက်ခံနေရပြီ သို့မဟုတ် ခြိမ်းခြောက်ခံရခြင်းမှ လွတ်မြောက်လိုသော လူသားများသည် တော၊ တောင်၊ ဥယျာဉ် အာရာမ်၊ တောစိုးသစ်ကြီး၊ ဝါးကြီး စသည်များကို စေတီအဖြစ်သတ်မှတ်ကာ ကိုးကွယ်ကြသည်၊ ပူဇော်ပသကြသည်ဟူသော သဘောအဓိပ္ပာယ်ပင်ဖြစ်ပေသည်။

ထိုသို့တော၊ တောင်စသည်တို့ကို ကိုးကွယ်ဆည်းကပ်မှုများတွင် မြို့လူမျိုးတို့သည်လည်း ပါဝင်ကြသည်ဟု ပြောရပေမည်။

မြို့လူမျိုးများသည် **"ရသေ့မျိုးပွား၊ ဆတ်မသားဟု၊ မာရယုလျှင်၊ ဘပြုမြို့ထီး၊ သင်းကြီးအောင်လာ၊ သည်းချာဒေဝီ၊ သမီးဘီနှင့်၊ ယှဉ်မှီတကွ၊ ဓညရွှေပြည်၊ လာသည်အကြိုက်၊ ရက္ခိုက်ဂူမ္ဘန်၊ ငဆဒ္ဒန်ဆိုး၊ ဘီလူးမျိုးကို၊ ကြိုးကာသတ်နွံ၊ ထီးနန်းစံသည်၊ မောင်နှံနှစ်စုံ ဖူးတည့်လေ" ဟူသော ရခိုင်မင်းသမီးချောင်း အပိုဒ်ခြောက်၌ ဖော်ပြချက်အရသော်လည်းကောင်း၊ "ရခိုင်အစ မာရယုက"**ဟူသော စကားအရ ရခိုင်လူမျိုးတို့၏အစဆုံး မာရယုမင်း၏သမိုင်းကိုဖော်ပြသော ရခိုင်ရာဇဝင်များ အရသော်လည်းကောင်း၊ လူနည်းစုဖြစ်သော်လည်း ရခိုင်ပြည်၌ ရှေးအစဆုံး ဦးစွာနေထိုင်သော လူမျိုးဖြစ်သည်ကို သိရပေသည်။

ရခိုင်ရာဇဝင်ကျမ်းများ၏ ဖော်ပြသော ပထမဓညဝတီကို ဘီစီ ၃၃၂၅ ခုနှစ်က တည်ထောင်ခဲ့သည်ကို ထောက်ဆလျှင် မြို့လူမျိုးတို့သည် မြန်မာနိုင်ငံ သို့မဟုတ် ရခိုင်ဒေသသို့ ဘီစီ ၄၀၀၀ မှ ၃၅၀၀ အတွင်း စတင်ဝင်ရောက်နေထိုင်ကြပြီဟု ခန့်မှန်းနိုင်ပေသည်။

သမိုင်းကြောင်းအရ ရှေးကျသော မြို့လူမျိုးများသည် ဗုဒ္ဓရှင်တော်မြတ် မပွင့်ပေါ်မီ ဘီစီခြောက်ရာစုထိ ရေ၊ မြေ၊ တော၊ တောင် စသည်တို့ကို ကိုးကွယ်ဆည်းကပ်မှုထက် နေနှင့်လကို မြို့လူမျိုးများ၏ ဘုံပိုင်ဘုရားအဖြစ်၊ ကယ်တင်ရှင်အဖြစ် ကိုးကွယ်ကြသည်က များသည်ဟု ဆိုနိုင်ပေသည်။

အဘယ်ကြောင့်ဆိုသော် လူမျိုးတိုင်းသည် အံ့ဩထိတ်လန့်ဖွယ်တို့ကို ကြုံတွေ့ရတိုင်း၌ မိမိတို့ကိုးကွယ်ဆည်းကပ်သော ဘုရားများကို ရွတ်ဆိုအာမေဍိတ်သံ ပြုကြသောကြောင့် ဖြစ်ပေသည်။

ဤနေနှင့်လသည် အခြားသော လူမျိုးများအပေါ် ဩဇာဘယ်လောက်အထိ သက်ရောက်သည်ကို မပြောနိုင်သော်လည်း မြို့လူမျိုးများအပေါ် မှာတော့ ဩဇာကြီးမားစွာ လွှမ်းမိုးခဲ့သည်ကို ငြင်းဆန်၍မရသည်မှာ ယနေ့ မျက်မှောက်ခေတ်ထိ နေနှင့်လကို တမ်းတ၍ အာမေဍိတ်ပြုကြသည်ကို ထောက်၍ သိနိုင်ပေသည်။

မြို့လူမျိုးများသည် ထိုသို့ နေနှင့်လ ရိုးရာနတ် စသည်တို့ကို ကိုးကွယ်လာကြရာမှ ဘီစီခြောက်ရာစုသို့ ရောက်သောအခါ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လာကြသည်ဟူ၍ ပြောဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဓညဝတီပြည့်ရှင် ဘုရင်စန္ဒသူရိယ၏ မနောအဓိဋ္ဌာန်ဖြင့် ပင့်လျှောက်ချက်အရ မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ဘီစီ ၅၅၄ နှစ်၊ ဝါတော် ၂၀ ၊ သက်တော် ၅၅ နှစ်အရွယ်တွင် (အချို့က ခြောက်ဝါမြောက်က ပြော၏၊ အချို့က ပရိနိဗ္ဗာန်မပြုမီ တစ်နှစ်အလိုက ပြော၏။) တပည့်သံဃာ ငါးရာ ခြံရံလျက် ရာဇဂြိုဟ်ပြည်မှသည် ဓညဝတီရွှေမြို့တော်သို့ ကြွရောက်တော်မူ၍ ဘုရင်စန္ဒသူရိယမင်းနှင့်တကွ ဓညဝတီပြည်သူပြည်သားများအား သစ္စာရေအေးအမြိုက်ဆေးကိုတိုက်ကျွေးတော်မူကြောင်းကို ထောက်ဆ၍ သိနိုင်သလို ပလက်ဝမြို့နယ် ခူမီးမျိုးနွယ်စုဝင် သမိုင်းစာအုပ် စာမျက်နှာ ၃၂ တွင် ကုန်းတော်၊ ဥဿလင်းစေတီတော်မြတ်များသည် သမိုင်းဝင်ရှေးဟောင်း သာသနာ့အဆောက်အအုံများဖြစ်သည်။

ကုန်းတော်စေတီတော်သမိုင်း အရ သာသနာသက္ကရာဇ် ၂၂၃ ခုနှစ်တွင် ဓမ္မက္ခန္ဓာ ၈၄၀၀၀ ကို ရည်စူး၍ ဓမ္မာသောကမင်းကြီးက တည်ထားခဲ့သည်ဟု သိရသည်။ ရခိုင်ရာဇဝင်တွင် သူရိစက္ကမင်းတည်သည်ဟု ဆိုသည်။ ကုန်းတော်စေတီတော်သည် ဘက်စုံမွှမ်းမံမှု ရှိသော်လည်း ဥဿလင်းစေတီတော်မှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက်ရှိရာ ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော် အစီအစဉ်ဖြင့် အသစ်တစ်ဖန်တည်ဆောက်ခဲ့သည်။

ထိုသို့ တည်ဆောက်ခဲ့စဉ်က မြေအောက် ဌာပနာတိုက်ကို တူးဖော်ကြရာ၌ **ခူမီးမျိုးနွယ်စုဝင် မြို့ ခေါ် ခမီးအမျိုးသမီး၏ အဝတ်တန်ဆာကို တွေ့ရသည်ဟူသော အထောက်အထားကို ထောက်ဆ၍လည်း မြို့လူမျိုးတို့၏ ဗုဒ္ဓဘာသာအပေါ် ယုံကြည်မှုနှင့်ပတ်သက်၍ အတိမ်အနက်ကို မှန်းဆသိနိုင်သလို မြို့လူမျိုးများသည် ရခိုင်ဒေသတွင်းသို့သာမက ချင်းပြည်နယ် ပလက်ဝမြို့နယ် မီးချောင်းဒေသသာမကဘဲ ပလက်ဝမြို့နယ် အထက်ပိုင်းဒေသသို့လည်း ပျံ့နှံ့နေထိုင်လျက်ရှိနှင့်ကြပြီ ဟူသည်ကို ခန့်မှန်းနိုင်ပေသည်။**

အေဒီ ၇၇၆ ခုနှစ် နန်းတက်သော မြို့လူမျိုး ပဲဖြူမင်းသည် သူ(ပဲဖြူမင်းသား) အပိုင်စားရသော မြောက်ဦးရွာကို မြောက်ဦးမြို့တော်သစ် တည်ထောင်ခဲ့မှုကြောင့် လေးမြို့ခေတ်ကုန်၍ လောင်းကြက်မြို့မှ ထွက်ခွာလာခဲ့သော ရခိုင်ဘုရင် မင်းစောမွန်က အေဒီ ၁၄၃၀ ခုနှစ်တွင် မြို့ပဲဖြူမင်း တည်ထောင်ခဲ့သည့် မြောက်ဦးမြို့ဟောင်း နေရာမှာပင် မြို့တော်သစ်ကို တစ်ဖန်တည်ထောင်ခဲ့သည်မှစ၍ မြောက်ဦးခေတ် သမိုင်းသည် ယနေ့မျက်မှောက်ခေတ်တိုင် ထင်ရှားကျော်ကြားနေခြင်း ဖြစ်ပေသည်။

မြောက်ဦးမြို့ကို ယနေ့အချိန်ထိ မြို့လူမျိုးများက ပဲဖြူမင်းသား၏ မြို့အမည် လီခုံဟူသော အမည်ကိုအစွဲပြု၍ လီခုံမြို့ဟူ၍ ခေါ်ဆိုနေကြသေးသည်။

ရွှေပန်းခိုင်စေတီတော် သမိုင်းစာအုပ် စာမျက်နှာ ၂၃ ၌လည်း "မြောက်ဦးမြို့တည်၊ စံမြန်းသည်နှင့်၊ အရှည်ကာလ၊ သတ္တဒသာ၊ ရောက်သောခါလျှင်၊ မိစ္ဆာစွဲလမ်း၊ ကိုးသိန်းရှမ်းတို့၊ ပွမ်းပွမ်းစစ်ဘက်၊ ချီတက်ဝန်းရံ၊ တိုက်လေပြန်သော်"ဆိုသည့် ရာဇဝင်လင်္ကာအရ ပဲဖြူမင်း မြောက်ဦးမြို့တွင် နန်းစံကာလ ၁၇ နှစ်ကြာသောအခါ သိုခင်ဘွားကြီး ဦးဆောင်သည့် ရှမ်းကိုးသိန်းတို့သည် မြောက်ဦးမြို့ကို စစ်ပြုရန် ရိုးတောင်ကို ကျော်ဖြတ်ပြီး လေးမြို့မြစ်ဖျားမှ ဆင်းသက်လာကြသည်။

ထိုအခါ အင်အားချင်း မမျှသည်ကို သိရှိကြသဖြင့် ပဲဖြူမင်းနှင့် မိဖုရား၊ မှူးမတ် ဗိုလ်ပါ ရဲမက်အပေါင်းတို့သည် ပါနိုင်သမျှကို ယူဆောင်ကြလျက် ကစ္ဆပနဒီကိုဖြတ်ကူးကာ အနောက်ဘက်"ယောနဒီ"ယိုးချောင်းဒေသသို့ ထွက်ခွာတိမ်းရှောင်ကြလေသည်။ ရခိုင်မင်းသမီးချောင်းတွင်"နောင်တလစ်မူ၊ သားပဲဖြူနှင့်၊ ရိပ်ဖြူဆောင်းချုပ်၊ ပြည်ရွာအုပ်လျှက်၊ တုန်လှုပ်မစွမ်း၊ ခဲယိုယွင်းတွင်၊ ရှမ်းကိုးသိန်းရှင်၊ တောင်ရိုးစီး၍၊ ပျက်စီးလေခါ၊ တို့ရွာတစ်ကြိမ်၊ မင်းမဲ့တိမ်သည်" ဟူ၍ ရေးဆိုထားခဲ့သည်။ "ယောနဒီ"ယိုးချောင်းဒေသတွင် တိမ်းရှောင်နေစဉ် ပဲဖြူမင်းက သပိတ်တောင်မြို့ကို တည်ထောင်စိုးစံနေခဲ့သည်။

ဌင်းသပိတ်တောင်မြို့ဟောင်းနေရာကား သပိတ်တောင်၏ အနောက်မြောက်သုံးမိုင်ခန့်အကွာရှိ ယခု ဖားဝပ်ချောင်းကျေးရွာ မြောက်ဘက်တွင်ဖြစ်မည်ဟု အများကယူဆခဲ့ကြသည်။

ယခုတိုင် တွေ့မြင်နေရသေးသည့် နန်းရာကုန်းနေရာ၊ သိမ်ဘုရားနေရာဟောင်းများနှင့် အုတ်ကျိုး၊ အုတ်ကြေများ၊ တိမ်ကောနေပြီဖြစ်သည့် ရေကန်ပျက်များမှာ မြေပြင်အထောက်အထားများပင် ဖြစ်ကြသည်။ ကွင်းပတ်လည်ရှိ ချောင်း၊ မြောင်းများနှင့် တောင်ကုန်း၊ တောင်တန်းအနေအထားမှာ မြို့ဟောင်းနေရာကွင်းပြင်ကို ပတ်ဝန်းကာရံထားဘိသကဲ့သို့ တည်ရှိနေကြပါသည်ဟူ၍ ဖော်ပြထားပေသည်။

အထက်ပါ ရေးသားဖော်ပြချက်များကို ကြည့်ပါက လီခုံ ခေါ် ပဲဖြူမင်း အုပ်ချုပ်သော အေဒီရှစ်ရာစုက မြို့လူမျိုးများ၏ ဗုဒ္ဓဘာသာအပေါ် ယုံကြည်သက်ဝင်မှု အတိုင်းအတာကို မှန်းဆသိနိုင်ပေသည်။ ဒုတိယပုရိန်မြို့တော်ကို အသစ်တစ်ဖန်တည်ထောင်သော ပထမပုရိန်ခေတ် နောက်ဆုံးနန်းစံဘုရင် ကောလိယ၏ သားတော် အေဒီ ၁၁၂၃ ခုနှစ်၊ နန်းတက်သော ဒသရာဇာမင်းလက်ထက်တွင် ကွယ်ပျောက်နေသော မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို မြို့သင်းကြီးရဟောင်းလာနှင့် အပေါင်းလာတို့၏ ညွှန်ပြမှုဖြင့်တွေ့ရှိခဲ့ပုံ၊ ရှေးဟောင်းသမိုင်းဝင်စေတီ၊ ဘုရားပုထိုးများ၏ အနီးအနား၌ မြို့လူမျိုးတို့ရပ်ရွာများ ယနေ့အချိန်အထိ အချို့တည်ရှိနေကြပုံ၊ ဥပမာ ကျောက်တော်တောင်စေတီ၊ ဦးရာဇ်တောင်စေတီ၊ ထိပ်တော်စေတီ စသည်တို့၏ အနီးအနား၌ တည်ရှိနေကြပုံ စသည်တို့ကို ထောက်ဆကြည့်ပါက ရှေးခေတ်အခါက မြို့လူမျိုးများ၏ ဗုဒ္ဓဘာသာအပေါ် ဘယ်အတိုင်းအတာထိ သက်ဝင်ယုံကြည်မှုရှိကြသည်၊ ဘယ်လောက်ထိ အရေးပါအရာရောက်သည်ဆိုသည်ကို မှန်းဆသိနိုင်ပေသည်။

မြို့လူမျိုးများသည် ဘီစီ ခြောက်ရာစုမှစ၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်လာကြသော လူမျိုးဖြစ်သော်လည်း ယခုအချိန်အခါ မြတ်ဗုဒ္ဓ၏ အဆုံးအမတရားနှင့်စပ်လျဉ်း၍ ကျင့်သုံးမှုပိုင်း၌ အခြားအခြားသော ဗုဒ္ဓဘာသာဝင်လူမျိုးများထက် အားနည်းလာသည်ကို တွေ့ရပေသည်။ မိရိုးဖလာဆန်သည်က ပို၍များပေသည်။ ထိုသို့ ယုံကြည်မှုမပါသော မိရိုးဖလာဆန်သော ကိုးကွယ်ဆည်းကပ်မှုကြောင့် အချို့အချို့သော မြို့လူမျိုးများသည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားကြသည်ကို တွေ့လာရပေသည်။

ဤသည်မှာ သူတို့၏ သန္တာန်၌ မြတ်ဗုဒ္ဓ၏ ဓမ္မအပေါ် အသိဉာဏ်နှင့်ယှဉ်သော ယုံကြည်မှုထက် မိရိုးဖလာဆန်သော ယုံကြည်မှု၏ အကျိုးဆက်ကြောင့် ဖြစ်နိုင်ပေသည်။ ယခုအခါ မြို့လူမျိုးကိုးကွယ်ကြသော အဓိကဘာသာများမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများ ဖြစ်ကြပေသည်။ ရိုးရာနတ်ကို ပူဇော်ပသသော အချို့သော မြို့လူမျိုးများလည်း ရှိကြပေသေးသည်။ ။

**တည်ဆောက်ခဲ့စဉ်က မြေအောက် ဌာပနာတိုက်ကို တူးဖော်ကြရာ၌ ခူမီးမျိုးနွယ်စုဝင် မြို့ ခေါ် ခမီးအမျိုးသမီး၏ အဝတ်တန်ဆာကို တွေ့ရသည်ဟူသော အထောက်အထားကို ထောက်ဆ၍လည်း မြို့လူမျိုးတို့၏ ဗုဒ္ဓဘာသာ အပေါ်ယုံကြည်မှုနှင့်ပတ်သက်၍ အတိမ်အနက်ကို မှန်းဆသိနိုင်သလို မြို့လူမျိုးများသည် ရခိုင်ဒေသတွင်းသို့သာမက ချင်းပြည်နယ် ပလက်ဝမြို့နယ် မီးချောင်းဒေသသာမကဘဲ ပလက်ဝမြို့နယ် အထက်ပိုင်းဒေသသို့လည်း ပျံ့နှံ့နေထိုင်လျက်ရှိနှင့်ကြပြီ ဟူသည်ကို ခန့်မှန်းနိုင်ပေသည်။**

***ကျမ်းကိုးစာရင်း***

*၁။ရခိုင်ရာဇဝင်သစ်ကျမ်း၊*
*၂။ဓညဝတီသစ်ကျမ်း၊*
*၃။ရွှေပန်းခိုင်စေတီတော်သမိုင်း၊*
*၄။မြို့တို့အကြောင်း ရှေးဖြစ်ဟောင်း ဆောင်းပါးစု၊*
*၅။မှတ်တမ်းဝင်ဗမာ့အရေးအခင်းများ။*
*၆။ခူမီးမျိုးနွယ်စုဝင်သမိုင်း၊*
*၇။မြို့ဘာသာစကား၏စကားသံကို အသုံးချ သတ္တဗေဒအမြင်နှင့်လေ့လာချက်၊*
*၈။ရခိုင်မဟာမုနိဘုရားသမိုင်း၊*
*၉။မဟာမုနိဘုရားကြီးသမိုင်းတော်သစ်၊*
*၁၀။မြတ်စွာဘုရားရှင်တို့၏ ခရီးဒေသစာ*
*၁၁။ မြန်မာအဘိဓာန်*
*၁၂။ရခိုင်မင်းသမီးချောင်း*
*၁၃။ ဓမ္မပဒအဋ္ဌကထာပအုပ်*

❑

အထူးကဏ္ဍ [ ဃ ] မှ»»»

မြေဖြစ်ရမည်။ စိုက်ပျိုးနည်းမှာ ပင်ထောင်စိုက်နည်း၊ ချုံပုတ်သဏ္ဌာန်စိုက်နည်း၊ ကြိုးတန်းတင်စိုက်နည်း၊ စင်တင် စိုက်နည်းတို့ရှိပါသည်။ တစ်-ကြိုးတန်းတင်စိုက်နည်းမှာ ပင်ကြား× တန်းကြား ၁၀×၈ ပေ ၅၄၄ ပင်နှင့် နှစ်-ကြိုးနှစ်တန်းထား၍ တိုင်အကွာအဝေး ပေ ၃၀ ထားရပေမည်။ အောက်ကြိုးတန်း မြေကြီးမှ နှစ်ပေအကွာ၊ အလယ်ကြိုးတန်း မြေကြီးမှ လေးပေအကွာ၊ တောင်နှင့် မြောက်တန်း၍ စိုက်ရန်ဖြစ်သည်။

စပျစ်ပင်အား စနစ်တကျ စိုက်ပျိုးရန်အတွက် မြေချပြီးနောက် အသန်ဆုံးကိုင်းတစ်ခု ချန်၍ ကျန်ကိုင်းကို သုံးလအကြာတွင် ဖြတ်ရမည်။ အောက်ကြိုးတန်းအထက် သုံးလက်မခန့်ချန်၍ ခေါင်းကိုဖြတ်ရမည်။ ထွက်ပေါ်လာသော ကိုင်းများမှ သုံးကိုင်းချန်၍ ကျန်ကိုင်းကိုဖြတ်ရမည်။ အောက်ကြိုးတန်း နှစ်ဖက် နှစ်ကိုင်း၊ အပေါ်ကြိုးတန်း နှစ်ဖက်



နှစ်ကိုင်း စုစုပေါင်း လေးကိုင်းမွေးရမည်။ သီးကိုင်းများကို အခြေတွင် တစ်ဆစ်သာချန်ပြီး ဖြတ်တောက်ပေးရမည်။ သီးငုတ်များမှ ထွက်လာသော ကိုင်းကို ခုနစ်ဆစ်သာချန်၍ ဖြတ်ပေးရမည်။ တစ်ပင်လျှင် သီးခိုင်ငါးခိုင်သာ ချန်၍ ကျန်သီးခိုင်များကို ဖြတ်ပေးရမည်။ သီးကိုင်းပေါ် ထွက်လာသော ဘေးတက်ကို ဖြတ်ပေးရန် လိုအပ်သည်။ ခေါင်ညွှန့်ကို မဖြတ်ရပါ။ သီးခိုင်မှ ကျပ်ညပ်နေသော သီးလုံးလေးများကို ခြွေပေးရမည်။ စပျစ်တစ်ပင်လျှင် လေးပိဿာမှ ခြောက်ပိဿာ၊ တစ်ဧကလျှင်ပိဿာ ၂၀၀၀-၃၀၀၀ ထွက်ရှိနိုင်သည်။ စိုက်ပြီး တတိယနှစ်တွင် သီးခိုင်၍ ငါး ရာခိုင်နှုန်း၊ စတုတ္ထနှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ပဉ္စမနှစ်တွင် ၅၀ ရာခိုင်နှုန်း၊ ဆဋ္ဌမနှစ်တွင် ၁၀၀ ရာခိုင်နှုန်း အသီးထွက်ရှိသည်။ အခိုင်ကြီး၊ သီးလုံးကြီးပြီး အစေ့နည်းရန်အတွက် (G.A.3) ဟော်မုန်းဆေးသုံးစွဲရန် လိုအပ်ပေသည်။

စပျစ်ပင်ကဲ့သို့ ထောပတ်နှင့် လိမ္မော်ပင်တို့သည်လည်း အေးမြသော ချင်းပြည်နယ်တွင် စိုက်ပျိုးရန် သင့်တော်ပေသည်။ စပျစ်ပင်ကို ဟားခါး၊ ထန်တလန်၊ ဖလမ်းနှင့် အခြားမြို့နယ်များတွင်လည်း စိုက်ပျိုးကြသည်။ စပျစ်စိုက်ပျိုးသော ဦးရာလျှမ်းအနေဖြင့် တစ်နှစ်လျှင် ငွေကျပ်သိန်း ၁၅၀ အမြတ်ရှိကြောင်း ရှင်းပြသည်။ ချင်းပြည်နယ်ရှိ ဒေသခံတောင်သူများသည် ဝင်ငွေရရှိနိုင်သော စပျစ်သီးပင် စိုက်ပျိုးရန် စိတ်ပါဝင်စားလျက်ရှိသည်။ မိသားစုဝင်ငွေ ရရှိနိုင်သည့် စပျစ်ပင်ကို စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

***ကိုးကား***

***ဦးရာလျှမ်းစပျစ်စိုက်ပျိုးရေးခြံ***

***ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန စာစောင်***

# ချင်းပြည်နယ်၏စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် စပျစ်ပင်စိုက်ပျိုးရေး

မင်းလပြည့် (ဟားခါး)



ဟားခါးမြို့ ချင်းပြည်နယ် ဈေးသစ်ရပ်ကွက်နေ ဦးရာလျမ်းနှင့် ဒေါ်ငွန်ဆီး မိသားစုတို့သည် ဟားခါး၌ စပျစ် နှစ်ဧက စိုက်ပျိုးကြသည်။ ဦးရာလျမ်းက စပျစ်ခြံကို သံဆူးကြိုးခတ်ထားပြီး တစ်ပင်နှင့်တစ်ပင်ခုနစ်ပေခွာ၍ အတန်းလိုက် စိုက်ထားသည်။ စပျစ်ပင်ကို စပျစ်ဖတ်၊ နွားချေး၊ ကြက်ချေး၊ အမှိုက်ရော၍ မြေဩဇာစုပုံပေးရသည်။ စပျစ်ပင် ရှင်သန်ကြီးထွားစေရန် တစ်နှစ်လျှင် လေးခါ ခြုံရှင်းရသည်။ တစ်ဦးလျှင်ငွေကျပ် ၆၀၀၀ နှုန်း လူငါးဦးဖြင့် ငါးရက်ခန့် ရှင်းရသည်။ စပျစ်စိုက်ပျိုးသည်မှာ ကိုးနှစ်ကြာခဲ့ပြီဖြစ်သည်။ သူ့ခြံ၌ စပျစ်ပင် ၁၄၀၀ အတွက် မြေရှင်း၊ သံဆူးကြိုးကာ ကျပ်သိန်း ၁၀၀ ရင်းနှီးထားသည်။ နန်းကြိုးကို ငါးချောင်းစီ သွယ်တန်း၍ စပျစ်သီးရန်စီစဉ်ထားသည်။ သူ့ခြံ၌ အပင် ၁၄၀၀ ရှိကြောင်းသိရသည်။

“စပျစ်ကို စင်နဲ့ မစိုက်ဘူးလား”ကျွန်တော်က သူ၏စပျစ်ခြံသို့ရောက်စဉ် မေးကြည့်သည်။ “မစိုက်ဘူး၊ လေဝင်လေထွက်မကောင်းဘူး။ နေရောင်ခြည်မရဘူးဗျ” ဦးရာလျမ်းက ပြောသည်။ စပျစ်ပင်ကို ဖေဖော်ဝါရီလတွင် ခြောက်လက်မအရွယ်ဖြတ်၍ ကိုင်းကို ပလတ်စတစ်အိတ်ထဲထည့်ပြီး ဇွန်လတွင် စိုက်ပျိုးကြောင်း၊ စိုက်ပြီးနှစ်နှစ်ကြာသည်နှင့် နောင်နှစ် မတ်လတွင် အပွင့်ပွင့်ကြောင်း၊ ဇူလိုင်၊ ဩဂုတ်လတွင် အသီးမှည့်ကြောင်းရှင်းပြသည်။ စပျစ်မျိုးမကောင်းပါက ငါးခိုင်ခန့်ထွက်ပြီး မျိုးကောင်းပါက ရှစ်ခိုင်မှ ၁၀ ခိုင်ခန့် ထွက်ရှိကြောင်း သူက ရှင်းပြသည်။ စပျစ်ပင်သုံးနှစ်အရွယ်ရောက်ပါက စပျစ်လှိုင်လှိုင်သီးပေပြီ။ “စပျစ်သီးတွေကို ရောင်းလည်းရောင်းတယ်၊ ဝိုင်လည်းဖောက်ရောင်းတယ်။ ရန်ကုန်မြို့နဲ့ တခြားမြို့နယ်ဘက်ကလည်း လာဝယ်တယ်၊ စပျစ်သီးတစ်ပိဿာကိုငွေကျပ် ၁၅၀၀ ဖြင့် ရောင်းရတယ်” ဟု ၎င်းက ပြောသည်။ ဩဂုတ်လရောက်သည်နှင့် စပျစ်သီးကမှည့်ပေပြီ။ အသီးခူးရသည်။



ပြီးသည်နှင့် သံပုံးထဲထည့်၍ ဒလက်ဖြင့်ကြိတ်မွှေသည်။ စပျစ်သီးများကွဲစေရန်ဖြစ်သည်။ ပြီးနောက် ရေထည့်ကာ ဗန်းထဲသို့ထည့်သည်။ အလုပ်သမား ဒေါ်တင်ကျွေးနှင့် ဒေါ်နွန်ထိုင်းတို့က မမှည့်သော စပျစ်သီးများ၊ ညှာတံများ၊ အဖတ်များကို ဗန်းထဲမှ ဖယ်ရှားနေသည်ကို တွေ့ရသည်။

ပြီးနောက် ဦးရာလျမ်းက စပျစ်ပိဿာချိန် ၁၀၀လျှင် သကြားပိဿာ ၃၀၊ သုံးချိုးတစ်ချိုး သကြားရောသည်။ သမအောင်မွှေပြီး သုံးပေခွဲအရွယ် ပလတ်စတစ်ကော်ပုံးထဲသို့ ထည့်၍ စိမ်သည်။ နှစ်လခန့်ကြာသည်နှင့် စပျစ်အရည်ကြည်များရပေပြီ။ ထိုအရည်ကို ထုတ်၍ စဉ့်အိုးထဲ အလုံပိတ်လှောင်သည်။ ကျန်စပျစ်ဖတ်များကလည်း အချည်းအနှီးမဖြစ် မြေဩဇာကျွေးရာ၌ သုံးရသည်။

စဉ့်အိုးထဲတွင် စိမ်ထားသော စပျစ်စိမ်ရည်များက အနည်းဆုံးခြောက်လရောက်သည်နှင့် စပျစ်ဝိုင်ဖြစ်ပေပြီ၊ တစ်နှစ်ကြာလျှင် အာနိသင် ပိုကောင်းလာသည်။ စပျစ်ဝိုင်တစ်ပုလင်းလျှင် ငွေကျပ် ၃၀၀၀နှင့် ရောင်းရသည်။ စပျစ်က မချိုမချဉ်အရသာမို့ လူကြိုက်များသည်။ လက်ဆောင်ပေးရန် မြေပြန့်ဒေသမှ ဧည့်သည်များက အများဆုံးဝယ်ကြသည်။ ဦးရာလျမ်း၏ စပျစ်ဝိုင်က အကောင်းဆုံးဟု သိရသည်။ စပျစ်စိုက်ပျိုးရန်အတွက် အခြေအနေ သုံးရပ်လိုအပ်ပေသည်။

ရာသီဥတု အပူချိန်မှာ ၄-၂၆ ဒီဂရီစင်တီဂရိတ်နှင့် မိုးရေချိန်မှာ လက်မ ၄၀ အောက်ဖြစ်ရမည်။ မြေအမျိုးအစားမှာ Soil pH-၅-၈ နှင့် အပေါ်ယံမြေသားထူ၍ သဲနုန်းဆန်သော

အထူးကဏ္ဍ [ ဂ ] သို့ »»

# ငှက်ကျီးတောင်ရွက် ကြော်ချက်ဟင်းလျာ

ဈေးထဲမှာဝယ်နေကျ ကုန်စိမ်းရောင်းတဲ့ အစ်မကြီးက ရခိုင်စာလေးတွေ ဝယ်သွားဦးလေလို့ နှုတ်ဆက်လို့ကြည့်လိုက်တော့ ငှက်ကျီးတောင်ရွက်နုအစည်းလေးတွေကို





တွေ့ရတယ်။ ငှက်ကျီးတောင်ပင်တွေက ရေငန်ဝင်တဲ့ ချောင်းစပ်မြောင်းစပ်နေရာတွေမှာ ချုံတွေလိုပေါက်နေတတ်တာပါ။ ရခိုင်ဘက်မှာတော့ ဟင်းလျာအဖြစ် အကြိုက်များကြတယ်။ ရခိုင်ကလာတဲ့ ကုန်စိမ်းတွေမို့ ရခိုင်စာရယ်လို့ ဈေးခေါ်ရောင်းတာဖြစ်ပါတယ်။

ငှက်ကျီးတောင်ရွက်နုကလေးတွေကို ရေနွေးဖျောပြီး အတို့အမြှုပ်အဖြစ် စားကြသလို ပါးပါးလှီးပြီးလည်း သုပ်စားကြပါသေးတယ်။ တချို့က ဟင်းချိုချက်သောက်ကြပြီး တချို့က ဟင်းလျော်လိုမျိုး၊ ကြော်ချက်လိုမျိုး ချက်စားရတာကို ကြိုက်ကြတယ်။ ငှက်ကျီးတောင်ရွက်အရသာက အဖန်ဓာတ်ရှိပြီး ရွက်နုကလေးတွေက အနည်းငယ်ခွဲပါတယ်။ ဒေသထွက်ကုန် သဘာဝအစာတွေဖြစ်လို့ ဘေးဖြစ်စရာဓာတ်ကြွင်းမပါပါလို့ ရောင်းသူအစ်မကြီးက ပြောပါတယ်။

အရွက်ရင့်သွားခဲ့ရင် ငှက်ကျီးတောင်ဆိုတဲ့ နာမည်နဲ့လိုက်အောင် တကယ်ပဲ ငှက်တောင်အကြီးစားတွေနဲ့ တော်တော်လေးကို ဆင်ပါတယ်။ ဘိုကလေးဘက်မှာတော့ မိန်းမလှကျွန်းမှာ ငှက်ကျီးတောင်ပင်တွေ အများအပြားတွေ့ရပြီး မိကျောင်းတွေဥရင် ငှက်ကျီးတောင်ပင်တွေနဲ့ မိကျောင်းဥတဲ့အသိုက်လုပ်ပါတယ်။ မိကျောင်းတွေအသိုက်ဆောက်တာကို ဒေသစကားနဲ့ အသိုက်ကိုက်တယ်လို့ သုံးပါတယ်။

ဘိုကလေးဘက်မှာက မိကျောင်းတွေက ဥချပြီးရင် ငှက်ကျီးတောင်ပင်တွေကို ပါးစပ်နဲ့ကိုက်ပြီး ဥတွေအပေါ်ကို ကောက်ရိုးပုံအငယ်စားလေးတွေလို ဖြစ်အောင်ပုံပြီး အသိုက်လုပ်ကြတာပါ။ ငှက်ကျီးတောင်ပင်တွေက မိုးအခါမှာ အပင်သစ်တွေ သဘာဝအလျောက်ပေါက်ကြတာမို့ ရွက်နုအညွန့်ကလေးတွေကိုခူးပြီး ဟင်းလျာအဖြစ် အတို့အမြှုပ်အဖြစ် စားကြတာပါ။

ငှက်ကျီးတောင်ရွက်နုကလေးတွေကို ကြော်ချက် ချက်မယ်ဆိုရင် အရင့်ပိုင်းတွေကိုဖယ် အနေတော်ဖြတ်ပြီး ရေစင်စင်ဆေးထားပါ။ ဟင်းခတ်အဖြစ်ကတော့ ပုစွန်ဆိတ်လေးတွေကို သုံးပါမယ်။ ချက်ဖို့အသင့်ဖြစ်ပြီဆိုရင်တော့ အိုးတစ်လုံးထဲကို အသင့်လှီးထားတဲ့ ငှက်ကျီးတောင်ရွက်တွေထည့်ပြီး ကြက်သွန်နီတစ်လုံးလောက် ခပ်ကြမ်းကြမ်းလှီးထည့်၊ မျှင်ငါးပိလက်တစ်ကော်နဲ့ ဆား၊ နနွင်း၊ ဟင်းခတ်ပုစွန်ဆိတ်ကလေးတွေနဲ့အတူ ဆီကလေးပါလေကာဆမ်းပြီး မီးဖိုပေါ်တင်ကာ လုံးချက်ပါတယ်။

ဟင်းအိုးအငွေ့တက်ပြီး ဆူသံပေးလာရင် အထက်အောက်နှံ့အောင်မွှေပေးကာ ဟင်းရွက်နူးအောင် ရေလေးနည်းနည်းထည့်ကာ ချက်ပါလေ။ ဟင်းအိုးအငွေ့လှိုင်လာပြီဆိုရင်တော့ အပေါ့အငန်မြည်းပြီး ရေစပ်စပ်အနေမှာ ငရုတ်သီးစိမ်းလေးငါးတောင့်လောက် ထက်ခြမ်းခွဲအုပ်ပြီး မီးဖိုမှချပါ။ ချိုဖန်စပ်အရသာနဲ့အတူ ငရုတ်သီးစိမ်းအနံ့လေးသင်းနေတဲ့ ဟင်းရွက်ကြော်ချက်ရနံ့က ထမင်းဆာစိတ်ကို ယိုဖိတ်လာစေတာအမှန်ပါ။

**စံလွင် (ငါးဦးစီး)**

